www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

အာဃာတကြီး

(တချစ်လုံး၊ ချင်း၊ ဝတ္ထု၊ သစ်)



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၅၊ ဩဂုတ်လ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၄၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃

မိုးစက်ပွင့်

အာဃာတကြိုး / မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၅၂ – စာ ၊ ၁၂ . ၃ × ၁၈ စင်တီ။
(၁) အာဃာတကြိုး


# မိုးစက်ပွင့်

# အာဃာတကြိုး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မိုးထက်စည်သူ . . .

စတီးရောင်ပြောင်လက်နေသော တံခါးရှေ့မှာ ခြေစုံရပ်လိုက်သည်။ ခြံဝန်းကျယ်ကြီးထဲက အိမ်ကြီးကို လှမ်းမျှော်ကြည့်လိုက်တော့ ရဲတိုက်ကြီးအတိုင်းပါပဲ။ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်လိုက်ပြန်လေလျှင် အပြာရောင်ပုဆိုးကွက်စိပ်က ဖြူရော်ရော်ဘက်သို့ လုနေ၏။ အောက်နားစမှာ ပြဲရာလေးတစ်ခုလည်း ထင်နေပြီ။

အကျႌကို ကြည့်ဦးမလား။ စုတ်သလားဆို စုတ်လျှက်ပါ။ အဖြူရောင်ကွက်အကျႌက ဝါကျင်ကျင်ဖြစ်နေပြီး ပခုံးနဲ့လက်မောင်းဆက်က ချုပ်ရိုးပြုတ်နေ၏။ ခေါက်တင်ထားသော အကျႌလက်၏



www.burmeseclassic.com

www.burmeseclassic.com



ကျွမှာလည်း ငြိရာနှင့်၊ လျှာထိုးဦးထုပ်အဖြူရောင်ကလည်း ညစ်ထင်ထင်၊ တစ်ကိုယ်လုံး ရစရာမရှိအောင် စုတ်ပြတ်သပ်နေတဲ့ သူ့ဘောမှာ ရယ်နေတာကလည်း ...

ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်း၊ တီရှပ်အနီရောင် ကန့်လန့်စင်းလေးနှင့် ချစ်တူလေး မိုးထိုက်စည်သူ။ ကျောပိုးအိတ်ကလေးကို လွယ်ပြီး ခပ်ကုတ်ကုတ်ရပ်နေပုံကပင် စမတ်ကျနေ၏။ ဖြူဝင်းသော အသားအရေနှင့် ချောမောခန့်ငြားနေသောကလေးကို ဒီလိုနေရာမျိုး ခေါ်လာရတာ စိတ်တော့မကောင်းပါဘူး။

ဒါပေမဲ့ ...

ကိုယ့်အကြောင်းနဲ့ကိုယ်ပဲလေ။ ကိုယ့်ဝမ်းနာတာ ကိုယ်ပဲ သိတာကို။ ကိုယ်က ဒါဆိုရင် ဟိုဟာမလုပ်ရဲသည့် တူလေးက သူ့အပါးကနေ တစ်ဖဝါးမှမခွာ။ ကိုယ်က လေးစားလောက်အောင်နေလို့ လေးစားခံရတာပဲလေ။ လက်က လူခေါ် ခေါင်းလောင်းလေးဆီသို့ ရောက်သွားလေ၏။ ခဏကြာတော့ အသားမည်းမည်းနှင့် ခပ်ဝဝ လူတစ်ယောက် ပြေးထွက်လာသည်။ တံခါးကို ချက်ချင်းဖွင့်မပေးသေးဘဲ သူတို့တူဝရီးကို ခြေဖျားကနေ ဆံဖျားအထိ စုန်ချေဆန်ချေ ကြည့်ကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"





"ဦးထက်ခေါင်နဲ့ တွေ့ချင်လို့ပါ"

"ဘာကိစ္စ တွေ့ချင်တာလဲ"

"သတင်းစာထဲမှာ ဒရိုင်ဘာ အလိုရှိသည်ဆိုတဲ့ ကြော်ငြာ တွေ့လို့ လာခဲ့တာပါ"

"ဒါဆို မင်းက ဒရိုင်ဘာလုပ်ဖို့ လာခဲ့တာပေါ့"

"ဟုတ်ပါတယ်"

"အဲဒါဆို ခဏစောင့်"

တံခါးကို ဖွင့်မပေးပါဘဲ လူကြီးက အိမ်ဘက်သို့ ပြန်လှည့်ထွက်သွားလေသည်။ စိတ်ရှည်ရှည်ထားပြီး စောင့်ရမှာပဲပေါ့။ စိတ်ရှည်သည်းခံ ဖွဲ့သန်မှုသာလျှင် လိုရာခရီးကို ရောက်နိုင်မှာ မဟုတ်လား။ ခြံစောင့်တောင် ဒီလောက်ထန်နေပါလျှင် အိမ်ရှင်တွေ ဘယ်လောက် မာနကြီးမလဲဆိုတာ မကြာခင် တွေ့ရတော့မှာပေါ့။

ခဏကြာတော့ ...

ခြံစောင့်ဖြစ်ဟန်တူသော လူကြီး ပြန်ရောက်လာပြီး တံခါးဖွင့်ပေးလေသည်။

"လာ ... ဝင်ကြ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေတဲ့ တူဖြစ်သူ၏လက်ကို ဆွဲခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲ၍ . . .

"လာလေ"

"ဟုတ်"

လူဝကြီးက ရှေ့မှ ခပ်သုတ်သုတ် ဦးဆောင်သွားလေသဖြင့် သူတို့နောက်မှ လိုက်လာခဲ့ကြသည်။ ညှိခန်းထဲကိုရောက်တော့ ပါကေးကြမ်းပြင်တွေက နင်းရက်စရာမရှိအောင် ပြောင်လက်နေ၏။ ကိုယ့်ခြေထောက်နှင့် မတန်ဘူးတောင် ထင်မိ၏။ လူဝကြီးက သူတို့ကို ပို့ပေးခဲ့ပြီး ပြန်ထွက်သွားလေလျှင် . . .

"ထိုင်"

"ဟုတ် . . . ဟုတ်ကဲ့ ခင်ဗျာ"

ပထမဆုံး ကြားလိုက်ရတဲ့အသံက ဩဇာသံအပြည့်နှင့် အသံဝါကြီးပါ။ လူရဲ့ဥပတိရုပ်ကလည်း ခန့်ညားပါပေရဲ့။ ထိုင်ဆိုတော့ ဘယ်နေရာမှာ ထိုင်ရမှန်းမသိပေ။ သူများအိမ်ဆိုတော့ နေရာကျယ်သလောက် ထိုင်ဖို့ ကျဉ်းကြုတ်၏။ ဟိုနေရာထိုင်လို့ ကြိုက်ပါ့မလား။ ဒီနေရာထိုင်လို့ ကြိုက်ပါ့မလားပေါ့။ အလုပ်သမားဘဝနှင့် လာရတာဆိုပြီး ကြမ်းပြင်မှာ ထိုင်လိုက်ဖို့ကျတော့ မာနက လက်မခံ။

ထို့ကြောင့် . . .

ဆိုဖာပေါ်မှာပဲ တက်ထိုင်လိုက်၏။ အလုပ်သမားဆိုပြီး





အဆင့်အတန်း ခွဲခြားလို့ ကြမ်းပြင်မှာ ထိုင်ရတဲ့ ခေတ်က ကုန်သွားပြီလေ။

"မောင့်ရင့်နာမည် အရင်ပြောပါ"

"ကျွန်တော့်နာမည်က မိုးထက်စည်သူပါ ခင်ဗျာ၊ သူက ကျွန်တော့်တူလေး မိုးထိုက်စည်သူပါ"

"ဘာလို့ အပိုတွေပြောနေတာလဲ၊ ဒရိုင်ဘာ ဘယ်သူလုပ်မှာလဲ၊ ဒရိုင်ဘာလုပ်မယ့်သူရဲ့နာမည်ကိုပဲ တို့က မေးနေတာ"

အသံမာမာခပ်စွာစွာနှင့် ဝင်ပြောလိုက်သူက ဦးထက်ခေါင်၏ ဇနီး ဒေါ်မျိုးမြင့်မြတ်မာန်ပါ။ နာမည်မှာ မာန်ပါသလို လူကလည်း မာန ဘယ်လောက်ကြီးကြောင်း မျက်လုံးတွေက ဖော်ပြနေ၏။

"ဒရိုင်ဘာလုပ်မှာက ကျွန်တော်ပါ"

"ဒါဆို သူက ဘာလို့ ပါလာတာလဲ"

"ဟို . . . ကျွန်တော်တို့မှာ သွေးအရင်းအချာဆိုလို့ ပြေးကြည့်မှ ဒီတူဝရီးနှစ်ယောက်ပဲ ရှိတာပါ၊ ကျွန်တော့်တူလေးက ဆေးကျောင်းတက်ရမှာမို့လို့၊ အဲဒါ သူ့အတွက် ကျောင်းစရိတ်ရအောင် ကျွန်တော်က ဒရိုင်ဘာဝင်လုပ်တာပါ အန်တီ၊ သူ့ကိုလည်း အားရင် အားတဲ့အချိန် ခိုင်းပါဗျာ၊ နေဖို့ စားဖို့ရရင် လုံလောက်ပါတယ်"

"အို . . . ရှုပ်ရှုပ်ယှက်ယှက်"



www.burmeseclassic.com

www.burmeseclassic.com



"တန်"

ဦးထက်ခေါင် ခေါ်လိုက်တာကိုပဲ ခေါ်မျိုးမြင့်မြတ်မာန်က ကြော့ကြော့ကြည့်နှင့် လှည့်ကြည့်လေသည်။

"ဒီအချိန်မှာ ဒရိုင်ဘာက ရမှကိုဖြစ်မှာလေ၊ မင်းရဲ့သမီးကတော့ ကို လုံးဝမမောင်းရဲတော့ဘူးတဲ့၊ ဒီတစ်ယောက်ကို ပြန်လွှတ်ပြီး နောက်တစ်ယောက် ရှာနေရင် ကြာဦးမှာကွ"

"အဲဒီတော့ ဘာပဲဖြစ်ဖြစ် ရှင်က လက်ခံမယ့်သဘောလား"

"ဒါပဲ ရှိတာလေ"

"သူတို့အကြောင်းကို ဘာမှ ဂဃနဏမသိဘဲနဲ့ တန်းပြီး အလုပ်ခန့်လို့ ဖြစ်မလားရှင့်၊ ရုပ်တွေကို သေသေချာချာကြည့်ဦး"

"ဘာဖြစ်လို့လဲ"

"မင်းသားရုပ်တွေလေ"

ဦးထက်ခေါင် ခုမှပဲ သေသေချာချာကြည့်မိ၏။ ဦးလေးဆိုသူကာပင် အလွန်ဆုံးရှိမှ အသက် ၃၀ ပေါ့။ အသားလတ်ပြီး ဗလကျစ်ကျစ်လစ်လစ်နှင့် တောင့်တောင့်ဖြောင့်ဖြောင့်ပါ။ မျက်ခုံးထူထူနှစ်ဖက်ကလည်း ထင်းလို့ပါပဲ။ လေးထောင့်ဆန်သော မျက်နှာပေါ်မှာ ပိရိသေသပ်သော နှုတ်ခမ်းက တည်ကြည်မှုကို ဖော်ညွှန်းလျက် ဖြောင့်စင်းသောနှာတံနှင့် မျက်ဝန်းတွေက ရဲရင့်ခြင်းတို့နှင့် ပြည့်စုံကာ





ယောက်ျားပီသ၏။

တူလေးကလည်း ကြည့်ဦး ...။

သူ့ဦးလေးနှင့်မတူဘဲ အသားလေးတွေက ဝင်းစိုနုဖတ်နေသည်။ နှုတ်ခမ်းလေးက နီတွေးပြီး မျက်ခုံးမျက်လုံးကစ မိန်းကလေးတစ်ယောက်လို ချောနေတာလေ။ မော်ဒယ်လ်ဘွိုင်းတစ်ယောက်လို သူ့ကျတော့ စမတ်ကျနေ၏။ အဝတ်အစားတွေကသာ နွမ်းခြေစုတ်ပြတ်မနေဘူးဆိုလျှင် တော်ရုံမိန်းကလေးတွေ ပစ်ကျမည့်ရုပ်မျိုးတွေပါ။

"ဒီမှာ ကိုထက်"

"ဟင်"

"ရှင် ဒရိုင်ဘာအလိုရှိတာ သမီးအတွက်ဆိုတာကို သတိရဦးမှပေါ့"

"အင်း ... ခက်တော့ ခက်နေပါပြီ"

"မခက်ပါနဲ့ ဦးရယ်၊ ကျွန်တော်တို့တူဝရီး ဦးရဲ့သမီးနဲ့ ခေါ်ထူး မေးပြောကလွဲရင် မရင်းနှီး့မပတ်သက်အောင် နေပါ့မယ်၊ ကျွန်တော်တို့တဝမှာ အရေးကြီးဆုံးက ကျွန်တော့်တူလေးရဲ့ပညာရေးပါ၊ ကျွန်တော် ဒီအလုပ်ကိုရမှ ဖြစ်မှာမို့လို့ပါ ဦးရယ်"

"ပါးစပ်ကပြောတော့ လွယ်လိုက်တာ၊ တို့က မျက်လုံး



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထောင်ပြီး လိုက်ကြည့်နေနိုင်တာ မဟုတ်ဘူးလေ၊ ကွယ်ရာမှာ ရုန်းနိုင်တတ်သတ်နေတော့ ဘယ်လိုလုပ်မလဲ''

''ဒီလောက်လည်း စိုးရိမ်ကြီးမနေစမ်းပါနဲ့ မာန်ရယ်၊ မင်းသမီးက ဝင်သွင်းထားတဲ့ပုံစံခွက်ထဲမှာ မင်းထက်ပိုတဲ့ မာနမင်းသမီးလေး တော်ရုံလူကို အပေါင်းအသင်းတောင် လုပ်လို့လား မြော်ပါဦး''

ဒါလည်း မှန်သည်။ ချစ်ပိုးအိမ်ဆိုတဲ့ မိန်းကလေးက မာနကခပ်ကြီးကြီး။ ပညာဂုဏ်၊ ဓနဂုဏ်၊ အလှဂုဏ်မောက်တဲ့နေရာမှာ တော်ရုံလူကို သူမနှင့်တန်တယ်လို့မထင်။ ဒရိုင်ဘာတစ်ယောက်ကို မြန်ပြီး ကြွေလောက်တဲ့အထိ ညံ့ပါ့မလား။ ခါတိုင်းတော့ ကားကိုကိုယ်တိုင်မောင်းပေမယ့် အခုက ကားအက်ဆီးဒင့်ဖြစ်ပြီး မမောင်းရဲတော့ဘူးတဲ့။

ဒါကြောင့် . . .

ဒရိုင်ဘာတစ်ယောက် အမြန်ဆုံး ရှာပေးပါတဲ့လေ။ ကြန့်ကြာမှုတွေ ရှိရင်လည်း ရွှေစိတ်တော်က ကောက်ဦးမည်။ ခက်တော့ခက်နေပါပြီလား။

''ကောင်းပြီလေ၊ မင်းတို့ ဒီအိမ်မှာ အလုပ်လုပ်မယ်ဆိုရင် အပြောနဲ့အလုပ် ညီပါစေ''

''စိတ်ချပါ အန်တီ''





''နေဦး . . . ငါ့စကားမဆုံးသေးဘူး''

''ဟုတ်ကဲ့ ပြောပါ''

ဒေါ်မျိုးမြင့်မြတ်မာန်၏အကြည့်က ထိုက်ကိုယ်ပေါ်မှာ ရူးနိုက်သွားလျက် . . .

''တို့က ဒရိုင်ဘာပဲ လိုချင်တာဆိုတော့ လူပိုမထားချင်တာ အမှန်ပဲ''

တူဝရီးနှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီးမှ . . .

''ကျွန်တော်က ဒီတူလေးရဲ့တစ်ဦးတည်းသော ခင်တွယ်ရာ အုပ်ထိန်းသူဆိုတော့ ဘယ်လိုမှ ခွဲထားခဲ့လို့ မရပါဘူး အန်တီ၊ စောစောက ကျွန်တော်ပြောသလိုမှ မဖြစ်ဘူးဆိုရင် ဒီမှာနေရုံလေးပဲ ခွင့်ပြုပေးပါ၊ စားတာတော့ ကျွန်တော့်လစာထဲကနေ ဖဲ့ထုတ်ပြီး ကျွေးလို့ရပါတယ်''

''မဟုတ်တာ မောင် . . . အဲ . . . ဘယ်သူ''

''မိုးထက်စည်သူပါ ခင်ဗျာ၊ မိုးထက်လို့ ခေါ်ရင် ရပါတယ်''

''အေး . . . မောင်မိုးထက်ရဲ့တူလေးကို ပညာပါ ရမီဖြည့်ရာရောက်အောင် ဦးတို့ လက်ခံထားပါ့မယ်၊ သူကတော့ ဝိုင်းလုပ်ဝိုင်းစားပေါ့ကွာ၊ ဟုတ်ပြီလား''

မိုးထက်မျက်နှာ ပြုံးသွားလေသည်။ ဒီအိမ်မှာ အလုပ်ရဖို့က



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးသူအတွက် အမိကမှတ်တိုင်။

"ထွေးရှူးတင်လိုက်တာ ဦးရယ်"

ထွေးရှူးတင်လိုက်တာလို့ပြောပြီး ဆုံစည်းလိုက်ကြတဲ့ ထူးခိုင်နှစ်ယောက်ရဲ့မျက်ဝန်းတွေက အောင်ပြီလို့ လက်မထောင်လိုက်သလိုပါပဲ။

❑❑❑



## အခန်း (၂)

ဟူး ...

အလုပ်သမားတန်းလျှားကိုရောက်တာနှင့် ကျောပိုးအိတ်ကို ပစ်ချပြီး ဒအက်ပြင်းချကာ စိတ်ပျက်လက်ပျက်ထိုင်လိုက်သူက ထိုက်။ မိုးထက်ကလည်း ထိုင်ချရင်း ထိုက်ကိုလှည့်ကြည့်ကာ ...

"သက်ပြင်းတွေ,ဘာတွေ ချလို့ ဒီလောက်ကလေး ရင်ဆိုင်ရတာကို မင်းက နှစ်ပြည်ထောင်မင်းတွေ စစ်ခင်းရသလိုများ မှတ်နေရလား"

"စစ်ခင်းရတာထက် ဆိုးတယ်ထင်တာ"

ပြောလိုက်ပုံကပင် ရှုံ့ရှုံ့မဲ့မဲ့။ မိုးထက် ဟွန့်ခနဲ ရယ်လိုက်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ ဘဝ . . . ထိုက်ရဲ့"

"ဝ,ပဲ ဝ,ပါစေဦး လေးလေးရယ်၊ အသွားကြီးပုံစံက မာနကို ခေါင်စိုက်နေတာပဲ"

"ခေါင်စိုက်ရုံတင်မကဘူး၊ ခေါင်ကို ဖောက်ထွက်ဦးမှာကွ၊ ဒါ အစပဲရှိသေးတာ၊ ဘဝရဲ့အနှစ်သာရအစစ်အမှန်ကို မင်း တွေ့ပြီ မဟုတ်လား၊ သူများလုပ်စာ ထိုင်စားနေတုန်းကတော့ ဘာသံမှ ထွက် မလာဘူး၊ ဘဝအကြောင်း နားလည်အောင် မင်းကို လေ့ကျင့်ပေးရင်းထိ ပြန်ဆွဲချရတာ စိတ်တော့မကောင်းပါဘူး"

"ကျွန်တော် ယောကျ်ားပါ လေးလေးရာ"

လူမမောသေးပေမယ့် စိတ်မောစွာလှဲချပြီး ကျောပိုးအိတ်ကို ခေါင်းအုံးအိပ်လိုက်တဲ့ ထိုက်မျက်နှာလေး မဲ့ခနဲဖြစ်သွားသည်။ ကြမ်း ပေါ်မှာ ကျောချရတာ ဒါ ပထမဦးဆုံးအကြိမ်ပဲကိုး။ ကြမ်းကမာတော့ ကျောနာတာပေါ့။ ကျောနာလို့ စောင်းလိုက်တော့ ဘေးနာတာပါပဲ။ ဒါပေမဲ့ ကျင့်သားရအောင် နှစ်နှစ်ဖျစ်ဖျစ်ပဲ ဆက်လှဲနေလိုက်၏။ ဒီအဖြစ်ကိုမြင်တဲ့ မိုးထက် စိတ်တော့မကောင်းပါဘူး။ စိတ်မကောင်း ပေမယ့် ရင်ဖောင်းအောင် မျိုသိပ်ခဲ့ရတာတွေအတွက် ဒီလောက်တော့ ရင်းရမှာပေါ့။

"ကျွန်တော် ယောကျ်ားပါလို့ ပြောတဲ့အသံကပဲ အခြောက်သံ





ပေါက်နေသေးတယ်"

"အခြောက်သံပေါက်တယ်"

"အေးလေ . . . မင်းအသံက ပျော့တာကိုး"

"ကျွန်တော် ယောကျ်ားပါဗျ"

ထိုက်က လက်သီးလက်မောင်းတန်းပြီး အသံမာမာအော် ပြောလိုက်တော့ . . .

"အဲဒီလိုမှပေါ့ကွ"

"မာရဦးမလား"

"ရပြီ . . . ဒီထက်မာရင် မင်း အာခေါင်ခြစ်အော်မှာ ငါ သိတယ်"

လိုက်လည်း လိုက်ဖက်သည့် တူဝရီးတွေပါ။ မိုးထက်က သူ့ပဲ အဖေ၊ သူ့ပဲ အမေမို့ တူလေးအပေါ်မှာ တင်းသင့်တဲ့နေရာ တင်းသလောက် လျှော့တဲ့နေရာမှာ သူငယ်ချင်းလို ပေါင်းခဲ့သူ။ အသက်ကလည်း ဖအေနဲ့သားလောက်ကွာတာမှ မဟုတ်ပဲလေ။ ဒါကြောင့်ပဲ တူဝရီးနှစ်ယောက် တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်ခဲ့၏။

မိုးထက် . . .

သူ့ကျောပိုးအိတ်ထဲမှ ပုဆိုးတစ်ထည်ကိုထုတ်ပြီး ထိုက်ထံ သို့ ပစ်ပေးလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အောက်က ပုဆိုးခံပြီး အိပ်၊ အဲဒါမှ မင်းကျောနာသက်သာမှာ"

"ရပါတယ် လေးလေးရ၊ ကျင့်သားရအောင်တော့ ဒီလို ဒုက္ခခံရမှာပဲလေ"

"အေး . . . ငါ ခံခဲ့ရတဲ့ဒုက္ခက မင်း အခု ဒုက္ခထက် အဆတစ်ထောင်သာတယ်ဆိုတာ မှတ်ထား"

"ယုံပါတယ် ဂျီမဟုတ်ပါဘူး"

"ဟော့ကောင် . . . ငါ အကောင်းပြောနေတာကို မင်း မဖောက်နဲ့"

"ဖောက်ရအောင် လေးလေးက ပါဆယ်ထုပ်ကြီးမှ မဟုတ်တာ၊ ပစ္စည်းကလည်း . . . နိုင်ငံခြားမှာ အင်ဖြစ်လာသလား မသိဘူး"

"ဟော့ကောင် . . . မင်းနော်"

အဲဒီလိုပြောရင် မိုးထက် နည်းနည်းမှမခံနိုင်ပေ။ သူ ချမ်းသာချင်လို့ နိုင်ငံခြားကို သွားခဲ့တာ မှန်သည်။ အလုပ်ကလွဲလျှင် ဘာမှစိတ်မဝင်စားဘဲ မိန်းမကိစ္စကင်း၏။ သူ ဆင်းရဲသားဘဝကို နာကြည်း၏။

ဆင်းရဲလို့ လူချမ်းသာတွေရဲ့ နှင်းပြားဖြစ်ခံရတဲ့ဘဝကို





ဘယ်တော့ မှမမေ့။ မမေ့လို့ပဲ ဒီအိမ်ကို ဒရိုင်ဘာလုပ်ဖို့ လာခဲ့တာလေ။ သူတို့ဘဝထဲကို ဒုက္ခတွေ၊ သောကတွေ ထည့်ပေးခဲ့တာ ဒီအိမ်က လူတွေ။

မျက်လုံးတစ်လုံးအတွက် မျက်လုံးအစားပြန်လိုချင်သလို ပျက်စီးသွားတဲ့ လူတစ်ယောက်ရဲ့ဘဝအတွက် ဘဝတစ်ခု အစားပြန်ရမှ သူ ကျေနပ်နိုင်မည်။ အညွန့်ကိုချိုးတာ ခံလိုက်ရပြီး ဝေလာတဲ့ အခက်အလက်တွေက သစ်ပင်တစ်ပင်၏ခွန်အားနှင့် ရှိုတက်လာခဲ့တာ တူဝရီးနှစ်ယောက်။

ခင်ဗျား ထမင်းဝအောင် စားထားပေတော့ ဦးထက်ခေါင်။ ထွန်းခေါင်ဆိုတဲ့ ကောင်ကရော ဘယ်ရောက်နေလဲ။ သူ့အစ်မဘဝကို ဖျက်ဆီးခဲ့တာ ဖအေမှန်းမသိ သားမှန်းမသိပေမယ့် သူတို့မှာလည်း ခွေစရာ အညှာနဲ့ပဲလေ။

ဆိုဒ်မတူ ဂိုက်မတူတဲ့ တူဝရီးနှစ်ယောက်ကြားမှာ မာနမင်းသမီးဆိုတဲ့မိန်းမ ဝပ်စင်းခယစေရမည်။ စီမံကိန်းတွေနဲ့ လာခဲ့တာဆိုတော့ အရာအားလုံး ပိရိနေမှု။

"မင်းနော် မလုပ်နဲ့လေ၊ မျက်စိကွယ်ရာ နားကွယ်ရာမှာ လေးလေး ဘာတွေလုပ်ခဲ့လဲ ဘယ်သူသိတာမှတ်လို့"

ထိုက်အသံကိုကြားမှ မိုးထက် စိတ်အာရုံတွေက ကိုယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ပူးကပ်လာ၏။ တူဖြစ်သူကို လက်သီးဆုပ်ကာ ထောင်ပြ လိုက်ပြီး ...

"မင်းတော့ နာတော့မယ်"

"လူတွေက မုန့်တာပြောရှင် မကြိုက်ကြဘူးတဲ့၊ အခု ... ကျွန်တော်ပြောတာကို လေးလေးမကြိုက်ဘူးဆိုတော့ မုန့်နေလို့ပေါ့"

"ဒီမှာ ထေိုက်"

ထိုက်က မချိုမချဉ်ပုံစံနှင့် မေးဆတ်ထူးလေသည်။

"မိုးထက်ဆိုတဲ့ကောင်က ဘယ်နိုင်ငံပဲရောက်ရောက် သန့်သန့်လေးနေတာကွ"

"မြန်မာပြည်ပြန်ရောက်မှ ညစ်ပတ်ဖို့ ကြိုးစားတာပေါ့လေ"

"ဒါကတော့ သူတို့က အရင်ညစ်ပတ်တာကိုးကွ"

ထိုက်က ထထိုင်လိုက်ပြီး ...

"လေးလေး"

"ဘာလဲ"

"ကျွန်တော် တစ်ခုမေးမယ်နော်"

"ဆယ်ခုမေး"





"တကယ်လို့ ဟိုမှာနမင်းသမီးကိုခြွေရင်း ကျွန်တော် ကြွေသွားရင် ဘယ်လိုလုပ်မလဲ"

"ဘာကွ"

ထိုက်စကားကြောင့် မိုးထက် မျက်နှာတည့်သွားသည်။ အဲဒီလို အဖြစ်မခံနိုင်ပါဘူး။ ဒီအခွင့်အရေးကိုရဖို့ သူ နှစ်တွေကြာအောင် စောင့်ခဲ့ရတာ အနားနီးလာမှ ဒေါက်ဖြုတ်တာခံပါ့မလား။ အဲဒီလိုသာ ဖြစ်လာခဲ့လျှင် ထိုက်ကိုသတ်ပြီး သူ ကြိုးစင်တက်ရပါစေ ဝန်လေးမှာ မဟုတ်ပေ။

ကိုယ့်ဘက်က ခံခဲ့ရသလောက် သူတို့ဘက်မှာလည်း မရှုမလှုနှင့် ကျန်ခဲ့ရမှ သူကျေနပ်မည်။

ကံ ကံ၏အကျိုးပဲပေါ့။

ဘုံလုံတစ်လှည့် ငါးပျံတစ်လှည့်ဆိုတာ ရှိသည်ပဲလေ။

"ကျွန်တော်က ဖြစ်တတ်တာကို ပြောပြတာပါ"

"ဖြစ်တတ်တာတွေ ငါ မလိုချင်ဘူး ထိုက်၊ မင်းရဲ့အသားထဲကို ငါ ရိုက်သွင်းပေးခဲ့တာ နာကြည်းဖို့၊ လက်စားချေဖို့ပဲ ထိုက်၊ မင်းပြောသလို မင်းစိတ်ကို မင်း မထိန်းနိုင်ဘူးဆိုရင် ..."

မိုးထက် စကားစကိုဖြတ်ပြီး ထိုက်ကို ခပ်စူးစူးကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောလေ လေးလေး"

"မင်းပြောသလို မင်းဘက်က ကြွေရင် ငါကိုယ်တိုင် မင်းကို သတ်မယ်ဆိုတာ မင်း မှတ်ထားလိုက် ထိုက်"

ထိုက်မျက်နှာချောချောလေး ညှိုသည့်ဘက်ကို ကူးပြောင်း သွားသည်။ အာဃာတတရားတွေ ကြီးမားလိုက်တဲ့ လေးလေးရယ်။

❑ ❑ ❑



## အခန်း (၃)

"ဒရိုင်ဘာဆိုတာ ရှင်လား"

မာဆတ်ဆတ်အသံကြောင့် မိုးထက် ကားရေဆေးနေရင်းမှ လှည့်ကြည့်လိုက်သည်။ မာနမျက်ဝန်းတွေနှင့် ခပ်မိန့်မိန့်ရပ်နေတာ ဦးထက်ခေါင်ရဲ့သမီး ချစ်ပိုးအိမ်အပြင် ဘယ်သူရှိဦးမှာလဲ။ အသက်က နှစ်ဆယ်ဝန်းကျင်လောက်ပဲ ရှိဦးမည်။ ချောသလောက် လှသလောက် သူ့ကို ဆက်ဆံတာ စီးပိုးသည့်အသံနှင့်လေ။ ကိုယ်က သူနဲ့ရွယ်တူ ဟုတ်မှန်း ဒီကောင်မလေး မျက်စိမကာန်းရင် သိနေမှာပဲ မဟုတ်ဘူး လား

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစားရကောင်းမှန်းမသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး။ မင်းတွေ့မယ် တစ်နေ့။

"ဒီမှာ"

"..."

"ရှင် နားပင်းနေသလား"

"မပင်းဘူး ကြားတယ်"

"ကြားရင် မေးတာကို ဖြေပါလား"

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ"

"ဒရိုင်ဘာ ဟုတ်တယ်လို့ ပြောတာ"

"အဲဒါ မေးတုန်းက ချက်ချင်းဖြေပါလား"

"အခုဖြေတော့ရော ဘာဖြစ်သွားနိုင်လို့လဲ"

"တောက် ... ရှင် စကားပြောတာ လူပါးဝလှချေလား"

"မင်းအသံ မပျော့ပျောင်းလို့ ငါ့ဘက်က မညင်သာတာ ဆန်းတာမှ မဟုတ်ဘဲ"

"ဘာရှင့်"

ပိုးအိမ် ဒေါသထွက်သွားလေ၏။ အလုပ်ရှင်က အလုပ်သမားကို ပြန်ပြီး ခယနေရမလိုပါလား။ အလုပ်သမားက ကိုယ့်ကို မာရေကြောရေနဲ့ ဆက်ဆံတာ ခံရတာ ခွေးကိုက်တာထက်ပင် နာ…





ကိုယ့်ထက် အသက်ကြီးပုံပေမယ့် ကိုယ်က အလုပ်ရှင်ပဲလေ။

"နေပါဦး ... ရှင်က ကျွန်မကို ဒီလိုဆက်ဆံနေရအောင် ရှင့်ကိုယ်ရှင် ဘာများထင်နေလဲ"

"ဒရိုင်ဘာလေ"

"ဒရိုင်ဘာဆို ဒရိုင်ဘာလေသံနဲ့ ဆက်ဆံလေ၊ ကျွန်မက ရှင့်အလုပ်ရှင်ဆိုတာ သိရဲ့လား"

"ဒီမှာ"

မိုးထက် ရေပုံးကို ဆောင့်ချလိုက်ပြီး ခါးထောက်၍ ရပ်လိုက်သည်။

"မင်းအမေနဲ့မင်း ငါ ဘယ်သူ့အမိန့်ကို နာခံရမှာလဲ ပြော"

"ဘာ"

"မင်းအမေက ငါ့ကို မင်းနဲ့ ရင်းနှီးပတ်သက်မှာစိုးလို့တဲ့"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့"

ပိုးအိမ်မျက်မှောင်လေး ကြုတ်သွားလေ၏။

"မင်းကို ငါက ပြေလည်အောင်ဆက်ဆံရင် ရင်းနှီးသွားနိုင်နှယ်ရာတွေ ရှိတယ်လေ၊ အဲဒီတော့ ဘယ်တော့မှ မတည့်ကြတောင်းလေပဲ၊ ဒါမှ ငါလည်း အလုပ်မြဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက ကြည့်ဦး။ သူက မတည့်လေ ကောင်းလေဆို တော့ ပိုးအိမ်ကပဲ တည့်အောင် ဖန်တီးရမလိုလို။ ဝေးပါသေးတယ်။ ဖေဖေကလည်း ဒရိုင်ဘာရှားလို့ ဒီလူ့ကိုမှ အလုပ်ပေးရတယ်လို့။ ပိုးအိမ်ကလည်း တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ပြီး ကားမမောင်းရဲ တော့လို့ပါ။

အရင်က ကိုယ့်ဘာသာပဲ မောင်းတာလေ။ အခု သူများ ကားကို နောက်ကနေ ဝင်တိုက်မိလို့ လျော်ရတာက တစ်ခါ။ အက် ဆီးဒင့်ဖြစ်တာလည်း မသေမှ ကံကောင်းမို့ ကြောက်နေတာ ဖြစ်၏။

“ဒီကလည်း ရှင့်လိုလူမျိုးနဲ့ မျက်နှာချင်းဆိုင်ရမှာ မျက်နှာ တောင် သနသေးတယ်၊ မလွှဲသာလို့ဆိုတာ ရှင်သိထား။ ကဲ . . . ကျွန်မ ကျောင်းသွားတော့မယ်”

“အဲဒါဆို ခဏစောင့်ဦး”

“ဘာရှင့်”

“ဒီမှာ ငါ့ကိုယ် ရေတွေစိုနေတာ မင်းမတွေ့ဘူးလား။ အဝတ်လဲဦးမှပေါ့ကွ”

“တောက်”

မိုးထက် တက်ခေါက်သံကို ကျောခိုင်းပြီး တန်းလျားဘက် သို့ ခပ်သုတ်သုတ်ပြန်လျှောက်လာခဲ့သည်။ ပုဆိုးနှင့်အင်္ကျီလဲပြီး ပြန်





ထွက်လာကာ မရွှေချောကို လိုက်ပို့ရာ၌ ကျောင်းရောက်သည်အထိ ဘာစကားတစ်ခွန်းမှ မပြောဖြစ်ကြတော့။

“ဟော . . . မိပိုး လာပြီ”

“ပိုးအိမ်”

ပိုးအိမ်ရဲ့သူငယ်ချင်းနှစ်ယောက်က ပိုးအိမ်အနားသို့ လျှောက် လာပြီး . . .

“နောက်ကျလိုက်တာ မိပိုးရယ်”

“နောက်ကျဆို ဒရိုင်ဘာ အဝတ်လဲတာကို စောင့်နေရလို့ ဟာ့”

“ဟင်”

သရဖီနှင့်ကေသီဝင်းက ကားထဲကို ငုံ့ကြည့်လိုက်စဉ်မှာပဲ ကားက ကွေ့ပြီး ပြန်ထွက်သွားလေသည်။

“ဟဲ့ . . . မိပိုး”

“ဘာလဲ”

“နင့်ဒရိုင်ဘာက ခန့်ခန့်ချောချောကြီးပါလားဟ”

“ဘာ”

“ဟုတ်တယ်ဟ၊ ချောတယ်နော်”

“ဘာချောတာလဲ၊ ဒီလောက် စိတ်ပုပ်တဲ့လူကိုများ”

www.burmeseclassic.com



ပိုးအိမ်က ခပ်ဆောင့်ဆောင့်ပြောပြီး ထွက်သွားလေလျှင် သရဖီနှင့်ကေသီဝင်းက ပြေးလိုက်လေ၏။ ပိုးအိမ်က အဲဒီလို မိန်းကလေးလေ။ တော်ရုံလူကို အဖက်လုပ်တာမှတ်လို့။ ဒရိုင်ဘာဆိုတော့ သေအောင်ချော ဘယ်အရေးလုပ်ပါ့မလဲ။

"မိပိုး"

"မခေါ်နဲ့"

"နင်မကြိုက်ရင် မပြောတော့ပါဘူးဟာ၊ စိတ်တော့ မကောက်နဲ့နော်"

ပိုးအိမ်က လုံးဝလှည့်မကြည့်ဘဲ ရှေ့သို့သာ တလွှားလွှား သွားနေ၏။

"မိပိုး"

"..."

"တို့ ကန်တင်းကို သွားကြမယ်လေ"

"..."

"နင့်ကို သတင်းကောင်းလေးတစ်ခု ပြောပြချင်လို့ဟ"

"ဘာလဲ"

"ကန်တင်းရောက်မှ ပြောမယ်လေ"

"သွားမယ် ... လိုက်ခဲ့နော် သူငယ်ချင်းလေး"





"လာပါဟာ ... လိုက်မှာတယ်"

နှစ်ယောက်ဆွဲခေါ်လေသဖြင့် ပိုးအိမ်ပါလာခဲ့တော့သည်။ တကယ်တော့ ပိုးအိမ်က စိတ်ရင်းလေး မဆိုးပါဘူး။ မိခင်ဖြစ်သူရဲ့ ဟိုလူနဲ့ မပေါင်းနဲ့။ ဒီလူနဲ့ မတွဲရ။ လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်နေရတယ်။ တော်ရုံလူက သမီးလေးနဲ့ တွဲသွားဖို့ မတန်ဘူး။ သမီးလေးကို မေမေတို့က ရွှေလိုဥထားတာ။ သို့လော သို့လောတွေနဲ့ ကျုပ်မတ်တဲ့ပုံစံခွက်ထဲမှာ။

နားရည်ဝ ကြိမ်ဖန်များလာတော့ ...

မိခင်ရဲ့အလိုကျ။ ချစ်ပိုးအိမ်ဆိုတာ မာနမင်းသမီးလေးဖြစ်လာခဲ့သည်။ ဖြစ်ချင်လို့ ဖြစ်လာတဲ့ မာနမင်းသမီးမဟုတ်ဘူးဘဲ ဆိုပါတော့။

"ကဲ ... ပြော နင်တို့ပြောမယ့် သတင်းကောင်းဆိုတာ"

"အေးဆေးပေါ့ မိပိုးရဲ့၊ စားစရာတွေ အရင်မှာပါရစေဦး"

"မှာ ... မှာ"

"ဟဲ ... ဟဲ အူမတောင့်မှ သီလစောင့်နိုင်မှာလေ"

"ဘာဆိုင်လဲ၊ သူများအတင်းတုတ်မှာကိုများ ငါမသိတာ ကျော်လို့"

"ကောင်းသောအတင်းပါဟ"



www.burmeseclassic.com

www.burmeseclassic.com



ပိုးအိမ်မျက်စောင်းထိုးလိုက်ချိန်မှာပဲ ဝိတ်တာလေး ရောက်လာသဖြင့် စားစရာတွေ မှာလိုက်ကြသည်။

"မိပိုး"

"ပြော"

ကေသီက ပိုးအနားသို့ မျက်နှာကို တိုးကပ်လာကာ ...

"ဆေး (၁) က ကင်းလေ အရမ်းချောတာတဲ့ဟ"

ပိုးအိမ် နှာခေါင်းရှုံ့လိုက်ပြီး ...

"နင်ပြောမယ့်သတင်းကောင်းဆိုတာ အဲဒါလား"

"ဟုတ်တယ်"

"အဲဒါ ငါနဲ့ ဘာဆိုင်လဲ"

"ဆေး (၁) ကို ရောက်ဖူးတဲ့ကောင်မတွေက ပြောပြတော့ တစ်ယောက်ကစ တစ်ရာပေါ့ဟာ၊ အခု တို့ကျောင်းက မိန်းကလေး အချို့ ဆေး (၁) ကို ခြေသွားဆန့်နေကြတယ် ပိုးရဲ့"

"အဲဒီအချို့ထဲမှာ ပါချင်လို့လား"

"ဟုတ်တယ် ပိုးရေ၊ ကေသီရောဂါတက်နေတာလေ တက်ဆို အဲဒီကင်းရဲ့သတင်းက မွှေးနေတာကိုး၊ ချောတာမှန်နေတာပဲတဲ့"

"နှာဘူးမတွေ့"





ပိုးအိမ် ပျစ်ပျစ်နှစ်နှစ်ပြောချလိုက်၏။ ချောတယ်ဆိုတာကို စိတ်ဝင်စားသလိုရှိပေမယ့် မိန်းကလေးက သွားကြည့်ရမယ်ဆိုရင် မအောက်လွန်းဘူးလား။ မိန်းကလေးဆိုမှတော့ မိန်းကလေးသိက္ခာကို ထိန်းရမည်လေ။ ပြီးတော့ ပိုးအိမ်ကလည်း ကွင်းမဟုတ်ပေမယ့် အလှထိပ်ခေါင်တင်ဒေဝီတစ်ပါးပါ။

"နင်က ပြောအားရှိတာပေါ့ ပိုးအိမ်ရယ်၊ နင်ကိုယ်တိုင်က လှတာကိုး"

"မိကေနော် ... ရမ်းမလာနဲ့"

"မရမ်းဘူး ... တို့ သွားကြည့်ရအောင်ဟာနော်"

"နိုးပဲ"

"မြင်ဖူးအောင် ကြည့်ရုံလေးပါဟ"

"နင်တို့ဘာသာ သွားပါလား"

"နင်ပါမှ တို့လည်း မျက်နှာပွင့်တာလေ၊ လိုက်ခဲ့ပါ ပိုးအိမ်ရယ် ... နော်"

ကေသီနှင့်သရဖီက ချွဲလေတော့ ပိုးအိမ်က မှုနေသည်။ ကိုယ်ကလည်း ကိုယ့်ဂုဏ်နှင့်ကိုယ်မို့ မာနက မလိုက်ချင်။ ဒါပေမဲ့ စိတ်ကလည်း လိုက်ချင်နေ၏။ ကင်းဆိုတဲ့ကောင် ဘယ်လောက်တောင် ချောပြီး ဘယ်လောက်ထောလဲ သိချင်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



"နင်လိုက်မယ်ဆိုရင် ဒီဝိုင်းကို တို့ရှင်းမှာ မိပိုးရဲ့၊ သရုဖို့ စကားကြောင့် ပိုးအိမ် ပြုံးသွားကာ"

"တကယ်လား"

"တကယ်ပေါ့"

"Ok ဒါဆို Let's go"

ခေါင်းလေးငဲ့ကာ ပြောလိုက်သည့် ပိုးအိမ်ကို မသိမသာ မျက်စောင်းထိုးကုန်ကြ၏။ ပိုးအိမ်က အဲဒီလို ဇီဇာကြောင်တတ်သူပါ။

❑❑❑

## အခန်း (၄)

ထိုက် . . .

သူငယ်ချင်းတွေကို လိုက်ရှာနေတာ ခြေလှမ်းတွေက မာရ သွန်ဝင်နေတဲ့အတိုင်းပါပဲ။ ကိုယ်က နောက်ကျတတ်တာ အမြဲလို ဖြစ်နေတော့ အကောခံရတာလည်း နေ့တိုင်းပါ။ မတတ်နိုင်ဘူးလေ။ ကိုယ်က လိုင်းကားတိုးစီးလာရတာကိုး။ ကားတွေကလည်း ကျပ်ညပ် ပြီး လမ်းပိတ်ဆို့မှုတွေက ရှိနေသည်။

သူ့အဖြစ်ကလည်း ဘယ်စကားပုံနှင့် နှိုင်းရမှန်းပင် မသိ သော့၊ သူများတွေလို ကိုယ်ပိုင်ကားမောင်းပြီး ကျောင်းတက်နိုင်ပါ ချက်နှင့် အကြောင်းကြောင်းတွေကြောင့် စီးရတော့ ဘတ်စ်ကား။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရတော့ အညံ့စား။ စားရတော့ သူများမသထာရေစာ။ ဒီလိုဘဝမျိုးကို စိတ်ပျက်သလို ရှိပေမယ့် ဒီဘဝကပဲ သူတို့အတွက် ခွန်အားတွေဖြစ်စေခဲ့တာပါ။ တစ်ညွန့်ကျိုးခြင်းအတွက် ထပ်ဝေလာတဲ့ အခက်နှစ်ခက်က အင်နှင့်အားနှင့် ဘဝကို ရပ်တည်လာခဲ့တာ အခုဆိုရင် ငှက်အများနားလို့ရမည့်သစ်ပင်က လေးလေးဆိုတဲ့ သစ်ပင်ကြီးပေါ့။ သူ့အရိပ်ကို ခိုရင် ထိုက် သူ့အမိန့်ကို နာခံရမည်သာ။

"အမေ့"

"ဟာ"

"အယ်"

ထောင့်အကွေ့တစ်ခုမှာ ရုတ်တရက် ဘွားခနဲပေါ်လာသော မိန်းကလေးတစ်ဦးက ထိုက်ရဲ့ဖိနပ်ကို တက်နင်းမိလေသဖြင့် ကတ္တီပါဖိနပ်ကလေးက ခြေညှပ်သည့် ညှာတံလေး ပြုတ်ထွက်သွားလေသည်။

"ဆော … ဆောရီးပါနော်"

တောင်းပန်တာကို ပြန်မပြောနိုင်ဘဲ ထိုက်ဖိနပ်ကိုသာ ငုံ့ကောက်လိုက်မိကာ …

"သွားပါပြီ"

"ဟို … တောင်းပန်ပါတယ်နော်၊ ဒီက မကျေနပ်ရင် အစားပြန်ဝယ်ပေးပါ့မယ်"





"မလိုဘူး ရတယ်"

"မဟုတ်တာ … မင်း ဒီမှာ ခဏနေခဲ့လေ၊ တို့ ဖိနပ်အစားသွားဝယ်ပေးပါ့မယ်"

"ဒီမှာ"

"ဟင်"

"မလိုဘူးဆိုမှတော့ မလိုချင်လို့ပေါ့ဗျ။ ခင်ဗျားတို့ သွားစရာရှိတဲ့လမ်းကိုသာ ဖြောင့်ဖြောင့်သွား"

"တို့က မင်းဖိနပ်ကို တက်နင်းမိတာဆိုတော့ တို့ အပြစ်ကောင်းလို့ ပြောတာပါ"

"တမင် တက်နင်းတာ မဟုတ်ဘူးဆိုတာ သေချာလား"

"ဟင်"

မျက်နှာတည်တည်နှင့် မေးလိုက်တော့ သရဖီ ဘာပြောရမှန်းမသိ မျက်လုံးလေး ဝိုင်းသွားသည်။ တမင်တက်နင်းလိုက်တာက အမှန်ပဲလေ။ လုပ်တုန်းကလုပ်ပြီး မဖြေရှင်းတတ်တော့။ ဒါကို ပိုးအိမ်က မခံနိုင်စွာ။

"သရဖီ"

"ဟင်"

"ပွင့်ပွင့်လင်းလင်းပေါ့ဟာ၊ တမင်တက်နင်းတာလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ"

"ဟာ ... ပိုးအိမ်ကလည်း"

"ဘာမှဟာမနေနဲ့၊ ဒီလောက် သံသယမျက်လုံးတွေနဲ့ ကြည့်နေတာကို၊ မဟုတ်ဘူးဆိုလည်း ယုံမှာမဟုတ်ဘူးဆိုတာ ပြန် မေးကြည့်စရာမလိုဘူး"

"ဝန်မခံလည်း ထင်ပြီးသားပါ"

"ထင်စရာမလိုဘူး၊ အမြင်နဲ့ ပြောလိုက်၊ မင်းဖိနပ်ကို တက် နင်းတာ သူမဟုတ်ဘူး ငါပဲ၊ မင်းက ကင်းဆိုလို့ အဆိပ်ဘယ်လောက် ပြင်းလဲ သိချင်လို့ တမင်လုပ်လိုက်တာ ... ရှင်းလား"

"ဘာဗျ"

ထိုက် ကိုင်ထားတဲ့ ဖိနပ်ပြတ်ကို အောက်သို့ပစ်ချလိုက်တာ ဒေါသနှင့်ပါ။ ကိုယ့်ဘက်က မိန်းကလေးတွေနှင့် တတ်နိုင်သလောက် ကင်းအောင်နေပါလျက်နှင့် သူတို့ကပဲ လာငြိအောင်လုပ်။ ပြီးတော့ သူတို့ပဲ မခံချင်အောင်ပြော။ ဒီက ပြန်ပြောတော့ ဒီကောင်အလွန် ဖြစ်ပြီး သူတို့ပဲ ဒေါသဖြစ်ကြပြန်ရောလေ။

"ဒီမှာ"

"ဘာလဲ"

"ခင်ဗျားတို့ကလည်း စသေးရဲ့၊ ပြီးတော့ ခင်ဗျား





ဖွာတာတာ ကက်ကက်လန်နေတာနော်"

"နင်ကရော ကင်းဆိုပြီး ဘဝင်လေဟပ်နေတာမဟုတ် လား"

"ကျွန်တော် ဘဝင်လေဟပ်တော့ရော ဘယ်သူ့ကို ထိခိုက် လို့လဲ"

"တော်ပါတော့ ပိုးအိမ်ရယ်၊ လာပါ ... တို့ ပြန်ရအောင် နော်"

သရဖီနှင့်ကေသီက ပိုးအိမ် နောက်ထပ် ဘာမှမပြောနိုင် အောင် လက်ဆွဲကာ အတင်းပြန်ခေါ်လေ၏။ ပိုးအိမ်က လက်ကို ရုန်းပြီး ပြောချင်တာ ပြောဖို့ ပြန်လှည့်လိုက်စဉ် ...

"ဟင်"

ထိုက်က ထွက်သွားပြီမို့ ပိုးအိမ် မကျေမနပ်နှင့်ပဲ ကျန်ခဲ့ ရလေ။

"တောက်"

"ကဲ ... လာပါ ပိုးအိမ်ရယ်"

"နင်တို့ တော်တော် အ,ပါလား၊ နင်တို့လုပ်တာနဲ့ ဟိုက များပြီ ငါ့ဒေါသကို ဘယ်လိုချေပမလဲ ပြော"

"သရဖီကိုသာ စိတ်ရှိလက်ရှိ ထုချလိုက်တော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမ်"

ကေသီက ပြောပြီး ရေ့မှ ထွက်သွားလေ၏။ ပိုးအိမ်ကလည်း ဒေါ်သတွေနှင့် မတင်မကျဖြစ်ကာ ခြေဆောင့်၍ လိုက်သွားလေလျှင် ရပ်ကျန်ခဲ့တာ သရဖီတစ်ယောက်တည်းရယ်။ သရဖီ သူပစ်ချခဲ့သည့် ဖိနပ်အပြတ်ကလေးကို ကောက်ယူပြီး လွယ်အိတ်ထဲသို့ ထည့်လိုက်မိသည်။ သူငယ်ချင်းတွေ မမြင်အောင် ဝှက်ထားမှ။

အင်း . . .

သရဖီ ဘာတွေလုပ်နေမိပါလိမ့်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က လွန်သွားတာပဲလေ။ ဖိနပ်အစားပြန်ပေးဖို့တော့ ထိုက်တာပေါ့။

ထိုက်သည်လည်း . . .

အဝေးရောက်မှ နောက်ကြောင်းတစ်ချက်ပြန်ငဲ့ကြည့်ကာ ယခုံးကို တွန့်ပြီး လိုရာခရီးကို ဆက်ခဲ့တော့၏။ သူငယ်ချင်းတွေနှင့် တွေ့တာနှင့်။

"ဟာ . . . ထိုက်"

"ဘယ်အဖြစ် နွယ်ရစ်လာတာလဲ သူငယ်ချင်းရာ"

သူ့ခြေထောက်ဖွေးဖွေးက ကတ္တီပါအနက်ရောင်နှင့်ဆိုလျှင် အမြဲတမ်း ထင်းနေတာမို့ အခု ဖိနပ်မပါတာကို ချက်ချင်းမြင်တွေ့ သိကုန်ကြတာ မဆန်းပေ။ သူငယ်ချင်းတွေက သူ့ခြေထောက်ကို ငုံ့ကြည့်ပြီး မေးကုန်ပြီ။

"ဖိနပ်က ဘယ်ကျန်ခဲ့တာလဲ"

"ပြောကိုမပြောချင်တော့ဘူး"

"အေး . . . မပြောနဲ့"

"ဘာမပြောနဲ့လဲ၊ သိချင်လို့ မေးနေတာလေ၊ ဘယ်လိုဖြစ်ပြီး ခြေဗလာဖြစ်လာတာလဲ ပြောပါဦး"

"ပြတ်သွားလို့"

"ဟေ . . . မင်းဖိနပ်ဝယ်တာ ဆယ်ရက်တောင် မပြည့်သေးဘူး မဟုတ်လား"

"ဟုတ်တယ်၊ အခု ပြတ်သွားတာက သူများတက်နင်းလို့"

"ဟေ"

"အဟမ်း"

ထူးအောင်နှင့်နန္ဒ အကြည့်ချင်းဆုံကြပြီး ချောင်းဟန့်တာက အဓိပ္ပါယ်အထွေထွေနှင့်ပါ။

"ဘာ . . . အဟမ်းလဲ"

"မင်းဖိနပ်ကို တက်နင်းလိုက်တာ မိန်းကလေးမှ ဟုတ်ပါလေစ"

"အစစ်ပေါ့၊ တစ်ယောက်က တကယ့်ရွာတေးလေးနဲ့ပဲ"

www.burmeseclassic.com



"ဩော်"

"ငါ့ကိုများ ပြောသွားလိုက်တာ၊ မင်းက ကင်းဆိုလို့ အဆိပ် ဘယ်လောက်ပြင်းလဲ သိချင်လို့ တမင်လုပ်လိုက်တာတဲ့"

"ဟား ဟား ဟား"

ထိုက် မဲ့ကာရွဲ့ကာနှင့် ပြောလေတော့ နန္ဒက ရယ်လေသည်။ ဒီကောင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လေ၊ မိန်းကလေးတွေက သူ့ကို ပတ်သက်ဖို့ ကြိုးစားတာတောင် မိန်းကလေးဆို ရှောင်ကြဉ်ပါ၏တဲ့။ သူ့မှာ လရှည်စီမံကိန်းဆိုလား၊ နှစ်ရှည်စီမံကိန်းဆိုလား ဆွဲထားတာ ရှိသည်လို့လည်း ပြော၏။

ဂဃနဏသိချင်လို့ မေးတိုင်း ဝေ့လည်ကြောင်ပတ်နှင့် သေသေချာချာမဖြေ။ မိန်းကလေးတွေကို ရှောင်ချင်ပါတယ်ဆိုတဲ့ကောင် . . . ခုတော့ တည့်တည့်တိုးခဲ့ပြီပေါ့။

"မင်းက နွားပြာကြီးအောက်သွားမရှိုပုံစံနဲ့ ဘာဖြစ်တာလဲ"

"အဟေး . . . မိန်းကလေးတွေနဲ့ မပတ်သက်ချင်ဘူးလို့ ပြောတဲ့ မင်းလေ"

"အဲဒါ ဘာဖြစ်လဲ"

"အခု ပတ်သက်ခဲ့ရပြီ မဟုတ်လား"

"ဘာမှမပတ်သက်ဘူး ဟေ့ကောင်၊ သူတို့ကောလို့ ငါလည်း





ပြန်ဖဲ့ခဲ့တာ"

"ဖြစ်ပျက်ခဲ့ပုံလေး ပြောပြပါဦး ထိုက်ရ"

ထူးအောင်က ပခုံးကိုပုတ်၍ မေးလေသဖြင့် ပြောချင်လွန်းလို့ ပါးစပ်ယားနေသည့် ထိုက်ကလည်း အလုံးစုံ ပြောပြလေသည်။ သူငယ်ချင်းတွေက ခေါင်းတညိတ်ညိတ် နားထောင်ရင်း ထိုက်စကားအဆုံးမှာတော့ နန္ဒက . . .

"အဲဒါဆို သေချာတယ်"

"ဘာသေချာတာလဲ"

"အဲဒီအထဲက တစ်ယောက်၊ ခုလောက်ဆို မင်းရဲ့ဖိနပ်ကို ဆောက်သွားလောက်ပြီ"

"ဖိနပ်ပြတ်ကြီးကို သူတို့က ဘာလုပ်ဖို့ ကောက်မှာလဲကွ"

ထိုက်ကတော့ သဘောရိုးနှင့် ပြောလိုက်တာပါ။ ထူးအောင်က ဖောက်ပြီး . . .

"ဖုတ်စားချင် စားမှာပေါ့"

"ခွေးကောင်"

ရယ်သံတွေ ခွီးခနဲ ထွက်လာလေ၏။ ထူးအောင်က ပရချက်တသမားမို့ ရယ်စရာပြောပေမယ့် နန္ဒက အရာရာတိုင်းကို ကြိုတွေးတတ်သူပီပီ ဖြစ်နိုင်ချေရှိလာနိုင်တာတွေကို စဉ်းစားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ကိစ္စက ဒီနေရာမှာတင် ပြီးပြတ်ပုံမလား။ သူတွေးတာတွေ မှန်ရင် ထိုက်နဲ့ ကောင်မလေးသုံးယောက်ထဲက တစ်ယောက်ယောက်က ထပ်ပတ်သက်ဖို့ ရှိလာဦးမည်ထင်၏။ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ်ဆိုတော့ ...

"မင်း အဲဒီဖိနပ်နဲ့ ပတ်သက်ပြီး အဲဒီအထဲက တစ်ယောက်နဲ့ ထပ်ပတ်သက်ဖို့တွေ ငါ မြင်နေတယ် ထိုက်"

❑ ❑ ❑



## အခန်း (၅)

"နာမည်က ဘယ်သူ"

"မြသားရောင်ပါ"

ဖြေသံက မပွင့်တပွင့်ရယ်ပါ။ အိမ်ရှင်တွေကို ကြောက်တာရယ်။ ပင်ကိုက နူးညံ့သိမ်မွေ့ခြင်းရယ်ကြောင့် အသံက တိုးနေတာပါ။ နူးညံ့သိမ်မွေ့တယ်ဆိုတာကို မပြောဘဲလည်း သူမပုံစံလေးကို ကြည့်ရုံနှင့် သိသာလှပါသည်။ မျက်လွှာလေးချထားတော့ မျက်တောင်လေးတွေက ကော့စင်းနေ၏။ ဒါသည် ဘာကိရိယာမှ မသုံး။ ဘယ်အကျ အညီမှမပါတာ သေချာသည်။

မျက်ခုံးနက်နက်ကလေးတွေက လခြမ်းသဏ္ဍာန် ရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



နှာတံစင်းစင်းလေးအောက်မှာ နှုတ်ခမ်းလွှာလေးက နှင်းဆီငုံလေး သဖွယ် စိုလဲ့နေ၏။ ဆံပင်တွေကလည်း သူမထိုင်နေသည့် တင်ပါး ဘေးမှာ ပုံကျနေတာ အုပ်အုပ်ခဲခဲပါ။ အင်္ကျီက စပန့်သားပျော့ပျော့ အပွင့်အခက်တွေပါ ညိုညစ်ညစ်ကလေးက သူမကိုယ်ပေါ်မှာတော့ လှပနေ၏။

ထဘီက အနက်ရောင်ကို ဝတ်ထားလေတော့ ခြေဖမိုး ဖြူဖြူလေးက အထင်းသားပါပဲ။ ယဉ်သကို ခင်ပျိုနှမရယ်ဆိုပြီး သီချင်းစပ်ဆိုကြတာ မြသားရောင်၏အလှမျိုးပဲ ဖြစ်လိမ့်မည်။

ဒေါ်မျိုးမြင့်မြတ်မာန် ...

ကောင်မလေးကို အသေးစိတ် အကဲခတ်လိုက်ပြီး ...

"နာမည်နဲ့လူက လိုက်ဖက်ပါတယ်"

ဒီအိမ်က အချောအလှတွေ စုဝေးရာ ဒေသဖြစ်နေပြီလား လို့လည်း တွေးဖြစ်လိုက်သေး၏။

"ဆက်ပြောလေ ဝါသနာပါရင် မင်းသမီးလုပ်လို့ ရတယ် လို့"

"ရှင် ဝင်မပါပါနဲ့"

ဒေါ်မျိုးမြင့်မြတ်မာန် တစ်ချက်ဟောက်လိုက်တာနှင့် ဦးထက် ခေါင် ငြိမ်သက်သွားလေသည်။ ဒါကိုကြည့်ပြီး ဦးထွဋ်ခေါင်





ပြုံးလိုက်၏။ အင်း ... ဦးတပ်ခေါ်လို့ လိုက်ဖက်ဦးမည်တော့မထင်။ ထွဋ်ခေါင်က အသက်လေးဆယ်ဝန်းကျင်ပေမယ့် ၁၆ နှစ်သားလေး လို အမြဲတမ်း နုပျိုလန်းဆန်းနေသူ။ အခုထိ မိန်းမမယူသေးတဲ့ လူပျိုကြီးပေါ့။

ယရစ်နဲ့ပြုံးပြီး အင်ဖြစ်နေတာကိုတော့ လူတိုင်းမှ မသိကြ ပဲလေ။

"လဲ့ရည်"

"ရှင် ... မမကြီး"

"ငါက မကောင်းရာ မကောင်းကြောင်းအနေနဲ့ နင်တို့ကို ဒီအိမ် မှာ နေခွင့်ပြုမှာနော်"

"ဟုတ်ကဲ့ ... အဲဒီအတွက် မမကြီးကို လဲ့ရည် ကျေးဇူး တင်ပါတယ်၊ လဲ့ရည်တို့တူဝရီးကို မမကြီး ကြိုက်တာခိုင်းပါ၊ ဘာ သစာမှ ပေးစရာမလိုပါဘူး။ လဲ့ရည်တို့နေဖို့နဲ့ စားဖို့ရရင် လုံလောက် ပါတယ် မမကြီး"

ဒေါ်မျိုးမြင့်မြတ်မာန် လွန့်ခနဲ ပြုံးလိုက်၏။ မျက်ဖြူဆိုက် လေ ဆရာကြိုက်လေဆိုတာမျိုးပေါ့။ ဒီလို လူဝင်စားတွေပေါ်လေ သူက ကြိုက်လေ။ ပိုက်ဆံပေးစရာမလိုတဲ့ အလုပ်သမား ရောက်လာ မှတော့ ပိုက်ဆံပေးခိုင်းရတဲ့သူတွေကို အလုပ်ထုတ်ပစ်လိုက်ရုံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ တွေဝေနေလည်း ဒီလိုပါပဲ။ ဒရိုင်ဘာကို လစာပေးရပေမယ့် ကောင်လေးကို ထမင်းကျွေးရုံနှင့် ဗာဟီရ ကြိုက်တာခိုင်းလို့ရသည် လေ။

"ငါ တစ်ခုတော့ ကြုံမှာထားမယ်နော် လဲ့ရည်"

"ဟုတ်ကဲ့ ပြောပါ မမကြီး"

"ဒီတစ်ခါ ငါ ဘာရှုပ်ရှုပ်ယှက်ယှက်အသံမှ မကြားချင်ဘူး ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ"

ရှုပ်ရှုပ်ယှက်ယှက်ဆိုသောစကားကြောင့် ထွဋ်ခေါင် ကျောခ လုံဖြစ်သွား၏။ ဟိုတုန်းကဆိုတဲ့အချိန်တွေတုန်းက ရှုပ်ခဲ့တာက သူ လေ။

ခုလည်း ရှင်းပြီလားဆိုတော့ မဟုတ်။ ဟိုတုန်းကဆို အပြင် မှာလည်း ရှုပ်၊ အတွင်းမှာလည်း မရှင်းသူ၊ အိမ်ဖော်ဆို ချောမှလူမှ အလုပ်ခန့်တာဖြစ်၏။ မအေလုပ်သူကလည်း သားအလိုကျပါပဲ။

နောက်တော့ ...

အရှုပ်လွန်ပြီး ရှင်းမရတွေဖြစ်မှ အိမ်ဖော်မခေါ်ထားတော့ တာ ဖြစ်သည်။ လဲ့ရည်နန္ဒာဆိုတာလည်း ထွဋ်ခေါင်တို့အိမ်မှာ အိမ် ဖော်လုပ်ခဲ့ဖူးတော့ ...





"မြသားရှောင်"

"ရှင်"

"မင်းလည်း နေတာထိုင်တာ သိမ်မွေ့ကျစ်လျစ်ပါစေ၊ ဒီအိမ် က လူတွေနဲ့ ရောရောယှက်ယှက် ပရောပရီနေတာ ငါ မကြိုက် ဘူးနော်"

"ဟုတ်ကဲ့ပါ ကြီးမေ"

"မင်းစကားကို ဆင်ခြင်ပြီး ပြောစမ်း မာန်၊ မင်းစကားက ရှင်းမရှင်းနဲ့ သူများတွေသိက္ခာကို စော်ကားနေသလိုပဲ"

"ညောင်မြစ်ကိုဖော်ရင် ပုတ်သင်ဥပါ ပေါ်သွားမယ်နော် ကိုထက်၊ မပေါ်စေချင်ရင် ရှင့်ပါးစပ်ကို ပိတ်ထား"

ဦးထက်ခေါင် သက်ပြင်းချလိုက်မိ၏။ ပြီးခဲ့တဲ့ကာလက အတိတ်ဆိုးတို့သည် အခုထိ အရိပ်လို ကပ်ပါနေဆဲပါလား။ ခပ်ရှုပ်ရှုပ် သားအဖနှစ်ယောက်ကြားမှာ ဘဝပျက်ခဲ့ရသူက နန်းထိုက်သဖင်ဆို တဲ့ မိန်းကလေးတစ်ယောက်ပါ။

မဖုံးနိုင်မဖိနိုင်ဖြစ်လာတာတောင် အရှက်ကြီးတတ်သူပီပီ ဘာယက်ရှင်က ဘယ်သူပါလို့ ဖွင့်မပြောဘဲ အိမ်ရှင်က နှင်ချခြင်း ခံရသူ။

ဖြစ်လာသမျှကို ရင်စည်းခံရင်း နောက်တော့ ဆုံးသွားသည်



www.burmeseclassic.com

www.burmeseclassic.com



လို့ သတင်းသဲ့သဲ့ကြားခဲ့ရသည်။ စိတ်မကောင်းပေမယ့် ဘာတတ်နိုင်မှာလဲ။ သတ္တဝါတစ်ခု ကံတစ်ခုပဲပေါ့။

"တူမလေးအတွက် စိတ်ချပါ မမကြီး။ မြသားလေးကဘိုင်းကောင်းကျောက်ဖိနေတတ်တဲ့ မိန်းကလေးပါ"

"ငါကလည်း ညည်းတုန်းကလို ဖြစ်မှာစိုးလို့ သတိပေးနေရတာပါအေ"

"မဖြစ်စေရပါဘူး မမကြီး။ လဲ့ရည် ကတိပေးပါတယ်"

"အေး ... ကတိမတည်လို့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်လာရင် ငါ့အကြောင်းကို ညည်းသိတယ်နော်"

"သိ ... သိပါတယ်"

"သိရင် ... သွားလို့ရပြီ"

လဲ့ရည် တူမလေးလက်ကိုဆွဲ၍ ထသွားဖို့ ပြင်လေလျှင် ...

"ဩော် ... နေဦး"

ကြွရုံပဲ ရှိသေးသည့် တင်ပါးတွေက ပြန်ကျသွားကြသည်။

"ကလေးမလေးက ကျောင်းနေသေးလား"

"ရှစ်တန်းနှစ်မှာ စားဝတ်နေရေး ကျပ်တည်းလွန်းလို့ ကျောင်းထုတ်လိုက်ရပါတယ် မမကြီး"





"အေး ... ဒါဆိုလည်း ပြီးတာပဲ၊ ဟိုကောင်လို ဆယ်တန်းအောင်ပြီးသားမို့လို့၊ ကျောင်းဆက်တက်ချင်လို့ ဆိုတာတွေ ရှိလာမှာစိုးလို့ မေးတာပါ"

"မရှိပါဘူး မမကြီးရယ်"

"ဒါဆိုလည်း သွားတော့"

ထွန်းမြခေါင် ထွက်သွားတဲ့ မြသားရောင်ကို လိုက်ငေးနေမိ၏။

ဆံနွယ်ရှည်ကြီးတွေ တစ်ထွေးတစ်မနှင့် မဟာဆန်စွာ လှနေသူလေး။ ခန္ဓာကိုယ်ကောက်ကြောင်းတွေက အချိုးအဆစ်ကျနေပုံမှာ စွင့်စွင့်ငှားငှား ဖွင့်ဖွင့်ထွားထွားပါ။

"ဟဲ့ ... ထွန်းမြ"

"ဗျာ"

"မျက်တောင်လေး ဘာလေးလည်း ခတ်ပါဦး"

"ဟာ ... မေမေကလည်း"

"နင့်အကြောင်း ငါသိတယ်နော် ထွန်းမြ၊ အေး ... သားအောက်က ဆံရင်းမြှုနေတာ အားနာဦး။ နင့်အသက် မငယ်တော့ဘူး။ ဟိုစိတ် ဒီစိတ်တွေ လျှော့ဖို့ကောင်းပြီ"

"မေမေကလည်း ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ထွန့်ခေါင် မျက်နှာရဲရဲနှင့် ထ,သွားလေတော့၏။ မိခင်ဖြစ်သူက သူ့သားအကြောင်း မသိဘဲနေပါ့မလား။

❑❑❑



## အခန်း (၆)

မြသားရောင် . . .

ဒရိုင်ဘာတူဝရီးကို ထမင်းစားဖို့ သွားခေါ်ချေလို့ ဒေါ်လေး ခိုင်းတာနှင့် တန်းလျားဘက်သို့ ထွက်လာခဲ့သည်။ သွားရင်း လာရင်း ဆုံမိတာတွေ ရှိပေမယ့် တစ်ခါမျှတော့ ထိုတူဝရီးနှင့် စကားမပြော ဖြစ်သေးပေ။ တန်းလျားရှေ့ကိုရောက်တော့ ခဏရပ်ကြည့်နေပြီးမှ

"အစ်ကိုမိုးထက် . . . အစ်ကိုမိုးထက်"

အပြင်က ခေါ်သံကြားပြီး ထွက်လာသူက ထိုက်ပါ။

"အစ်ကိုမိုးထက်"

"ဪ . . . မမ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမိုးထက်ရော"

"လေးလေး ရေချိုးနေတယ် မမရဲ့၊ ဘာခိုင်းစရာရှိလို့လဲ မသိဘူး၊ လေးလေးကိုယ်စား ကျွန်တော် လုပ်ပေးပါ့မယ် မမ"

"ခိုင်းစရာရှိလို့ မဟုတ်ဘူး ထိုက်ရဲ့၊ ထမင်းစားဖို့ လာခေါ်တာပါ"

"လေးလေးတစ်ယောက်တည်းကို ခေါ်တာလား၊ ကျွန်တော် မပါဘူးလား မမ"

ထိုက်က အူကြောင်ကြောင်မေးလေသဖြင့် မြသားရောင် အိုးတိုးအတ ဖြစ်သွားသည်။ ပြီးမှ ...

"နှစ်ယောက်စလုံးကို ခေါ်တာလေ"

ပြုံးကြောင်ကြောင်လေးနှင့် ဖြေတော့ ထိုက် ပြုံးစိစိဖြစ်သွား၏။ စလို့စမှန်းလည်း မသိပါလား။ ထိုက် မမမြသားရောင်ကို ရင်းရင်းနှီးနှီး စကားမပြောဖူးသေးပေမယ့် ခင်ပါသည်။ သူကလည်း သူ့အလုပ်နဲ့သူ။ ကိုယ်တွေကလည်း ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မြင်ရုံသာ မြင်နေကြပြီး စကားမပြောဖြစ်ကြသေးပေ။ အိမ်ရှင်တွေက ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ဘူးလို့ ပြောထားတာကိုး။

သူဌေးသမီးဆိုရင် ...

ဒီအိမ်ကိုရောက်လာတဲ့ကာလမှာ ထိုက် တစ်ခါမှ မမြင်ဖူး





သေးချေ။ ဂိုန်းတွေ ကြီးနေတာလေ။ ထိုက်က ဆေးတက်နေရတာဆိုတော့ စာအုပ်နှင့်မျက်နှာ ခွာသည်မရှိတာက တစ်ကြောင်း။ သူဌေးသမီးကလည်း ခြံထဲဆင်းတာ ဘာညာမရှိ။ ထိုက်က ဆယ်ကွေ့တစ်ခွေ့မှ အိမ်ထဲကို ဝင်ခွင့်ရသူ။ ဝင်ရတဲ့အခါတိုင်းလည်း သူဌေးသမီးကို အရိပ်အရောင်ပင် မတွေ့ရတော့၊ တစ်ခါတလေ အခန်းအောင်းပြီး သူ့အခန်းထဲဝင် မျက်စိလည်နေသလားပင် တွေးမိ၏။

"ကြီးမေက အမိန့်ချထားတယ်၊ ဒီနေ့ကစပြီး တို့တူဝရီးနဲ့ ခင်းတို့တူဝရီး ထမင်းအတူတူစားရမယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ အကွဲကွဲ အပြားပြားစားရင် အလုပ်လည်းရှုပ် နောက်ကျတဲ့သူအတွက်လည်း မလောက်မငှဖြစ်မှာစိုးလို့တဲ့"

"ဪ"

ဪ ... ဆိုပြီး ထိုက်က နောက်သို့ သမင်လည်ပြန်ကြည့်တာ ...

"လေးလေးရေ"

"ဟေ"

"ဒီမှာ မမမြသားရောင် ထမင်းစားဖို့ လာခေါ်နေတယ်"

"ငါက ရေချိုးတုန်းလေကွာ၊ မင်း လိုက်သွားနှင့်လေ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှလာခဲ့မယ်''

''ဒါဆို မြန်မြန်လာခဲ့နော် လေးလေး''

''တော်တော် လျှာရှည်တဲ့ မိကျောင်းသားပါလား။ မင်းသာ ဝအောင်စား။ ကျန်အောင်လည်း ချန်ထား။ သွားတော့''

အထဲက ပြန်အော်လိုက်၊ အပြင်က ပြန်အော်လိုက်နှင့် မသိရင် ရန်ဖြစ်နေတဲ့အတိုင်းပါပဲ။ ထိုက်က သူများ မိကျောင်းသားဆိုရင် သူလည်း မိကျောင်းမျိုးနွယ်ဝင်ပဲဟု တီးတိုးရေရွတ်ကာ ရှေ့မှ ထွက်သွားလေသဖြင့် မြသားလည်း အမီလိုက်ခဲ့ရ၏။ ကောင်လေးက ဘယ်လိုပဲနေနေ ချစ်စရာကောင်းနေတာမို့ မြသားရင်ထဲမှာ ခင်မင်ရင်းနှီးစိတ်ကလေး ဝင်သွားသည်။

''မမက နှေးလိုက်တာဗျာ၊ မြန်မြန်လာပါ မမရဲ့''

ထိုက်က ရပ်စောင့်ပြီး ပြောလေတော့ . . .

''ဘာလဲ . . . မင်း ဗိုက်ဆာနေပြီလား''

''မမတို့နဲ့ ထမင်းအတူစားရမယ်ဆိုတာနဲ့ အပျော်လွန်ပြီး ဗိုက်က''

''ပြည့်သွားတာလား''

''အဟဲ . . . ဆာလာတာ မမရဲ့''

မြသားရောင် ရယ်မိလေတော့၏။





''မင်းက ကလေးလိုပဲ၊ ခင်ဖို့ကောင်းတယ် သိလား''

''ကျွန်တော်လည်း မမကို စမြင်လိုက်တဲ့နေ့ကတည်းက''

ထိုက်က စကားကို ဖြတ်ထားလေတော့ . . .

''ဆက်ပြောလေ''

''ခင်တယ်ရှို့ ပြောမလို့''

နှစ်ယောက်သား ရယ်ကြမောကြရင်းနှင့်ပဲ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။ ပိုးအိမ်က အပေါ်ထပ်မှ ဆင်းလာစဉ် ရယ်သံကြားလို့ သုန်အကြည့် မျက်လုံးလေး ဝိုင်းသွား၏။

''ဟင်''

သူ . . . သူပါလား။ ဆေး (၁) က ကင်းဆိုတဲ့ကောင်လေး။ ဒီအိမ်ကို ဘယ်လိုကနေဘယ်လို ရောက်လာပါလိမ့်။ မြသားရောင်နဲ့ ဘယ်လိုပတ်သက်နေပါလိမ့်။ ဟွန်း . . . ပိုးအိမ်တို့ကိုကျတော့ မာရေကျောရေနဲ့ ဆက်ဆံလိုက်တဲ့ ကောင်လေး။ သင်း တွေ့ဦးမယ်ဟု ကြိမ်းဝါးကာ ပိုးအိမ် လှေကားပေါ်မှ ခပ်သွက်သွက် ပြေးဆင်းလာ၏။

''ဟိတ်''

''ဟင်''

''ခဏနေဦး''



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ခြေလှမ်းတွေ ရပ်တန့်သွားပြီး လှည့်ကြည့်လာကြသည်။

"မင်း ဟိုကောင်လေး မဟုတ်လား"

ထိုက် ချက်ချင်း မှတ်မိသလို ရှိသွားကာ ...

"ခင်ဗျား"

"ငါ့ကို ပြန်မမေးနဲ့၊ ငါမေးတာကိုပဲ ဖြေ"

"ကျွန်တော်က ဘာကိုဖြေရမှာလဲ"

"မင်း ဖိနပ်ပြတ်တုန်းက ငါ့ကို မာရေကျောရေနဲ့ ပြောသွားတာလေ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော်က ကောင်လေးတော့ မဟုတ်ဘူး"

"ကောင်လေးမဟုတ်ရင် အခြောက်လား"

"လူကြီးဖြစ်နေပြီလို့ ပြောတာဗျ"

"ထိုက်"

မြသားက ထိုက်လက်ကို ဖျစ်ညှစ်၍ စိုးရိမ်မျက်လုံးနှင့် ကြည့်လေသည်။ အိမ်ရှင်ကို ဘုကျကျပြန်ပြောနေတာ။ အလုပ်ဖြုတ်ခံရရင် ထိုက်ပဲ ဒုက္ခရောက်မှာလေ။

"ဒီမှာ"





ပိုးအိမ်ခေါ်တော့ ထိုက်က ဘုကြည့်ပြန်ကြည့်သည်။

"မင်း ဒီကို ဘာလာလုပ်တာလဲ၊ မြသားရောင်နဲ့ ဘယ်လိုပတ်သက်နေလဲ"

"ခင်ဗျားမေးခွန်းတွေက များလှချေလား"

"ဟို ... ထိုက်က အစ်ကိုမိုးထက်ရဲ့တူလေ မမလေးရဲ့၊ မမလေးနဲ့ မတွေ့ဖြစ်ကြသေးလို့ မသိတာဖြစ်မှာပါ"

"ဩော်"

ပိုးအိမ်က ဟွန့်ခနဲရယ်ပြီး ခပ်မိန့်မိန့် လက်ပိုက်ကာ ရပ်ဆိုက်သည်။

"မင်း ငါ ဘယ်သူဆိုတာ မသိသေးလို့ကိုး။ အခု သိအောင် ငါ ပြောလိုက်မယ်၊ ငါက ဦးထက်ခေါင်နဲ့ဒေါ်မျိုးမြင့်မြတ်မာန်တို့ရဲ့ သမီး ချစ်ပိုးအိမ်ပဲ၊ အဲဒီတော့ ဒီနေ့ကစပြီး မင်း ငါ့ကို ရိုရိုသေသေ ဆက်ဆံရမယ်"

ထိုက် ပက်ခနဲပြန်ပြောဖို့ ပါးစပ်ဟာပြီးမှ ...

"လူ့ဘဝမှာ အခြားအရာတွေပိုလို့ သေတဲ့မသာပဲ ရှိတယ်၊ ရှိလို့ သေတဲ့မသာ မရှိဘူး ထိုက်၊ မင်းဘက်က တတ်နိုင်သလောက် အမိုးကျိုးနေပါစေ၊ မင်းကိုယ်မင်း တိုက်ပေါ်က ခုန်ဆင်းပြီး ကားကို ချောင်ထိုးထားခဲ့ရတဲ့ဘဝကို မေ့ထားလိုက်၊ ခုအချိန်မှာ မင်းဟာ ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



မွဲတေနေလို့ သူများအိမ်မှာ ကပ်နေရတဲ့ကောင်လို့ နှလုံးသွင်းထား။ မင်းခေါင်းထဲမှာ တစ်ချပ်ချပ်မြည်နေရမှာက ဦးထက်ခေါင်တို့မိသားစုကို လက်စားချေဖို့ပဲ၊ အဲဒီအတွက် မင်း အောက်ကျခံသင့် ခံရမယ်၊ သူတို့ကြောင့် အညွန့်ကျိုးခဲ့ရတဲ့ မင်းဒေါ်ကြီးရဲ့ဘဝအတွက် မင်း တန်ရာတန်ကြေး ပြန်ယူနိုင်ရမယ်''

လို့ လေးလေး တဖွဖွပြောခဲ့တာကို ပြန်လည်ကြားယောင်မိတော့ မာနကို သက်ပြင်းနှင့် ရောချပစ်လိုက်၏။ မှန်တာပေါ့ အခုချိန်မှာ ထိုက်က သူတို့အိမ်မှာ ကပ်နေရတဲ့ ကောင်လေး။ လေးလေးတောင် အနှိမ်ခံဘဝနဲ့ နေနိုင်သေးတာ။ လေးလေးကို မှီခိုနေရတဲ့ သူက ဘာလို့ မာနကြီးနေရဦးမှာလဲ။

''ဟုတ်ကဲ့ . . . ကျွန်တော် မမလေးကို ဒီအိမ်ရှင်မှန်းမသိလို့ ရိုင်းရိုင်းပျပျ ဆက်ဆံမိတဲ့အတွက် တောင်းပန်ပါတယ်''

''ဒီလိုမှပေါ့ကွ၊ လူဆိုတာ နေတတ်မှ ကျေနပ်စရာဘဝကို ပိုင်ဆိုင်နိုင်တာလေ''

''ကျွန်တော် မှတ်ထားပါ့မယ်''

''မြသားရောင်''

''ရှင် . . . မမလေး''

မြသားရောင် ပျာပျာသလဲ ထူးလိုက်၏။





''နင်က ငါနဲ့ အနီးကပ်နေခွင့်ရတဲ့သူဆိုတော့ သူ မသိသေးတဲ့ ငါ့အကြောင်းတွေ ပြောပြထားဦး''

''ဟုတ်ကဲ့''

ခေါင်းခါခွင့်မရှိတဲ့ဘဝဆိုတော့ အရာရာကို ခေါင်းညိတ်ရသည်ပဲပေါ့လေ။ မြသားရောင် ဒီအိမ်ကို စရောက်ကတည်းက ပိုးအိမ်ရဲ့ ဝေယျာဝစ္စမှန်သမျှ လုပ်ပေးရတာ မညည်းညူနိုင်။ ကုန်ကုန်ပြောရရင် အတွင်းခံဘောင်းဘီကာစ လျှော်ဖွပ်ပေးရသည်။ ဒါ . . . မြေခနော်တို့ရဲ့ဘဝပဲလေ။

ဖူးဖို့ ပွင့်ဖို့ အစချီကတည်းက မြေပြင်မှာ တွယ်ကပ်ပြီး ပေါက်လာရတဲ့ဘဝထဲက ပန်းမို့ နင်းလိုကနင်း၊ လျှောက်လိုကလျှောက်၊ ဖနောင့်နဲ့ ပေါက်လည်း ခံရမှာပဲလေ။

''ကဲ . . . သွားကြတော့''

သွားကြတော့ဆိုတာနှင့် ချာခနဲ အရင်လှည့်ထွက်သွားသူက ထိုက်ပါ။

ပိုးအိမ် ပြုံးလိုက်မိ၏။ နှိပ်ကွပ်လိုက်ရပေမယ့် စိတ်မကောင်းခဲ့ဘူး ကောင်လေးရယ်။ ဘယ်လိုပဲနေနေ တော်တော်ချစ်စရာကောင်းတဲ့ ကောင်လေးပဲ။ သူများတွေလို အလန်းဇယားလေးနဲ့သာ ထွက်လာခဲ့ရင် အို . . . သူ့ကို စတွေ့တဲ့နေ့ကတည်းက သူဟာ ပိုးအိမ်မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းထဲမှာ နတ်သားလေးတစ်ပါးပါပဲ။

မလိုအပ်ဘဲ သူ့ကို မာရေကြောရေ ဆက်ဆံနေမိတာ စိတ်ပါလို့မှ မဟုတ်ဘဲလေ။ တစ်သက်လုံး ကောင်းကင်မှာ မောင်းတင်လာတဲ့ မာနတွေကို ဖြုတ်ချရခက်နေလို့ပါ။ အမုန်းနဲ့အချစ်၊ အချစ်နဲ့အမုန်းဆိုတာ ဆန့်ကျင်ဘက် လားရာမှာ အပြောင်းအလဲတွေ ဖြစ်တတ်သည်ပဲလေ။ ကိုယ်က သူ့ကို မုန်းနေတာမှ မဟုတ်ဘဲ။ ရန်ဖြစ်ချင်တာ သက်သက်ကလေးပဲမို့။

အဟွန်း ...

ဟိုကောင်မတွေကို ကြွားလိုက်ဦးမယ်။

ပိုးအိမ် ဖုန်းကိုထုတ်ပြီး သရဖီဆိုင်သို့ အရင်ဆက်လိုက်၏။

"ဟဲလို"

"သရဖီ ... ငါ နင့်ကိုပြောစရာရှိလို့ဟ"

"အရေးကြီးလို့လား ပိုးအိမ်"

"နင် ဘာလို့ အဲဒီလိုမေးတာလဲ"

"မဟုတ်ဘူးလေ၊ ကျောင်းရောက်အောင် မစောင့်နိုင်ရလောက်အောင် ဘာများအရေးကြီးနေလဲလို့ပါ"

"ကျောင်းပိတ်ရက်ဆိုတော့ မနက်ဖြန်တွေ၊ သန်ဘက်ခါတွေ ရောက်အောင် မစောင့်နိုင်လို့ပေါ့ သိပြီလား"





တစ်ဖက်မှ သရဖီ ရယ်သံလေး ထွက်လာသည်။ ပြီးမှ ..

"ကဲ ပြော ... နင် မအောင့်နိုင်တော့တဲ့ကိစ္စ"

"အဟွန်း"

ပိုးအိမ် ဘာဖြစ်နေပါလိမ့်။ သူ့အကြောင်းပြောရမှာကိုပင် ရှက်နေမိသလိုလို။

"ဟိုလေ ... တို့ ဖိနပ်ကို တက်နင်းလိုက်တဲ့ ကောင်လေး အကြောင်း ပြောမလို့ဟ"

"ဘာလဲ ... နင်နဲ့ ထပ်တွေ့လို့လား"

"အင်း ... သူနဲ့ငါ ဘယ်လိုတွေ့ကြလဲ နင် သိချင်လား"

"သိချင်တာပေါ့၊ အိုက်တင်ခံမနေနဲ့ မိန်းမ၊ မြန်မြန်သာ ပြော"

"သူက ငါ့ရဲ့ဒရိုင်ဘာ ကိုမိုးထက်ရဲ့တူဟ၊ တို့က နီးလျက်နဲ့ ဝေးနေတာလေ၊ သူလည်း တို့အိမ်မှာပဲနေတာ သရဖီရဲ့"

"ဟုတ်လား ... မိန်းမ နင့်စကားထဲမှာ နီးလျက်နဲ့ ဝေးနေ ဘယ်ဆိုတာ ပါတယ်နော်၊ နင် အဲဒီကောင်လေးကို စိတ်ဝင်စားသွားပြီ မဟုတ်လား။ မှန်မှန်ဖြေနော် မလိမ်နဲ့"

"မလိမ်ပါဘူးဟာ၊ အချိန်က အဖြေပေးပါလိမ့်မယ်ဟ"

"အဟွန်း ... ရေစက်က နင်နဲ့ပါနေမှတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောလေ ဘာဖြစ်လဲ"

"တို့က ကန်တော့ပြီး ကြာယိုးပေးရတော့မှာပေါ့လို့ ပြောမလို့ပါဟ"

သရဖီပြောတဲ့အဓိပ္ပာယ်ကို ပိုးအိမ် နားလည်ပါသည်။ သူတို့ဝိုင်းပြီး အောင်သွယ်တော်လုပ်ပေးမယ်ဆိုတဲ့သဘောပေါ့။

"ဒါပဲနော် သရဖီ၊ ကျန်တာ ကျောင်းဖွင့်တဲ့နေ့မှ ဆက်ပြောပြမယ် ဟုတ်ပြီလား"

ပိုးအိမ် ပြောပြီး ဖုန်းပိတ်လိုက်စဉ် . . .

"မိပိုး . . . ဟဲလို မိပိုး"

ခေါ်လို့မရတော့ သရဖီ သက်ပြင်းချလိုက်တော့၏။

❑❑❑



## အခန်း (၄)

မိုးထက် . . .

Breakfast စားဖို့ ဝင်လာခဲ့စဉ် ဆံနွယ်ရှည်ကြီးတွေ တဝဲဝဲ[illegible] အလုပ်ရှုပ်နေသော မြသားခဲရောင်ကို ထိုင်ကြည့်နေမိ၏။ သူ[illegible]က်နေတာကို မမြင်ဘဲ လှုပ်ရှားနေပုံက လက်တွေကို စက်တပ်[illegible]တဲ့အတိုင်းပါပဲ။ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတယ်ဆိုတာ ဒီမိန်း[illegible]းမျိုးကို ပြောတာပဲဖြစ်မည်။

ဒီလောက်လှပြီး အိမ်ရှင်မ,ပီသနိုင်မည့် မိန်းကလေးမျိုးက [illegible]သားလား။ ဟို . . . ရှေးဘုရင်များလက်ထက်ကသာဆိုလျှင် [illegible]က မိဖုရားမြှောက်မည့် မိန်းကလေးမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"အင်"

မြသား လှည့်ကြည့်တာနှင့် တိုးလေတော့ မိုးထက် ချက်ချင်း မျက်နှာလွှဲပြီး ဟိုဟာကိုင်ရမလို ဒီဟာကိုင်ရမလို ဖြစ်သွားသော်လည်း တကယ်တမ်းကျတော့ စားပွဲပေါ်မှာတင်ပြီး မှောက်ထားတဲ့ ကော်ဖီပန်းကန်ကို လှန်ဖြစ်တာပဲ ဖြစ်၏။

"အစ်ကိုမိုးထက် ရောက်လာပြီကိုး"

"အင်း … ဟုတ်တယ်"

"Breakfast အတွက် ကော်ဖီနဲ့မုန့်ပဲ ပြင်ပေးရမလား အစ်ကိုမိုးထက်"

"သဘောပဲ"

"ဟာ … အစ်ကိုမိုးထက်ကလည်း သဘောပဲဆိုတော့ မြရောင်ပြင်ပေးတာကို မကြိုက်လည်း နှစ်ဖျစ်မျိုချပေးမယ်ဆိုတဲ့ပုံမျိုးကြီး။ အစ်ကိုမိုးထက် ဘာစားချင်တယ်ဆိုတာကို ပြောမှပေါ့"

"မင်း တော်တော်လျှာရှည်ပါလား။ မင်း အဆင်ပြေသလိုသာလုပ်၊ ငါ ရွေးမများဘူး"

"ဒါဆိုလည်း ပြီးရောလေ"

မြသားက အနေအေးပေးမယ့် အလုပ်လုပ်တဲ့နေရာမှာတော့





လျှင်မြန်ဖျတ်လတ်သူမို့ သိပ်ကြာကြာမစောင့်လိုက်ရဘဲ မိုးထက်ရှေ့သို့ ကော်ဖီနှင့်မုန့်က ရောက်လာသည်။

"မြသားရေ"

"ရှင် … ဒေါ်လေး"

ဒေါ်လဲ့ရှည် အသံစာစာနှင့် ဝင်လာတော့ မိုးထက် မျက်လွှာငဲ့ကြည့်လိုက်၏။

"ဒီက အလုပ်တွေ ဒေါ်လေး ဆက်လုပ်လိုက်မယ် ထားခဲ့၊ မကြီးက ဦးထက်အတွက် ယတြာချေဖို့ မြသားကို လွှတ်မလို့တဲ့"

"ဘာယတြာမို့ ဘယ်ကိုသွားရမှာလဲ ဒေါ်လေးရဲ့"

"ခုတလော ဦးထက် အလုပ်ထဲမှာ အဆင်မပြေတာတွေရှိလို့ ဆိုလားဟယ်၊ အဲဒါ ကြာသပတေးသားနဲ့ကြာသပတေးသမီး နေ့ထပ်နှစ်ယောက် သွားပြီး ရွှေတိဂုံဘုရားမှာ သပြေပန်း ၉ ညွန့်နဲ့ အုန်းလက် ၉ ညွန့် သွားလှူပေးရမယ်တဲ့"

"ဒါဆို ကြာသပတေးသားက ဘယ်သူလဲဟင်"

"ဘယ်သူရှိရဦးမှာလဲ၊ မောင်မိုးထက်ပဲပေါ့"

"ဟင်"

မိုးထက် သောက်လက်စ ကော်ဖီခွက်ကို ခဏပြန်ချလိုက်ပြီး …



www.burmeseclassic.com

www.burmeseclassic.com



"သူ့သမီး ပိုးအိမ်ကရော ကြာသပတေးသမီး မဟုတ်ဘူးလား"

"ဟုတ်ပေမယ့် သူ့သမီးကိုတော့ ဘယ်နိုင်းပါ့မလဲကွယ်"

"ကျွန်တော် ပိုးအိမ်ကို ကျောင်းပို့ပေးရဦးမှာလေ"

"အဲဒါ ... ဦးထက်က ဒီနေ့ သူ့သမီးကို သူကိုယ်တိုင်ပဲ ကုမ္ပဏီသွားရင်း ဝင်ပို့ပေးလိုက်တော့မယ်တဲ့"

မြသားရောင်စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားလေ၏။ အစ်ကိုမိုးထက်က မြသားနဲ့အတူ မသွားချင်လို့ ကျိုးကြောင်းလုပ်နေသလားလို့ တွေးမိပြီး ဝမ်းနည်းသလိုလို၊ ဒေါသဖြစ်ချင်သလိုလိုပါ။

"အစ်ကိုမိုးထက် မလိုက်ချင်နေခဲ့ပါ၊ မြသား ထိုက်ကိုပဲ ခေါ်ပြီး Taxi နဲ့ သွားလိုက်မယ်လေ၊ နာမည်အရဆို ထိုက်လည်း ကြာသပတေးသားပဲ မဟုတ်လား"

"သူ့ကို ခေါ်သွားလို့ ဖြစ်မလား၊ ထိုက်လည်း ကျောင်းသွားရဦးမှာ"

"ဟုတ်သားပဲ"

မြသား လေသံတိုးလေးနှင့် ဆိုလိုက်၏။ ဒေါ်လှဲ့ရှည်က ပြုံးလိုက်ပြီး ...

"အင်း ... ဒီအိမ်က ကြွက်တွေ လာစုနေတဲ့ ကြွက်





သိုက်ကြီးပဲ"

"ရှင်"

"ပိုးအိမ်ကလည်း ချစ်ဆိုတာ ချစ်စနိုးထည့်ထားလို့ ချစ်ပိုးအိမ် ဖြစ်နေပေမယ့် ကြာသပတေးသမီးပဲလေ၊ မိုးထက်၊ မိုးထိုက်၊ မြသားနဲ့ ဒေါ်မျိုးမြင့်မြတ်မာန် ... အားလုံး ကြာသပတေးတွေချည်းပဲ"

"ကျွန်တော် ကြားဖူးတာတော့ မွှာ၊ သောက၊ အင်းဝ၊ ဆုဇာ အိမ်ထောင်ဖက် အသက်မရှည်ရာဆိုလားပဲ၊ မွှာဆိုတာ စနေနဲ့ ကြာသပတေးပဲလေ"

"အင်း ... ဟုတ်တယ်လေ၊ အဲ့ ဘာဖြစ်လို့လဲ"

"ဦးထက်ခေါင်က စနေ မဟုတ်ဘူးလား"

ဒေါ်လှဲ့ရှည် ခေါင်းခါလိုက်၏။ ဦးထက်ခေါင်က စနေသားမှ မဟုတ်ဘဲလေ။

"ဦးထက်ခေါင်ရဲ့ ငယ်နာမည်က အေးမင်းတဲ့ မောင်မိုးထက်ရဲ့၊ သူများထက် ထူးချွန်ထက်မြက်ချင်လို့ ထက်ခေါင်ဆိုတဲ့ နာမည်ကို ယူထားတာလေ"

"ဪ"

မိုးထက် တွေခနဲ ဖြစ်သွား၏။ ဒေါ်လှဲ့ရှည်က ဒီအိမ်က



www.burmeseclassic.com

www.burmeseclassic.com



လူတွေအကြောင်းကို သိလှချေလား။ သူတို့ ဘယ်လိုပဲ ပတ်သက်ကြပါစေ ကိုယ်နဲ့မှ မဆိုင်ပဲလေ။ လူဆိုတာ ကိုယ့်သမိုင်း ကိုယ်ရေးနေကြတာပဲ။ ကိုယ်လည်း သမိုင်းတွေ ရေးရဦးမည်သာ။

"ကဲ . . . မြသားရောင်"

"ရှင်"

"သွားရမယ်ဆိုလည်း ငါ စောင့်နေမယ်၊ မင်း လာခဲ့"

"ဟုတ်ကဲ့ . . . အစ်ကိုမိုးထက်"

ကော်ဖီသောက်ခြင်းက လက်စသတ်ပြီမို့ မိုးထက် ထွက်လာခဲ့တော့သည်။ သူက ယောကျ်ားဆိုတော့ အခု အဝတ်မလဲဘဲ သွားလို့ရသည်။ မိန်းကလေးဖြစ်တဲ့ မြသားရောင်က အဝတ်လဲဦးမှာပေါ့။ မိုးထက် ကားဆီသို့ သွားပြီး စောင့်နေလိုက်တော့ . . .

သိပ်မကြာခင်မှာပဲ မြသားလည်း ထွက်လာသည်။ နှစ်ယောက်သား လိုရာခရီးကို ချီတက်ခဲ့ကြတော့၏။

"မြသားရောင်"

"ရှင်"

"မင်းရဲ့ဒေါ်လေးက ဦးထက်ခေါင်တို့အိမ်က လူတွေအကြောင်းကို တော်တော်သိထားတာပဲနော်"

"အဲဒါ ဒေါ်လေးက အရင် ဒီအိမ်မှာ အိမ်ဖော်လုပ်ခဲ့ဖူး





သေးတယ်လေ"

"ဪ"

ဪ . . . ဆိုပြီး မိုးထက် မျက်မှောင်လည်း ကြုတ်မိသွားခဲ့။ မမနန်းပြောပြလို့ သူ သိရသလောက် အဲဒီအိမ်မှာ အိမ်ဖော်ကိုချာမှ လှမှ ထားတာတဲ့။ ပြီးတော့ အိမ်ဖော်မှန်သမျှ ဦးထွန်းခေါင်၏ခြေတော်တင်ခြင်းကို ခံကြရသည်တဲ့လေ။ ဦးထက်ခေါင်ကလည်း ခပ်ရှုပ်ရှုပ်ပဲဆိုတော့ မမကိုတောင် ဘယ်သူခြေတော်တင်မှန်း မသိခဲ့ရ

မမက သူ့ဘဝကို ဖျက်ဆီးတဲ့သူကို သိလည်း ဘာမှမထူးဘူးဆိုပြီး သေသည်အထိ တရားခံကို ပြောမသွားပေ။ ဒေါ်လှဲ့ရည်သည်း ဒီဘဝထဲက လွတ်ပါ့မလား။

"အစ်ကိုမိုးထက်"

"ဟင်"

"ရောက်လက်စနဲ့ မြသားကို မဟာဝိဇယဘက် လိုက်ပို့သေးပါလားဟင်"

"သွားချင်သွားလေ"

မြသား မိုးထက်ကိုကြည့်ပြီး မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ သူ စကားပြောရင် ဘယ်တော့မှ သွား၊ လုပ်၊ [illegible] စားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မရှိပေ။ သွားချင်သွားလေ။ လုပ်ချင်လုပ်ပေါ့။ ပေးချင် ပေးပါလား။ သဘောပဲ ဆိုတာတွေနှင့် တစ်ဖက်သားဆန္ဒကို ဦးစားပေးတာမျိုးတွေ။ ဒါ . . . တကယ်ပဲ သူ့ရဲ့စိတ်ရင်းခံလား။

❑❑❑



## အခန်း (၈)

"မမလေး ဟုတ်လား"

"အေးလေ"

"ဟား . . . ဟား . . . ဟား . . . ဟား"

ပိုးအိမ်က ထိုက်နှင့် အိမ်မှာ ထပ်တွေ့ကြပုံကို ပြောပြလေသော့ နောက်ဆုံး မမလေးလို့ ခေါ်သွားရသည့်အဖြစ်မှာ ရယ်သံတွေ ထွက်လာ၏။

"နင်တို့က ဘာရယ်တာလဲ"

"မမလေးလို့ ခေါ်တာ နင်ခံရတာ မအောက်လွန်းဘူးလား ဆိုးရယ်"



www.burmeseclassic.com

"ဘာအောက်စရာရှိလို့လဲ"

"ဒီအဆင့်နဲ့တင် ရပ်နေရင်တော့ မအောက်ဘူးပေါ့ မိပိုးရဲ့၊ အခုပဲ နင် သူ့ကို စိတ်ဝင်စားနေပြီလေ"

"ဟုတ်တယ် ပိုးရဲ့၊ ဒီအဆင့်ထက်ကျော်ရင် အဲဒီအခေါ်ကြီး က မနိုပ်ဘူးနော်၊ ပြီးတော့ ... ခုချိန်မှာလည်း အဲဒီအခေါ်က တံတိုင်းကြီးတစ်ခုလိုပဲဟ"

ပိုးအိမ် တွေခနဲဖြစ်သွားလေ၏။ ဟုတ်တာပေါ့။ မမလေး တို့ အစ်ကိုလေးတို့ဆိုတဲ့ အခေါ်တွေက အလုပ်ရှင်နဲ့ အလုပ်သမား ကြားမှာ မတူညီတာတွေ ခွဲခြားထားတဲ့ တံတိုင်းတစ်ခုလိုပါပဲ။

"ဟုတ်တော့ ဟုတ်တယ်ဟ"

"နင် သူ့ကို တကယ်စိတ်ဝင်စားတာလား မိပိုး"

"ဘုရားစူးဟာ"

"ဟာ ... ဘုရားက ဖူးဖို့လေ၊ စူးဖို့ မဟုတ်ဘူး"

ပိုးအိမ်ရဲ့မျက်စောင်းက ကေသီဆီသို့ ဒိုင်းခနဲ ဝင်သွားလေ ၏။

သရဖီက မဲ့ခနဲလုပ်ကာ ...

"ဟွန်း ... အစကတော့ အိုက်တင်ကြီးတစ်ခွဲသားနဲ့"

"အဲဒီတုန်းက မမြင်ဖူးသေးတော့ လေထွားမိတာပေါ့"





"မြင်ဖူးတော့ အရှုံးထ,ရော မဟုတ်လား"

"ဒါပေါ့"

"ကောင်းမ"

သရဖီက အပြောကြီးတဲ့ ပိုးအိမ်ကို မကျေမနပ်ဖြစ်နေသည်။ အစကတော့ သူပဲ လေတစ်လုံး မိုးတစ်လုံးနဲ့ ပြောခဲ့တာလေ။ အခု ရှုံးတော့ သူပဲ အရှုံးရှင့်နေတာ။

ဖုန်းဆက်ပြီး ပြောကတည်းက ပိုးအိမ်အတွက် အသုံးဝင် ခဲ့ အရာလေးကို သရဖီ ယူလာခဲ့သည်။ အဲဒါက ထိုက်ရဲ့ဖိနပ် အလေးပဲပေါ့။

လူကြီးတွေ ပြောတတ်ကြတဲ့ လူကုတ်တို လိုရ ဆိုတဲ့စကား က အခုမှ အသုံးဝင်နေပြီ။ ဘာရယ်မဟုတ် အားနာစိတ်နှင့် ကောက် ထားတဲ့ ဖိနပ်ကလေးက ခုဆို ပိုးအိမ်အတွက် အမှတ်တရပစ္စည်းလေး ဖြစ်ရှင်ဖြစ်နေမည်။

"မိပိုး"

"ဟင်"

"နင့်ကို ဒါ ပေးစရာရှိတယ်"

"ဘာလဲ"

"ရော့"



www.burmeseclassic.com

www.burmeseclassic.com



သရဖီက ကြွပ်ကြွပ်အိတ်နှင့် ထုပ်ထားသည့် ဖိနပ်ကို ပိုးအိမ် လက်ထဲသို့ ထည့်ပေးလိုက်၏။ ပိုးအိမ်က အိတ်ကိုဖွင့်ကြည့်လိုက် ကာ . . .

"ဟယ်"

ပထမတော့ အံ့ဩစွာ စိုက်ကြည့်နေပြီးမှ နောက်တော့ မျက်နှာလေးက ပြုံးလာသည်။

"သရဖီရယ် . . . နှင် . . . နှင် ဒီဖိနပ်ကလေးကို"

"ဟုတ်တယ် . . . ငါ ကောက်လာခဲ့တာလေ"

"ကျေးဇူးပဲ သရဖီရယ်"

"ကျေးဇူးကို လေနဲ့တင်မဆပ်နဲ့လေ၊ ဖိနပ်ကိုလည်း သေ သေချာချာကြည့်ဦး။ စပါယ်ရှယ် ပြန်ချုပ်လာတာ"

"အေးပါ . . . ဒီနေ့ ငါ ဒကာခံပါ့မယ်"

ပိုးအိမ် ဖိနပ်ကို လွယ်အိတ်ထဲသို့ထည့်ပြီး ထရပ်လိုက်သည်။ ကေသီကပါ လိုက်ရပ်ရင်းဖြင့် . . .

"သူ့ကျောင်းကို သွားမပေးတော့ဘူးလား"

"အိမ်ရောက်ရင် တွေ့ရမှာပဲလေ"

"အဲဒီအထိ နင် စောင့်နိုင်ပါ့မလားလို့ ပြောတာပါ"

"ငါ အဲဒီလောက်အထိ စွေးမပေါ်ဘူး မိကေရဲ့"





မာနမင်းသမီးလေး ပိုးအိမ်၊ မာနတွေ လုံးလုံးခွာချပြီး ရေစုန် မျောလို့တော့ ဘယ်ဖြစ်ဦးမှာလဲလေ။ အရာအားလုံးကို ပြုံးပြင်ပြောင်း ထဲနိုင်တာသည် အချစ်တဲ့။

ကိုယ်က ယေသူဆိုပါလျှင် ယေသူမို့ မသိတာပါဆိုပြီး အတ်လမ်းစလို့ ရပေမယ့် အခု ထိုက်က သူမထက် ယေသည် သော။

အဲဒီတော့ ကြီးသူက ရေလာမြောင်းပေးလုပ်ရဖို့ ရှိတော့ သည်။

ပိုးအိမ် . . .

အိမ်ကိုပြန်ရောက်တာနှင့် ထိုက်နှင့် ဘယ်လိုတွေ့ရမလဲ စဉ်းစားနေမိသည်။ ဘသားချောက ထမင်းစားချိန်မှအပ အိမ်ကြီးပေါ် သို့ တက်ခဲတာမို့ ထမင်းစားချိန်မှာ လူက စုံနေပြန်တာမို့ မဖြစ် သေး။

ဒါကြောင့် မြသားကိုပဲ ခေါ်ခိုင်းဖို့ ဆုံးဖြတ်လိုက်၏။

"မြသားရောင်"

". . ."

"မြသားရောင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မြသားက ဘေစင်မှာ လက်ဆေးနေရင်းမှ လှည့်ကြည့်ကာ ထူးဧ။

"ဒီကို ခဏလာဦး"

"ဟုတ်ကဲ့"

မြသား လက်ဆေးထားလို့ စိုနေတဲ့လက်ကို ထဘီနှင့် ပွတ်တိုက်သုတ်ရင်း ပိုးအိမ်ရှေ့သို့ရောက်တော့ ...

"မြသား ဘာလုပ်ပေးရမလဲ မမလေး"

"ထိုက်ကို သွားခေါ်ပေးစမ်းပါ"

"ရှင်"

"ထိုက်ကို သွားခေါ်ခိုင်းတာ နင် နားမကြားဘူးလား"

"ကြား ... ကြားပါတယ်"

"ကြားရင် သွားခေါ်"

"ဟုတ် ... ဟုတ်ကဲ့"

မြသား ပိုးအိမ်ရှေ့မှ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့တော့၏။ ထိုက်နဲ့ ပတ်သက်လာလျှင် ဘာရယ်မဟုတ်ဘဲ မြသားရင်ထဲမှာ စိုးရိမ်စိတ်တွေ ပိုနေတတ်၏။ ပိုးအိမ်နဲ့ ဆက်ဆံရေး အဆင်မပြေလို့ အလုပ်ထုတ်နှင်ချခံရမှာမျိုး။

ပြီးတော့ ထိုက်ကို ခိုင်းလျှင် ထိုက် ပင်ပန်းမှာစိုးလို့





ထိုက်အလုပ်တွေကို သူမ လုပ်ပေးချင်တာမျိုးတွေပေါ့။

"မမ"

"..."

"မမ"

"ဟင်"

နောက်က ခေါ်သံကြောင့် မြသား လှည့်ကြည့်လိုက်တော့ ထိုက်က တရုတ်စံကားပင်အောက်မှာ ထိုင်နေသည်။ လက်ထဲမှာ စာအုပ်နှင့်မို့ စာကျက်နေတာပဲ ဖြစ်မှာပေါ့။ မြသားပဲ ထိုက်ဆီသို့ လျှောက်သွားလေတော့ ...

"မမ တန်းလျားကို သွားမလို့လား"

"ဟုတ်တယ် ထိုက်၊ ထိုက်ကို မမလေးက ခေါ်ခိုင်းလိုက်လို့"

"ကျွတ်"

ထိုက်မျက်နှာလေး မဲ့ခနဲဖြစ်သွား၏။ လက်စားချေဖို့အတွက် အောက်ကျခံပြီး ချဉ်းကပ်ဖို့ထက် အမုန်းတရားတွေကြောင့် မတွေ့ချင်၊ မမြင်လိုခြင်းတွေကပဲ ကြီးစိုးနေသည်။ သူ့ရင်ထဲမှာ သံမှိုစွဲနေခဲ့သည်က ဒေါ်ကြီးဘဝကို ဖျက်ဆီးခဲ့တာ သူ့အဖေနဲ့ သူ့အစ်ကို ထစ်ယောက်ယောက်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးကို ခေတ်ပုံထဲမှာပဲ မြင်ဖူးလိုက်ပေမယ့် သွေးထိ တော့ မရှိအောင် နာတတ်ကြတာပဲလေ။ လက်စားချေဖို့ သမိုင်းပေး တာဝန်က ရှိနေတော့ ကြမ်းပိုးကို မချစ်သော်လည်း အောင့်ကာ နမ်းရဦးမည်ပေါ့။

"ထလေ ထိုက်ရဲ့၊ မမ ဆွဲထူပေးရမလား"

"ဘာပြဿနာရှာဦးမလဲ မသိဘူး"

မြသားက ထိုက်လက်မောင်းကို ကိုင်၍ ဆွဲထူရင်း ...

"သူ့ဆန်စား ရဲရမယ်လေ ... ဒါလေးတောင် မသိဘူး လား"

"မမက ကျွန်တော့်ဘက်က မပါဘဲ ဘာလို့ သူ့ဘက်လိုက် ပြီး ပြောနေရတာလဲ"

"သူက မမတို့ရဲ့အလုပ်ရှင်ကိုး ထိုက်ရဲ့"

"မမနော် ... မမက အဲဒီလို အဆင့်အတန်းခွဲပြီး ဆက် ချင်တာလား"

"မဟုတ်ပါဘူး ထိုက်ရယ်၊ မမတို့က ဘဝပေးအခြေအနေ အရ သူတို့ကို မလွန်ဆန်နိုင်ဘူး၊ မဟုတ်လား"

"ထားပါတော့၊ ခင်ဗျားပဲ တတ်ပါတယ်"

"ထိုက်"





ထိုက်မျက်နှာ ပုပ်သိုးသိုးနှင့် ရှေ့မှထွက်သွားလေတော့ မြသားက မီအောင်လိုက်ပြီး ...

"ဒါနဲ့ပဲ စိတ်ကောက်စရာလား"

"ဘယ်သူကောက်လို့လဲ"

"မင်းနှုတ်ခမ်းက စူသွားတာလေ၊ နှုတ်ခမ်းစူတဲ့လူ ကြက် နှုတ်သီးနဲ့တူ"

"မမနော်"

ထိုက် နှုတ်ခမ်းစူမနေနိုင်တော့ဘဲ ရယ်လိုက်မိ၏။ လေးလေး ရဲ့မေတ္တာရိပ်အောက်မှာ ကြီးပြင်းလာခဲ့တဲ့ ထိုက်။ မိခင်၊ အဒေါ်၊ အသွားစသည့်ဆွေမျိုးရင်းချာထဲကရော၊ သူစိမ်းထဲကရော ဘယ် မိန်းမတစ်ယောက်ရဲ့ပြုစုယုယခြင်းကိုမှ မခံခဲ့ရဖူးတော့ မမရဲ့ရင်းနှီး နွေးထွေးတဲ့ အပြုံးတွေ။ မမရဲ့ဂရုစိုက် ယုယမှုတွေအောက်မှာ ပျော် ခဲ့သည်။

မမ သူ့ဘေးနားမှာရှိနေလျှင် ကြည်နူးမိ၏။ မမမျက်နှာကို ကြည့်နေရလျှင်၊ မမအသံကို ကြားနေရလျှင် သူ့ရင်ထဲမှာ အေးချမ်း နေသည်။ ဒီစိတ်တွေက တစ်နေ့ ဘယ်လိုပြောင်းလဲသွားနိုင်ပါသလဲ။

"မမ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မမမှာ ရည်းစားရှိလား"

"ဟယ် ... မဆီမဆိုင် ဘာတွေမေးနေတာလဲ"

"သိချင်လို့ပေါ့ မမရဲ့"

တစ်ခါမှ ရည်းစားမထားဖူးသေးတဲ့ မြသာ။ ထိုက်အမေး

ကြောင့် ရှက်ပြုံးလေး ပြုံးရင်း ...

"ဟင့်အင်း ... မမဘဝမှာ ရည်းစားထားဖို့ အချိန်မရပါဘူး

ထိုက်ရယ်"

"ဒါဆို ... ကွက်တိပဲ"

"ဟင် ... ဘာကွက်တိလဲ ထိုက်ရဲ့"

ထိုက်က မချိုမချဉ် ဟက်ခနဲရယ်၍ ...

"မမအတွက် အဆင်သင့်ရှိနေတယ်လေ"

"ဘာလဲ"

"မမနဲ့ အလိုက်ဖက်ဆုံးလူပေါ့"

မြသာ့ရဲ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားလေတော့ ထိုက်

ပါ လိုက်ရပ်သည်။ ထိုက် ဘာစကားတွေ ပြောနေပါလိမ့်လို့ တွေး

မြသာ၊ သူ့မျက်နှာကို ကြည့်လိုက်တော့ ထိုက်က ဘာအမူအရာ

မပျက်ယွင်းပေ။

"မမ သွားတော့မယ်"





"မမ"

"မင်းနောက်ကျလို့ မမလေး ဒေါ်ပွနေဦးမယ်"

ဘာမှန်းမသိတဲ့ ပဟေဠိတွေကြားမှာ စေတနာစကားက

ဒါဖြစ်အောင် ပါသေး၏။ တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့

အတ္တာတရားက ဘာကာလာနဲ့လည်းဆိုတာ ကာယကံရှင်တွေပဲ

အသိဆုံးဖြစ်မှာပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ထိုင်"

ထိုင်ဆိုတော့ ထိုက် ပိုးအိမ်နှင့်ဘေးချင်းယှဉ် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။ အတတ်နိုင်ဆုံးစိတ်ကို လျှော့ချပြီး အပြုံးကို ဖန်တီးလိုက်ရ၏။

"မမလေး ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ မသိဘူး"

"ခိုင်းစရာမရှိပါဘူး ပေးစရာရှိလို့"

"ဗျာ"

"ရော့"

ပိုးအိမ်ကမ်းပေးတဲ့ စက္ကူဗူးလေးကို ယူတော့ ယူလိုက်၏။





အထဲမှာ ဘာရှိလဲဆိုတာကို ထိုက် စိတ်ဝင်စားစွာ . . .

"အထဲမှာ ဘာလဲ မမလေး"

"မင်း ဖွင့်ကြည့်လိုက်လေ"

ဖွင့်ကြည့်ခွင့်ပေးလိုက်ပြီဆိုမှတော့ ထိုက် တုံ့နှေးနေပါ့မလား။ ဗူးကို လျှင်မြန်စွာ ဖွင့်လိုက်သည်တွင် ထိုက်မျက်ဝန်းထဲသို့ တိုးဝင်လာတာက သူ့အမြင်နှင့် ရင်းနှီးနေသော ဖိနပ်တစ်ရံ။

"ဟင် . . . ဒါ"

"တို့ တက်နင်းလို့ ပြတ်သွားတဲ့ မင်းရဲ့ဖိနပ်လေ"

"ပြတ်သွားတာကြီးကို ဘာလုပ်ဖို့ ပြန်ကောက်လာတာလဲ"

"သေသေချာချာကြည့်ဦးလေ၊ အခုမပြတ်တော့ဘူး"

ထိုက် ဖိနပ်လေးကို သေသေချာချာကြည့်လိုက်တော့ သေသေချာချာ ပြန်ချုပ်ထားတာဖြစ်၏။ တကယ်တော့ ဖိနပ်တစ်ရံဆိုတာ ထိုက်အတွက် ဘာမှမဟုတ်ပေ။ အရင်တုန်းက သောင်းနဲ့ချီ ဝယ်စီးခဲ့တဲ့ ဖိနပ်တွေကိုသာ စီးတဲ့ ထိုက်၊ အခုချိန်မှာတော့ နှစ်ထောင်ကျော်သုံးထောင်တန် ဒီဖိနပ်ကလေး ပြန်ရတာကို ဝမ်းသာပြရဦးမည်။

"ကျွန်တော့်ဖိနပ်ကလေး ပြန်ရတဲ့အတွက် မမလေးကို ကျေးဇူးတင်ပါတယ်၊ ဒီဖိနပ်ပြတ်တဲ့အစား ကျွန်တော် အသစ်ပြန်မဝယ်နိုင်သေးလို့ လေးလေးဖိနပ်ကို စီးနေရတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းလေးလေးက ဘယ်ဖိနပ်ကို စီးလဲ"

"ကျွန်တော့်ကို အသစ်ပေးပြီး အစုတ်ကလေးကို လေးလေး
က စီးတာလေ"

"ဪ"

ပိုးအိမ်ရင်ထဲမှာ စိတ်မကောင်းခြင်းတွေ ကိန်းဝပ်သွား
လိုတရနေတဲ့ ဘဝထဲမှာ ဆင်းရဲသားတွေ၏ဘဝကို ပိုးအိမ် ဂဃနဏ
မသိပေ။ ဆင်းရဲတာ ဘာမှမရှိလို့ဆိုတာပဲ သိပြီး ရင်ဆိုင်ဖြတ်သန်း
တဲ့ အခက်အခဲဆိုတာတွေကို နားမလည်။

"ထိုက်"

"ဗျာ"

"မင်းကျောင်းတက်ရတာရော အဆင်ပြေရဲ့လား"

"မမလေး ဘာကိုမေးတာလည်း မသိဘူး"

"ငွေရေးကြေးရေးကိစ္စကို မေးတာပါ"

ထိုက် တွေခနဲ ဖြစ်သွားလေ၏။ သူ့အဖြစ်က အိမ်ရှေ့မင်း
သား တောလည်ထွက်သလိုဖြစ်နေတော့ အဆင်မပြေတဲ့အကြောင်း
ပြချက်တောင် မပေးနိုင်ပါလား။

"တို့ . . . ဘာအကူအညီ ပေးရမလဲ ထိုက်"

"ရပါတယ် မမလေး"





"မင်း တို့ကို မမလေးလို့ မခေါ်ပါနဲ့လား"

"ဗျာ"

ထိုက် အပြောင်းအလဲမြန်လွန်းလှတဲ့ ပိုးအိမ်ကို နားမလည်
နိုင်တော့ပေ။

"ဟို . . . အိမ်ရှင်ကို အလုပ်သမားက ရိုရိုသေသေဆက်ဆံ
ရမယ်လို့ မမလေးပဲ ပြောခဲ့တာလေ"

"အဲဒါ ဟိုတုန်းကပါ၊ အခု မင်း ငါ့ကို အဲဒီလို ခေါ်စရာ
မလိုတော့ဘူး"

"ဒါဆို ကျွန်တော် ဘယ်လိုခေါ်ရမလဲ မသိဘူး"

"ခင်မင်စွာနဲ့ ရင်းနှီးတဲ့ အခေါ်တစ်ခုခုပေါ့"

ထိုက် လွန့်ခနဲ ပြုံးလိုက်မိ၏။ ပိုက်က ယုန်ဆီကို တိုးလာ
ပြီ ထင်ပါရဲ့ လေးလေးရေ။ ဘယ်သူနဲ့ပဲ ဆက်ဆံရေး အဆင်ပြေပါ
စေ။ ပိုးအိမ်ရဲ့ဘဝကို အညွန့်ချိုးဖို့တာဝန်က တူဝရီးနှစ်ယောက်စလုံး
မှာ ရှိသည်။ လေးလေးနဲ့ ပိုးအိမ်ရဲ့ဆက်ဆံရေးအခြေအနေကရော
ဘယ်လိုလဲ။ ကိုယ့်ဘက်ကိုပဲ တိမ်းညွှတ်နေတာလား။

ဘာပဲဖြစ်ဖြစ် . . .

သမိုင်းပေးတာဝန်အရတော့ ထိုက် လှုပ်ရှားမှဖြစ်တော့မည်။
အခွင့်အရေးဆိုတာ နှစ်ခါပြန်ရတာမျိုး အရှားသားလား။



www.burmeseclassic.com

www.burmeseclassic.com



"မမလေးက"

"လာပြန်ပြီလား ဒီမမလေး"

"ဆောရီး . . . မ . . . အဲ . . . ဟုတ်တယ်၊ မလို့ပဲ ခေါ်မယ်လေ ရလား"

"မင်းကြိုက်သလို ခေါ်နိုင်ပါတယ်"

တစ်နေ့သောအခါက တင်းမာခဲ့သမျှကို အပြုံးနှင့်ကျေအေးလိုက်ကြသည်။ ထိုက်ဘက်ကတော့ အစစ်အမှန် ဟုတ်ချင်မှ ဟုတ်မှာပေါ့။

"မ . . . ကျွန်တော့်ကို ဘာများပြောစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ပိုးအိမ် ခေါင်းညိတ်ပြလိုက်၏။ ထိုက်ရဲ့ခြေလှမ်းတိုင်းမှာ အာဃာတတရားတွေ ရှိနေသည်လားဆိုတာ။

❑ ❑ ❑



## အခန်း (၁၀)

"လဲ့ရည်"

"အမေ့"

နောက်က ခေါ်သံကြောင့် ဒေါ်လဲ့ရည်၏ကိုယ်လေး ဆတ်ခနဲ တုန့်သွားသည်။

"ရှင် . . . ရှင် ကိုထွဋ်ခေါင်"

"ဟုတ်တယ်လေ . . . လဲ့ရည်လေးရဲ့"

"ဘာလာလုပ်တာလဲ၊ ရှင် ဒီကိုဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမှာလဲ လဲ့ရည်ရဲ့၊ ငယ်ကျွမ်းဆွေလေးနဲ့ တွေ့ဖို့ ကိုယ် စောင့်နေရတာ လူလစ်တယ်လို့ကို မရှိဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



လူလစ်တုန်း ဝင်လာတာလေ"

ဦးထွန်းခေါင်က ပခုံးကိုကိုင်ဖို့ ကြိုးစားလေသဖြင့် ဒေါ်လှဲ့ရည် ကမ်းလာတဲ့လက်ကို ပုတ်ထုတ်ပြီး နောက်ဆုတ်သွားလေ၏။ ဦးထွန်းခေါင်က အဆီပြန်နေသောမျက်နှာကြီးနှင့် ရှေ့တိုးလာတော့ နောက်ဆုတ်ရင်း ဆုတ်ရင်းနှင့် ဒေါ်လှဲ့ရည် နံရံမှာ ကျောကပ်သွားလေသည်။

"ကိုထွန်းခေါင် . . . ရှင် ရှေ့မတိုးနဲ့နော်"

"ဟာ . . . လှဲ့ရည်ရယ် . . . ဘာလို့ ကိုယ့်ကို စိမ်းသွားရတာလဲ၊ အရင်တုန်းကလို ကိုထွန်းလို့ပဲ ခေါ်ပါကွာနော်၊ ကိုထွန်းက အခုထိ လှဲ့ရည်လေးကို ချစ်နေတုန်းပဲဆိုတာ"

"တော်စမ်းပါ"

"လှဲ့ရည်"

"ရှင် ရှေ့မတိုးနဲ့နော်"

ဒေါ်လှဲ့ရည် ဆေးကြောပြီး မှောက်ထားတဲ့ ပန်းကန်လုံးကို ဆွဲမိဆွဲရာ ဆွဲယူလိုက်၏။ မျက်လုံးတွေက ကျားနာတစ်ကောင်လို ရူးရဲနေပြီး အံကြိတ်သံက ကျိခနဲမြည်သွားသည်။ တစ်ခါသေဖူး ဖိုး နားလည်ပါလျက်နှင့် ဒီအိမ်ကိုရောက်အောင် ပြန်လာခဲ့သော ကိုယ့်အကြောင်းနှင့်ကိုယ်။





"ဘယ်လိုဖြစ်ရတာလဲ လှဲ့ရည်ရယ်၊ မင်း ဘာလို့ ပြောင်းလဲသွားရတာလဲ၊ ကိုယ်ကတော့ မင်းကို ချစ်လိုက်ရတာ"

"ဘာချစ်တာလဲ၊ ရှင့်ကြောင့် ကျွန်မဘဝ ပျက်စီးခဲ့ရတာ စုတ်ပြတ်သတ်သွားတာပဲ"

"အဲဒါက မေမေ့ကို မလွန်ဆန်နိုင်လို့ပါကွာ၊ အခု ကိုယ်လေ လှဲ့ရည်ကို တကယ်လက်ထပ်မယ် သိလား"

"ရှင် လေကို မဝယ်ရတိုင်း မပြောနဲ့ ကိုထွန်းခေါင်"

"လှဲ့ရည်ကလည်းကွာ ဒီတစ်ခါ တကယ်လက်ထပ်ပါ့မယ်ဆို၊ ကိုယ့်ကို လက်ခံစမ်းပါ"

ဦးထွန်းခေါင်က သားကောင်အလစ်ကို ချောင်းနေတဲ့ ကျားပဲလေ။ လှဲ့ရည်အလစ်မှာ အတင်းဝင်ဖက်ပြီး ပခုံးကို ဖိချုပ်ထားလေ၏။

"လူယုတ်မာကြီး လွှတ်စမ်း"

"ခွမ်း"

လှဲ့ရည်ကိုင်ထားသော ပန်းကန်လုံးက လွတ်ကျပြီး ကွဲသွားလေ၏။ ဦးထွန်းခေါင်ကတော့ ရမ္မက်ဆန်သောမျက်နှာကြီးနှင့်သာ သူ့ဆန္ဒတွေ ပြည့်ဝဖို့ ကြိုးစားနေ၏။

"ရှင် . . . ရှင်နော် . . . လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လှိုပါ လှဲ့ရည်ရယ်"

"ခွေးစကားမပြောနဲ့ ခွေးကြီး"

"အဟမ်း ... အဟမ်း"

"ဟင်"

လိုသည်ထက်ပို၍ ကျယ်လောင်သော ချောင်းဟန့်သံကြောင့် ဦးထွန်းခေါင် နောက်သို့ ဆုတ်သွားလေသည်။

"ဟင် ... မင်း"

ထမင်းစားခန်းဝမှာ ခပ်တည်တည်နှင့် ရပ်နေသူက မိုးထက်။ အိမ်က နှစ်ထပ်တိုက်အကျယ်ကြီးမို့ ဒီမှာ ဖြစ်ပျက်နေကြတာကို ရုတ်တရက် မသိနိုင်ကြပေ။ မိုးထက်တောင် ဗိုက်ဆာသလိုရှိလို့ ဝင်လာခဲ့တာမို့ ဒီလိုမျက်စိရှက်စရာတွေ တွေ့ရတာဖြစ်၏။ မြင်တော့လည်း ဥပေက္ခာပြုပြီး မထားခဲ့နိုင်။

"မင်း ဘာလာလုပ်တာလဲ"

"ကျွန်တော် ဗိုက်ဆာလို့ ဝင်လာတာပါ"

"မင်း တို့ကိစ္စကို မြင်သွားပြီပေါ့"

"ဆိုပါတော့"

ဦးထွန်းခေါင်နှင့်မိုးထက် မျက်နှာချင်းဆိုင်ရပ်မိကြစဉ် ဒေါ် လှဲ့ရည်က မျက်ရှည်စက်တို့နှင့် လှစ်ခနဲ ပြေးထွက်သွား၏။ စားခါနီး





ထမင်းလုတ်ကို ပုပ်ချခံရသလို ဦးထွန်းခေါင် ဒေါသတွေ ဖြစ်လျက်။

"အေး ... မြင်တာကို မျက်လုံးထဲမှာပဲ ထား။ ပါးစပ်ကို တူးပြီး စည်းချုံးရင် လျှာရှည်တဲ့ပါးစပ် ထမင်းငတ်တတ်တယ်ဆိုတာ မှတ်ထား"

"မငတ်အောင် ရှာစားတတ်ရင် မငတ်ပါဘူး"

"ဘာကွ"

"ဒါပေမဲ့ ... စိတ်ချပါ။ ပါးစပ်က စောင့်စည်းဖို့တော့ ကတိ ပေးပါတယ်၊ နောက်တစ်ခါ ထပ်တွေ့မယ်ဆိုရင်တော့"

"ဘာဖြစ်လဲ"

"လက်က စောင့်စည်းမှာမဟုတ်ဘူးဆိုတာ သတိပေးမလို့"

"ဘာ ... မင်း"

မိုးထက် သူ့မျက်နှာဆီသို့ တန်းဝင်လာတဲ့ လက်သီးကို ဖမ်းဆုပ်လိုက်၏။ အိမ်ရှင်နဲ့ လူ့ကျင့်ဝတ်သိက္ခာ ပူးတွဲ၍ မလေးစား နိုင်။ မကောင်းတဲ့လူကို ဘုရားတစ်ဆူ ဂူတစ်လုံးလုပ်နေရင် အဲ့ဆိပ် ပင် ရေလောင်းဖြစ်မှာပေါ့။

"ခင်ဗျားမှာတင် လက်ပါတာ မဟုတ်ဘူး ဦးထွန်းခေါင်"

"တောက်"

ဦးထွန်းခေါင် မကျေမနပ်နှင့်ပဲ ထွက်သွားလေ၏။ မိုးထက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတစ်လုံးကို ဆွဲထိုင်ပြီး အတွေးတွေ ကစဥ့်ကလျား ဖြစ်ကုန်သည်။ ဦးထွဋ်ခေါင်ဆိုတဲ့လူ ဒီလောက် လက်ရဲဇက်ရဲဖြစ်နေတာ ဒေါ်လှဲ့ရှည်နဲ့ ဟိုတုန်းက ဇာတ်လမ်းတွေ ရှိခဲ့ဖူးလို့လား။ မမကို စော်ကားလိုက်တာလည်း ဒီလူပဲလားလို့ တွေးမိ၏။

လောလောဆယ်ဖို့မှာ . . .

ဦးထက်ခေါင်က ဂုဏ်သရေရှိလူကြီးလူကောင်းပီသနေတော့ ခန့်မှန်းရခက်နေသည်။ တစ်နေ့တော့ အဖြေမှန်ပေါ်လာမှာပေါ့။ ဘယ်သူမပြု မိမိမှုပဲပေါ့။ အတုံ့အလှည့်ရဲ့အရသာကို ပေးပြီးမှ ဟားတိုက်ရယ်မောနိုင်ဖို့ သူတို့တူဝရီး ဒုက္ခခံနေတာလေ။

"အစ်ကိုမိုးထက်"

"ဟင်"

မိုးထက် လှည့်ကြည့်လိုက်တော့ မြသားရောင်။

"ဘာတွေ တွေးနေတာလဲ အစ်ကိုမိုးထက်ရဲ့၊ မြသားခေါ်တာ သုံးခွန်းရှိပြီ"

"ဟုတ်လား . . . ဆောရီးကွာ၊ ကိုယ် အတွေးလွန်သွားတာ"

"ဘယ်သူ့အကြောင်း တွေးနေတာလဲ ပြောပါဦး"

"ဦးထွဋ်ခေါင်ရဲ့အကြောင်းပါ"





"ဦးထွဋ်ခေါင်က ဘာဖြစ်လို့လဲ အစ်ကိုမိုးထက်ရဲ့"

အင်း . . . မပြောမပြီး မတီးမမြည်ဆိုသလို ရိုက်ဖမ်းသံဖမ်းပြောပြပြီး ဒီကောင်မလေးကို သတိပေးထားဦးမှ။ ကျားဆိုတာ ဘယ်သတ္တဝါကိုမှ စားပွဲမယ်လို့ ကတိကဝတ်ပြုပြီး သစ္စာစောင့်သိမှာမဟုတ်ပဲ။ မြသားရောင်က လှသည်။ အဖြူသက်သက်ကလေးမို့ပြီး စိုးရိမ်ရတာလေ။ နောက်ထပ်ဆိုတာ ရှိမလာစေရအောင် တတ်နိုင်သလောက် ကာကွယ်ထားရမှာပဲပေါ့။

"မြသားရောင်"

"ရှင်"

"မင်းကို ကိုယ် တစ်ခုတော့ သတိပေးချင်တယ်"

"ဟုတ်ကဲ့ . . . ပြောပါ အစ်ကိုမိုးထက်"

"မင်း . . . ဦးထွဋ်ခေါင်ကို သတိထားပြီး ဆက်ဆံပါ၊ အဲဒီလူကြီးက ဘီလူးကြီး"

"ဟင် . . . ဟုတ်လား၊ အစွယ် ဘယ်လောက်ရှည်လဲဟင်"

"ဘာ"

မိုးထက် ဒေါ်ဖောင်းသွားတော့ မြသားက ရယ်နေသည်။

"မင်းက ငါ့စေတနာကို စော်ကားတာလား"

မိုးထက်မျက်နှာ တည်တင်းသွားပေမယ့် မြသားက ရှိစွယ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်လေးလို ဘာကိုမှ မသိနားမလည်သည့်ပုံစံလေးနှင့်။

"မြသားက စတာပါ အစ်ကိုမိုးထက်ရဲ့"

"စရအောင် ငါက နင့်သူငယ်ချင်းလား"

"စတယ်ဆိုတာ ခင်လို့လေ၊ မြသားက မခင်ရဘူးလား ပြော"

အဖြေရခက်အောင် မေးတတ်တဲ့ ကောင်မလေးပါလား။

"ဟိတ် ... ဘာတွေဖြစ်နေကြတာလဲ"

"ထိုက်"

ထိုက်လက်ထဲမှာ အဝတ်အစားအိတ်တွေနှင့်မို့ မိုးထက်မျက်မှောင်ကြုတ်သွားလေ၏။ ဒီကောင် သူ့ကို မတိုင်ပင်ဘဲ ဝယ်လာတာ ထင်ပါရဲ့။ အိမ်ကိုများ ပြန်ပြီး ပိုက်ဆံယူလာသလား။ ဒီအိမ်ရှင်တွေက ဘယ်က ပိုက်ဆံရလို့ ဝယ်သလဲမေးရင် ဒုက္ခ။

"ထိုက် ... မင်း ဘာတွေလုပ်လာပြန်လဲကွ"

"ဘာလုပ်လို့လဲ လေးလေးရဲ့"

"ဒါတွေက"

"မ ဝယ်ပေးတာလေ၊ သူများ ဝယ်ပေးတာငြင်းလို့ မကောင်းလို့ ယူလာတာ"

"ဘာ"





မိုးထက် ရင်ပူသွားရ၏။ ဒီကောင် ရည်ရွယ်ချက်တွေကို မေ့ပြီး ဘယ်ကောင်မလေးနဲ့ ခြေရှုပ်နေပါလိမ့်။

"ထိုက်"

"ဗျာ"

"မ,ဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ ငါ့ကို မှန်မှန်ပြောစမ်း"

"တလွဲမတွေးပါနဲ့ လေးလေးရာ၊ ကျွန်တော်ပြောတဲ့ 'မ' ဆိုတာ ချစ်ပိုးအိမ်ကို ပြောတာဗျ"

"ဟင်"

မိုးထက် ထိုက်ရဲ့လက်ကိုဆွဲပြီး အပြင်သို့ ခေါ်လာခဲ့၏။ 'မ' လို့ ခေါ်ပုံထောက်မှတော့ အခြေအနေက သာမန်လေး မဖြစ်နိုင်။ သိချင်ဇော ကသောကမျောနိုင်လွန်းလှ၏။

"ဘာလဲ လေးလေးရဲ့"

"ငါ့ကို ပြန်မမေးနဲ့၊ ငါမေးတာကိုပဲ ဖြေ"

"ကဲ ... မေးဗျာ"

"မင်းနဲ့ပိုးအိမ် ဘယ်အခြေအနေရောက်နေပြီလဲ"

"အချိန်က မကြာသေးတော့ အဆင်ပြေရုံပဲ ရှိသေးတာပေါ့ လေးလေးရ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ... ဘာဖြစ်လဲ ဆက်ပြော"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က ဘေးဘီကို ဝေ့ကြည့်ပြီး အသံခပ်အုပ်အုပ်နှင့်..

"သူ့ဘက်ကတော့ ပြောင်းသွယ်နေပြီလေ၊ ကျွန်တော်က ဥယံအောင် အချိန်ဆွဲနေသေးတာ"

"သိပ်ပြီးလည်း အိုက်တင်တွေ ခံမနေနဲ့ဦး။ မင်းနဲ့ အဆင်ပြေရင် ငါ ကြိုးစားစရာ မလိုတော့ဘူးပေါ့"

"စိတ်ချ လေးလေး ... ထိုက်ပါဗျ"

မိုးထက် ကျေနပ်စွာပြုံး၍ ထိုက်ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ခကြွေးတောင်းဖို့ လာခဲ့တာ အခု အကြွေစေ့က အကြွေးရှင်လက်ဲကို ခေါင်းပန်းလှန်ရင်း တည့်တည့်လာကျလေတော့ ...

အဟွန်း ...

ရင်ထုငိုဖို့ မျက်ရည်တွေ စုထားလိုက်ကြဦးပေါ့လေ။

❑ ❑ ❑



## အခန်း (၁၁)

အဝတ်အကောင်းစားတွေနှင့် အလန်းဇယားခင်းလာသော ထိုက်ကို သူငယ်ချင်းတွေက အားကျမျက်လုံးတွေနှင့်ကြည့်၍ ကျေနပ်နေကြသည်။ ထိုက်က ချောလွန်းလို့ ကင်းဘွဲ့ရထားသူ။ အရင်က ကိုယ်တိုင်ကား အကောင်းစားကြီးကိုမောင်းပြီး ကျောင်းတက်နေပြီးမှ နောက်တော့ အခြေအနေအရပ်ရပ်ကြောင့်ဆိုပြီး ပုံစံပြောင်းသွားသည်။

ဆင်းရဲသားပုံဖမ်းပြီး ဘာတွေထွင်တာလဲ မေးတော့ မေးလို့မရ။ ကိုယ့်အကြောင်းနဲ့ကိုယ်တဲ့။ အခုလိုပုံစံမျိုးနဲ့ မမြင်ရတာ ကြာပြီဆိုတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ထိုက်"

"ဟင်"

ထိုက်က သခွားသီးဖျော်ရည်ဖန်ခွက်ကို ထူးအောင်ရှေ့သို့ ချပေးရင်း ထူး၏။

"မင်း ဘဝပြောင်းသွားပြန်ပြီလား"

"မင်းစကားကလည်း ထိုက်ကပဲ သေသွားသလိုလို"

"မင်း အဖေရိုက်သတ်တောင် မသေဘူး"

"စကားကို ရှင်းအောင်ပြောလေကွာ"

"ငါပြောတာက ထိုက်ပုံစံပြောင်းလာပြန်လို့ ပြောတာကွ"

"ဩော် . . . ဂလိုကိုး"

"အေး . . . ဂလိုပဲ . . . ဂလိုပဲ"

ဒီလိုပဲကို အရွှန်းဖောက်ရင်း ဂလိုပဲလို့ ပြောနေတာ အကျင့်ပါနေပြီဖြစ်တဲ့ သူငယ်ချင်းတွေ။ ဒီလိုဝတ်လာရင် ဒီလိုမေးကြမယ်ဆိုတာ ထိုက် ထင်ပြီးသားပါ။ ဒါကြောင့်လည်း ထိုက်မှာ အဖြေအဆင်သင့်ရှိနေ၏။

"ထိုက်"

"မြင်နေရဲ့သားနဲ့ ဘာလို့ခေါ်နေတာလဲ"

"အမယ်လေး မိကျောင်းမျိုးနွယ်ဝင်ကြီးရယ်၊ ထူးလိုက်ရင်





'ဟင်' တစ်လုံးတည်းနဲ့ ပြီးသွားမှာမဟုတ်ဘူးလား။ အခု မင်းပြောမှပဲ ရှည်ကုန်ပြီ"

ထူးအောင်က အစကတည်းက လျှာရှည်တဲ့ကောင်မို့ စကားပြောရင် ရေပက်လို့ဝင်မှာ မဟုတ်ပေ။

"ကဲ . . . ပြော . . . မင်း ဘာပြောမှာလဲ"

"မင်း ဘဝဟောင်းကို ပြန်ရောက်သွားပြီလားလို့ မေးချင်တာ"

"နိုး"

"ဒါဆို"

"စပွန်ဆာရှိလို့ ဒီပုံစံပြောင်းသွားတာပေါ့"

"စပွန်ဆာ"

"အေးလေ"

"တယ်ဟုတ်ပါလားကွ၊ မင်းကို စပွန်ဆာပေးတာ ဘယ်သူလဲ ပြောပါဦး"

"မ"

"ဟေ"

"ဟား ဟား ဟား"

နန္ဒက ဘာမပြော ညာမပြောနှင့် ထရယ်လေသည်။ ထိုက်က



www.burmeseclassic.com

www.burmeseclassic.com



၊’ ဆိုတာကို ထူးအောင်က ‘ဟေ’ လို့ ပြန်လုပ်တော့ နန္ဒက ၁မိပ္ပာယ်တစ်မျိုး ကောက်လိုက်ခြင်းပါ။

“မင်းက ဘာရယ်တာလဲ”

“မင်း ခြောက်သွားပြီ ထူးအောင်၊ နေမလှန်းဘဲကို ခြောက် ဘွားတာ”

“ဘာကွ”

“မင်း ပြန်စဉ်းစားကြည့်လေ၊ ထိုက်က ‘မ’ လို့ ခေါ်ပြတာ ဘို မင်းက ‘ဟေ’ လို့ ပြန်ထူးတာ”

“အဲဒါ အုံသြလို့ ထွက်လာတဲ့ အာမေဍိတ်သံကွ”

“မသိဘူးလေ၊ ငါက မင်း ဘဝပြောင်းသွားပြီလားလို့”

နန္ဒက ရယ်နေတာ မပြီးနိုင် မစီးနိုင်။ ထိုက်လည်း သဘော ပါက်ပြီး ရယ်ပေမယ့် ထူးအောင်က မျက်နှာကြီး နီသွား၏။ ဒါပေမဲ့ ..စပ်စုလိုစိတ်ကလည်း မိမနိုင်ဖမနိုင် သားသမီးလိုဖြစ်နေတာမို့ ဘိုက်ဘက်သို့ မျက်နှာပြန်လှည့်လာသည်။

“မ,ဆိုတာ ဘယ်သူလဲ ထိုက်”

“မ,ဆိုမှတော့ စုံမဟုတ်လို့ပေါ့”

“နန္ဒ”

“ဒါမှမဟုတ် မမစစရှိတဲ့ အတွင်း ၃၇ မင်း အပြင် ၃၇





မင်းထဲက နတ်တစ်ပါးပဲ ဖြစ်မှာပေါ့၊ ဟုတ်လား ထိုက်”

“အင်း ...မနဲ့လေးလေး၊ ဘဲဥလေးကိုင်ပြီး ...ဟာ ဘာတွေမေးနေတာလဲ နန္ဒရာ”

ထိုက်ပါ စကားတွေ မှားကုန်တော့ နန္ဒကို တုတ်ကုန်ကြ၏။ ပြောမနာ ဆိုမနာမို့ နန္ဒက အရယ်မပျက်ပေ။

“ဒီမှာ စကားအကောင်းပြောနေတာကို မင်း ဝင်ဝင်မဖောက် နဲ့ နန္ဒ”

“ဖောက်ရအောင် ငါ့မှာ လွှန်မှမပါတာ”

“နန္ဒ ... မင်း”

“အိုး ... မြတ်စွာ Bagoda”

ထူးအောင် လက်သီးနှင့်ရွယ်တာကိုပဲ အရှုန်းဖောက်ကာ နန္ဒက တရုတ်ဘုန်းကြီးလို လက်တစ်ချောင်းထောင်ကာ လုပ်ပြလေ တော့၏။

“မင်း ရှုပ်တာနဲ့ လိုရင်းကို မရောက်နိုင်တော့ဘူး”

ထူးအောင် မကျေမချမ်းဖြစ်နေ၏။ ထိုက်အကြောင်းကို သူ ဘာ စိတ်ဝင်စားနေသူလေ။ ထိုက်က အခုထိ အဲလေ မနေ့ကအထိ သို့ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားတယ် မပြောဖူးလေတော့ ကောင့်ကို စပွန်ဆာပေးတဲ့ မိန်းကလေးက တော်ရုံထဲက ဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက် ဘာတွေစတန့်ထွင်နေတာလဲ သိချင်နေ၏။

ထိုက်က ...

ပညာရေးမှာရော၊ စိတ်ဓာတ်ရေးရာပါ ထက်မြက်သူ။ ဒါကိုပဲ ထူးအောင်က အားကျခဲ့သူဖြစ်၏။

"မ,ဆိုတာ ဘယ်သူလဲ၊ အဲဒါကို မင်းသိချင်တာ မဟုတ်လား"

"အေး ... ဟုတ်တယ်"

"မင်း မကြာခင် တွေ့ရမှာပါ။ ဒီဆိုင်ကို လာခဲ့ဖို့ သူ့ကို ငါ ချိန်းထားတယ်"

"ဟုတ်လို့ချေလားကွ"

"ဟုတ်ဆို ထိုက်ပဲလေကွာ၊ မပိုင်ရင် ခြင်တောင်မရိုက်ဘူး"

"ပိုင်ပိုင်နိုင်နိုင် ကြမ်းပိုးကိုပဲ ဖျစ်နမ်းတာ မဟုတ်လား"

နန္ဒစကားက ထိုက်အကြောင်းနှင့် တိုက်ဆိုင်နေတာမို့ ပြုံးရမလို တည်ရမလိုဖြစ်သွား၏။ ပိုးအိမ်ကို မချစ်ဘဲ အောင့်နမ်းနေရတာမို့လေ။ စိတ်ရှိတိုင်းသာဆို မျက်နှာကို တံတွေးနှင့်သာ ထွေးပစ်လိုက်ချင်၏။ သူ့ကို မမုန်းပေမယ့် မုန်းစေချင်သော အကြောင်းတရားတွေကို လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားသူက သူ့မိဘတွေ။





ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို အရွယ်ရောက်လာကတည်းက လေးလေးဆီက ကြားနေရတာ ဒေါ်ကြီးအကြောင်းတွေ။ ဒေါ်ကြီးက ဦးထက်ခေါင်တို့အိမ်မှာ အိမ်ဖော်လုပ်ပြီး အငယ်တွေကို ကျောင်းထားပေးရတာတဲ့။ နောက်တော့ မဖုံးနိုင်၊ မဖိနိုင်ဖြစ်လာပြီး အိမ်ပြန်ခဲ့ရတာတဲ့လေ။ မီးဖွားပြီး ဆုံးသွားသည်အထိ ကလေးအဖေ ဘယ်သူဆိုတာ ဖွင့်မပြောခဲ့ပေ။ ဒါကို လေးလေးက နာကြည်းပြီး စာကြိုးစားသည်။ ကလေးကရော မေးတော့ အဖတ်မတင်ဘူးတဲ့။ တော်သေးတာပေါ့။ အဲဒီကလေးက အဖတ်မတင်လို့။

နောက်တော့ ...

အဘွားကပဲ မတတ်နိုင်တတ်နိုင်နဲ့ ချေးငှားပြီး ကျောင်းဆက်ထားခဲ့တာ။ အဲဒီမှာတင် ထိုက်မေမေနဲ့ဖေဖေလည်း ထိုက်ကိုမွေးပြီး သိပ်မကြာခင်မှာ ရေဆင့်နောက်ဆင့် ဆုံးသွားကြတော့ အဘွားနဲ့လေးလေး ပိုပြီး ဒုက္ခရောက်ရပြန်သည်။ ဒါတောင် လေးလေးက ဖွဲမလျှော့ဘဲ ဇနကထုံးနှလုံးမူပြီး ကြံရာအလုပ်လုပ်ရင်း ဆယ်တန်းကို အပြင်ကနေ ဖြေခဲ့သည်တဲ့။ ယောက်ျားတို့ဖွဲ့ သေကာမှလျှော့မယ်ဆိုပြီး လေးလေးက ဘယ်အလုပ်မဆို မရှောင်တမ်း လုပ်သည်။

လေးလေးရဲ့ရိုးသားမှု၊ ကြိုးစားမှုတွေကြောင့် တစ်နေ့တော့ ကူညီမယ့်သူ ပေါ်လာ၏။ သစ်စက်တစ်ခုမှာ အလုပ်ဝင်လုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခဝေးသင်တာက်နေတာကို သိသွားတဲ့ သူ့ဘွေးက မိုးထက်ကို သဘော
ချကာ အစစအရာရာ ကူညီပံ့ပိုးပေးခဲ့လို့ နိုင်ငံခြားသွားရသည်အထိ
စ်လာခဲ့သည်။

"ထိုက်"

"..."

"ဟော့ကောင် ... ထိုက်"

"အင် ... ဟင်"

"ဘာဖြစ်တာလဲ ထိုက်ရာ၊ ငုတ်တုတ်ကနေ ငိုက်နေသလား
ဒ့"

ထိုက် အတွေးနယ်ကျွံနေရာမှ နူတ်ထွက်ပြီး ခေါင်းမော့
ဝိုက်စဉ် ...

"ဟင်"

"ဘာလဲကွ"

ထိုက်ကြည့်ရာသို့ အားလုံး လိုက်ကြည့်လိုက်ကြ၏။ ပြီးမှ
ဲ' ကို ပြုံးပြလိုက်ကာ ...

"လာ ... ထိုင် မ"

"နည်းနည်းနောက်ကျသွားတယ်၊ ဆောရီးနော် ထိုက်"

ခေါင်းညိတ်ပြပြီး ထိုက်က ခုံကို ဆွဲပေးလိုက်၏။ ပိုးအိမ်တို့





သူငယ်ချင်းတစ်စု ဝင်ထိုင်ကြလေတော့ ...

"မနဲ့ မိတ်ဆက်ပေးဦးမယ်၊ ဒါ ... ကျွန်တော့်သူငယ်ချင်း
တွေလေ၊ သူက ထူးအောင်၊ သူက နန္ဒတဲ့"

"မင်းသားပေါ့"

"ဟုတ်တယ်၊ ဒီကောင်က မင်းသားလေ၊ ဇာတ်ကားတိုင်း
မှာ မလွတ်စတမ်းကိုပါတာ၊ ဇာတ်ကားအစမှာ ဆေးလိပ်လက်ကြား
ညှပ်ပြီး အရင်ပေါ်လာတာ သူပေါ့"

"ခွေးကောင်"

နှစ်ဖွဲ့ပေါင်း၏ရယ်သံတွေက အုတ်အုတ်ကျက်ကျက်။ လူ
များလို့ စကားသံများတာကိုပဲ ပျော်စရာလို့ ထင်နေကြသူတွေ။ ပိုးအိမ်
ကလည်း သူ့သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးသည်။ ဒီလိုပဲ စကြ
နောက်ကြရင်း ရင်းနှီးမှုလေးတွေ ရှိလာကြ၏။

"ထိုက်"

"ဟင်"

"တို့ ရှောင်ပေးဖို့ လိုသေးလား"

"အို"

ပိုးအိမ်မျက်နှာလေး ရဲသွားလေ၏။

"ဟာ ... မင်းတို့ ဘာတွေပြောနေတာလဲ၊ 'မ' နဲ့ငါက



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသားသားကွ''

''မ,လို့ ခေါ်တာ ရိုးရိုးသားသားလားကွ၊ ခုမှ ရှက်မနေပါနဲ့ကွာ''

''ဟာကွာ ... ပြောလေ ကဲလေပါလား''

ထိုက်ရော ပိုးအိမ်ပါ မျက်နှာတွေ ဘယ်လိုထားရမှန်းမသိတော့။ နောက်မှ ထိုက်က ရွဲ့ကာ ...

''ကဲ ... ဒီလောက်ပြောနေတာ ခုမှတော့ မထူးပါဘူး မ,ရယ်၊ မ,ကို ကျွန်တော် ချစ်တယ်၊ နောက်ထပ် ချစ်စကားလှလှလေးတွေ ခွန်းခြွေပါးဖို့ ... လာ ... မောင့်နောက်ကို လိုက်ခဲ့''

''အို''

ပိုးအိမ် ဘာမှမပြောနိုင်ခင်ဘဲ ထိုက်ဆွဲခေါ်ရာနောက်သို့ပါသွား လေတော့သည်။

❑ ❑ ❑



## အခန်း (၁၂)

''အန်တီ ကျွန်တော့်ကို ခေါ်တယ်ဆို''

''ဟုတ်တယ် ထိုင်ပါဦး''

မိုးထက် ထိုင်လိုက်သည့်တိုင် ဒေါ်မျိုးမြင့်မြတ်မာန်နှုတ်မှ ဘာစကားတစ်ခွန်းမှ ထွက်မလာသေးပေ။ ကိုယ့်ကို ဂရုမစိုက်သလိုနှင့် စိန်နားကပ်တစ်ရံကိုသာ စူးစိုက်ကြည့်နေသည်။ ငါးမိနစ်လောက်ကြာသည်အထိ ဘာသံမှ ထွက်မလာသေးတော့ မိုးထက် စိတ်မရှည်နိုင်တော့။

''အန်တီ ... ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လဲ မသိဘူး''

မိုးထက်ပြောလိုက်တော့မှ စိန်နားကပ်ကို ဗူးထဲသို့ ပြန်

www.burmeseclassic.com



ထည့်ပြီး မိုးထက်ဘက်သို့ မျက်နှာလှည့်လာသည်။

"မင်းကို သတိပေးစရာရှိလို့ ခေါ်ခိုင်းလိုက်တာပါ"

"ဟုတ်ကဲ့ ပြောပါ အန်တီ"

"မင်း ဒီအိမ်ကနေ ထွက်မသွားချင်ဘူးဆိုရင် မင်းရဲ့တူကို ဆင်ခြင်ခိုင်းပါ"

"ဗျာ"

"ငါ့သမီးနဲ့ ရင်းရင်းနှီးနှီးနေတာကို ငါမကြိုက်ဘူး"

ဇာတ်လမ်းကတော့ စလာပြီ။ ဝတ္ထုတွေ ဇီဒီယိုတွေထဲကလို သူဌေးသမီးနဲ့ ဆင်းရဲသားဇာတ်လမ်းပေါ့။ ဒါပေမဲ့ . . . သူတို့ တူဝရီးက မင်းသားတွေလိုတော့မဟုတ်။

"ဒါကတော့ အန်တီ့သမီးအပေါ်မှာ မူတည်ပါတယ်"

"ဘာ"

"လက်ခုပ်ဆိုတာ တစ်ဖက်တည်းတီးလို့ မမြည်ပါဘူး အန်တီ"

"အေး . . . မင်းပြောတာ မှန်တော့ မှန်ပါတယ်၊ ဒါပေမဲ့ လက်တစ်ဖက်ကို ချုပ်ထားရင် တစ်ဖက်တည်းတီးလို့မရဘူးဆိုတာ တော့ မင်းသိမှာပေါ့"

"ကျွန်တော့်ဘက်က လက်ကို ချုပ်ထားဖို့က ပန်မလေး





ပါဘူး၊ အဲဒီချုပ်ထားတဲ့လက်ကို လာတီးမယ်ဆိုရင်"

"ဒီမှာ မိုးထက်"

". . ."

"ငါက ငါ့သမီးကို ရွှေလိုဥပြီး နေတစ်ပြောက်မထိုး၊ မိုး တစ်ပေါက်မခအောင် ထားတာဟဲ့"

"ဖွဲကလည်း ဖွဲ့ဂုဏ်၊ ဆန်ကွဲကလည်း ဆန်ကွဲဂုဏ်တော့ ရှိပါတယ် အန်တီ"

"ငါကလည်း ဆွမ်းဆန်ထဲ ကြွက်ချေးရောမခံနိုင်လို့ ပြော နေရတာပေါ့"

ဒရိုင်ဘာဆိုတဲ့ဘဝကို ပစ်ချပြီး စိတ်လွတ်ကိုယ်လွတ်ပြော လိုက်ရရင် မကြားဝံ့မနာသာတွေ ဖြစ်ကုန်တော့မည်။ စိတ်ဓာတ် အောက်တန်းကျတဲ့ သူတို့ကမှ မစင်ကို လာလျက်တဲ့ ခွေးတွေ မဟုတ် ဘူးလား။ သူများဥကျတော့ ဖောက်လိုဖောက်၊ သောက်လိုသောက် လုပ်ခဲ့ကြပြီး . . .

ကိုယ့်ဥကျမှ . . .

ရွှေဥလို တသသလုပ်နေတာ တရားသလား။ သူတို့က နွားသတ်သမားလိုလေ။ နွားကိုတော့ လည်ပင်းလှီး ထိပ်ထုသည်ပြီး နောက်က နွားဇော့မှာကိုတော့ ကြောက်နေသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ခုလိုသတိပေးတာ သူတို့က ဘယ်အခြေအနေထိ ရောက်နေကြလို့လဲ"

"ဘာမှမဟုတ်တဲ့ အမှိုက်တစ်စကနေ ပြာသာဒ်အထိ မီးလောင်တတ်တာ မင်းသိပါတယ်၊ အခု မီးမလောင်ခင် မင်းကို အမှိုက်သိမ်းခိုင်းနေတာပဲ မိုးထက်"

မိုးထက် တစ်ဖက်လှည့်ပြီး မဲ့ပြုံး ပြုံးလိုက်ပြီးမှ . . .

"ကောင်းပြီလေ . . . ကျွန်တော့်ဘက်က အမှိုက်ကို ကျွန်တော် မလွင့်အောင် သိမ်းပါ့မယ်"

"မင်း ကတိတည်ပါစေ"

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ် အန်တီ"

"ဘာလဲ"

"မီးကစပြီး အမှိုက်ပုံထဲကို လွင့်လာရင်တော့ ကျွန်တော်လည်း တတ်နိုင်မှာမဟုတ်ပါဘူး"

"ဘာပြောတယ်"

ဒေါ်မျိုးမြင့်မြတ်မာန် လက်သီးပင် ဆုပ်မိသွား၏။ ထိုက်ဆိုတဲ့ ကောင်လေးနဲ့ သမီးက တွဲနေသည်တဲ့။ ရိုးရိုးပဲဖြစ်ဖြစ် ဆန်းဆန်းပဲဖြစ်ဖြစ် မိဘဆိုတာ သူများ နားမဆန့်သာလို့ လျှံထွက်လာတဲ့ သတင်းမှ ကြားရတာလေ။ ကောင်လေးက ဆရာဝန်လောင်း ရုပ်ချော





လေးပေမယ့် . . .

နောက်မှ ရွှေပဒေသာပင်ပေါက်မှာကို သူမ မလိုချင်။ လောလောဆယ် ဥတဲ့ ရွှေဥတစ်လုံးကို လိုချင်တာပဲ ဖြစ်၏။ ဂုဏ်ချင်းထပ်တာပဲ မြင်ချင်ပြီး မိုးကြိုးသွားကို ရွှေသားမှတ်တာမျိုး မလိုချင်တာ မိခင်တစ်ယောက်ရဲ့အတွက်ပဲလေ။

"ငါ အပြတ်ပဲပြောမယ် မိုးထက်"

"ဟုတ်ကဲ့ ပြောပါ"

"တားနေတဲ့ကြားက တိုးပြီး ပတ်သက်လာရင် ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ဒီအိမ်ကနေ ထွက်သွားကြ"

မိုးထက် ဟားတိုက်ပြီး ရယ်မောလိုက်ချင်၏။ အစားရမဲ့ အသောက်ရမဲ့ တဝမ်းလို့ ခင်ဗျားအိမ်မှာ ကျွန်လာခံတယ်လို့များ ထင်နေသလား ဒေါ်မျိုးမြင့်မြတ်မာန်ရယ်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မိုးထက်ရင်ထဲမှာ မကျေနိုင် မလည်နိုင် ဖြစ်နေ၏။ ရည်ရွယ် ချက်တွေ အဆုံးမတိုင်သေးလို့ ကြိတ်မှိတ်သည်းခံနေရတာသည် မိ တစ်ဖက် ရေမှတ်တစ်ဖက်အဖြစ်မျိုး။ ပိုးအိမ်ဆိုတဲ့ကောင်မလေး သူ့ကို စိတ်မဝင်စားဘဲ ထိုက်ကို စိတ်ဝင်စားနေလို့သာပေါ့။ သူလည်း တတ်နိုင်သလောက် ချဉ်းကပ်ကြည့်သည်။ ထိုက်မျက်နှာနဲ့ ကိုယ့် ပြေပြေလည်လည် ဆက်ဆံပေမယ့် ...

တွေ့တိုင်းဆုံတိုင်း ပြောလိုက်သမျှ ပိုးအိမ်ပါးစပ်က ထိုက် အကြောင်းချည်းသာ။

ကိုယ့်ဘက်ကိုသာ ယိမ်းလာလို့ကတော့ ...





ပွဲသိမ်းပြီပေါ့။ ထိုက်လည်း ကြိုးစားတော့ ကြိုးစားနေတာ ပဲ။ မိုးထက်ကိုက အာယာတတွေကြီးပြီး မနက်ဖြန်ဆိုတာကိုတောင် ကြာတယ်လို့ထင်သည်။

"အား"

"ဟင်"

အော်သံကြားလို့ လှည့်ကြည့်လိုက်တော့ မြသားရောင်။ နှင်းဆီပန်းတွေကတစ်ဖက်၊ ကတ်ကြေးကတစ်ဖက်နှင့် အလုပ်ရှုပ် နေ၏။ ဆံနွယ်ရှည်ကြီးတွေက နှင်းဆီပင်မှာ ငြိနေတာ ဖယ်မလို့ လုပ်နေတာ ကတ်ကြေးကိုင်ထားသည့်လက်ကမှ မတော်လို့ ဆံပင် တွေကို ညှပ်မိသွားရင် ...

မိုးထက် ...

အမြင်မတော်ခြင်းတွေနှင့် ခပ်သွက်သွက်လျှောက်သွား လိုက်၏။

"ခဏနေဦး"

မြသားက သူပြောတာကို မကြားဘဲ ဆံပင်တွေကိုသာ ဟို ဒီဆွဲလုပ်နေသဖြင့် ...

"နေဦးလို့ ပြောနေတယ်လေ"

"အား"



www.burmeseclassic.com

www.burmeseclassic.com



"နွားလို ကန်ရုန်းမနေနဲ့၊ ဒီဘက်ကို ခေါင်းပြန်ငဲ့"

"နာလို့ အစ်ကိုမိုးထက်ရဲ့"

စိတ်မရှည်စွာ မိုးထက် မြသားပခုံးကနေ ကိုင်ပြီး နှင်းဆီပင် ဘက်သို့ တွန်းပို့လိုက်၏။ ဒီတော့မှ တင်းနေတဲ့ဆံပင်တွေက လျော့သွားသည်။

မိုးထက် ငြိနေတဲ့ဆံပင်တွေကို ဖြည်းဖြည်းချင်း ဖယ်ထုတ်ပေးနေတော့ မျက်နှာနှစ်ခုက နီးကပ်နေ၏။ နှာခေါင်းထဲသို့ တိုးဝင်လာသော ရှင်မတောင်သနပ်ခါးနံ့သင်းသင်းကြောင့် တစ်မျိုးကြီးဖြစ်သွားတာ ရင်ဘတ်ရဲ့ ဘယ်ရပ်ဝန်းဒေသကမှန်းမသိ။

"ရပြီ"

"ဒီလောက်တောင်ရှုပ်တဲ့ ဆံပင်တွေ ဖြတ်ကိုပစ်ဦးမယ်"

"ဘာ"

ဘာဆိုတဲ့အသံက ကျယ်သွားလေသဖြင့် မော့ကြည့်လာတဲ့ မျက်လုံးလေးတွေက မျက်စိသူငယ်နားသူငယ်ပုံစံ။

"ဒီမှာ"

"ရှင်"

"မိန်းမတွေရဲ့ကောင်းခြင်းငါးဖြာထဲမှာ ဆံပင်၏ကောင်းခြင်း ဆိုတာပါတယ် နားလည်လား"





"မြသားက ဘာပြောလို့လဲ"

"အမယ် ... ချက်ချင်း ငါ့ကို လိမ်တာကြည့်စမ်း"

"ဘာလိမ်လို့လဲ"

"စောစောက ဆံပင်ဖြတ်ပစ်ဖို့ ပြောတာ ဘယ်ပါးစပ်လဲ"

"အဲ"

မြသား ကိုယ်ပြောတဲ့စကားကို ကိုယ်ပြန်သတိရပြီး ခစ်ခနဲ ရယ်လိုက်သည်။

"ဒီလောက် နှစ်ရှည်လများ ယုယမွေးမြူခဲ့ရတဲ့ ဆံပင်တွေ တို မြသားက ဖြတ်ပစ်ပါ့မလား အစ်ကိုမိုးထက်ရဲ့"

"မင်း တော်တော်ဗလောင်းဗလဲနိုင်ပါလား"

"အစ်ကိုမိုးထက်နော် ... မြသားကို အဲလိုမပြောပါနဲ့"

"မဟုတ်လို့လား"

"ဟွန်း ... ပြောလိုက်သမျှ ကူညီတာနဲ့ မတန်အောင်ပဲ"

"မင်းက အပြောကောင်းအောင်မှ မနေတာကိုး"

"မသိဘူး ... မသိဘူး"

ခြေဆောင့်ပြီး ထွက်သွားတဲ့ မြသားကိုကြည့်ပြီး မိုးထက် ပြုံးမိသွားသည်။ ဒီကောင်မလေး လူကသာ လူကြီးကိုက်ဖမ်းထားတာ၊ စိတ်နဲ့မျက်နှာလေးက ကလေးအတိုင်းပါပဲ။ ကိုယ်ကသာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တည်ကြီးနဲ့နေတာ။ မြသားကတော့ စကားမရှိ စကားရှာပြီး လာပြော လိုပြော။ ပိုးအိမ်လိုပဲ ထိုက်မျက်နှာကြောင့်များလား။

ဟုတ်မှာပါ။

ထိုက်က ပျိုတိုင်းကြိုက်ကဲ့ ရုပ်ရည်ပိုင်ရှင်။ ကိုယ့်တူမို့လို့ ပြောတာ မဟုတ်ပါဘူး။ ဘာပဲဝတ်ဝတ် ဘယ်လိုပဲနေနေ ထိုက်က အမြဲတမ်း ရှင်းသန့်ချောမောနေသူ။ ချောတာမမက်တဲ့သူ ဘယ်သူ ရှိသလဲ လက်ချိုးရေတွက်လို့ရ၏။

ဒါကိုပဲ သူ ဂုဏ်ယူမဆုံးဖြစ်မိပေမယ့် ကမ္ဘာမီးလောင် သားကောင်ချနင်းရသည့် အခြေအနေ။ မင်း လေးလေးရဲ့ခံစားချက် တွေကို နားလည်ပေးပါ ထိုက်။

"ဟိတ် ... လေးလေး"

"ဟ"

ထိုက် ပန်းအိုးတွေအကွယ်မှ ခုန်ထွက်ပြီး မိုးထက်ခါးကို ဖက်လေသည်။ ပြီးတော့ ...

"လေးလေးမျက်နှာကြီး ပြုံးနေတဲ့အကြောင်း ကျွန်တော် သိတယ်နော် လေးလေး"

မိုးထက် စိတ်မလုံဖြစ်သွားကာ ...

"ဘယ်မှာ ပြုံးလို့လဲကွ"





"မညာပါနဲ့ လေးလေးရာ၊ ကျွန်တော် ချောင်းကြည့်နေတာ အားလုံးမြင်တယ်"

"ပြုံးတာပဲ မင်းဆီမှာ ပါမစ်တောင်းနေရဦးမှာလား"

"ကျွန်တော်ကလည်း ပါမစ်တောင်းဖို့ မပြောပါဘူး။ ပြုံးမိ တာကို ဝန်ခံရင် ပြီးပြီ"

"ပြုံးတယ်ကွာ ... ဘာဖြစ်လဲ"

"ဝန်ခံပြီဆိုတော့ ... အဟဲ"

စပ်ဖြဲဖြဲမျက်နှာနှင့် ထိုက်က သူ့မျက်နှာကို လိုက်ကြည့်လေ တော့ မိုးထက်မနေတတ်။ တစ်ဖက်လှည့်တော့လည်း ထိုက်မျက်နှာ က ကပ်ပါလာသည်။

"ဟော့ကောင်"

"လေးလေးမျက်လုံးတွေကို ကျွန်တော် ဘာသာပြန်တတ် တယ်နော် လေးလေး"

"ငါ့မျက်လုံးတွေက ဘာတွေဖောက်ပြန်နေလို့လဲ"

"ဖောက်ပြန်တာပေါ့"

"ဘာ"

ထိုက်က ခါးကိုဆန့်ပြီး လက်ဝါးချင်း ဖိပွတ်ကာ ...

"လေးလေး မမမြသားကို ရင်ခုန်နေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြံကြီးစည်ရာကွာ၊ မင်း ဘာတွေလျှောက်ပြောနေတာ
လဲ ထိုက်"

"လျှောက်မပြောပါဘူး လေးလေးရဲ့၊ မတ်တတ်ရပ်ပြီး
ပြောနေတာလေ"

"မင်းကွာ"

လူကြီးရှက်တော့ ရယ်တယ်တဲ့။ မိုးထက် မရယ်မိအောင်
ထိန်းထားပေမယ့် ရဲနေတဲ့မျက်နှာက သတင်းထောက်ကြီးပါပဲ
ထိုက်လည်း အချစ်နဲ့အမုန်းကို ခွဲခြားနိုင်သည့်အရွယ်မို့ မျက်နှာနီ
မျက်နှာကဲကို သိတာပေါ့။

"လူပျိုကြီး ရှက်နေပြီ"

သူပြောမှပဲ အိပ်ငွေ့ချထားရတဲ့ နှလုံးသားက တဆတ်ဆတ်
ခုန်လာသလို။ ကန္တာရဟင်းလင်းပြင်ကြီးထဲမှာ အိုအေစစ်ကလေးတစ်
ရှာတွေ့တာမျိုး။ မြသားမျက်နှာလေးက အေးချမ်းမှုတွေ ပေးစွမ်းနိုင်
တာ မုန်ဖြစ်။

အချစ်အကြောင်း တစေ့တစောင်း စုံစမ်းဖို့ပင် အချိန်ရ
ခဲ့သည့် လူပျိုကြီး။

အခုမှ ပြောရင် ...

ခွေးကို ကြီးမှ လက်ပေးသင်သလိုဖြစ်နေမလား။ ကိုယ့်





ကိုယ်ကိုယ် ခွေးနဲ့ နှိုင်းရမှာ မကောင်းမှန်းသိသိနဲ့ အခြားအရာတွေနဲ့
ည်း လှပအောင် မနှိုင်းတတ်ပြန်။

"လေးလေး"

"ဘာလဲကွ"

"စိတ်ကူးမလွဲနဲ့နော်"

"ငါက ဘာကိုစိတ်ကူးလွဲရမှာလဲ"

"မမက တော်လေးဝ,ဝင်တဲ့ မိန်းမမျိုးဗျ"

"ဟိုက မင်းကို ကြိုက်နေရင် ဘယ်လိုလုပ်မလဲ"

"အဲဒီအတွက် စိတ်ချ လေးလေး၊ မမနဲ့ကျွန်တော့်ကြားက
ယောဇဉ်ကြိုးက ရိုးရိုးနဲ့ ဖြူစင်ခြင်းတွေ လွှမ်းတင်ထားတာပါ၊
ကဲ်ဝန်းဆိုတာ နှလုံးသားရဲ့တံခါးပေါက်တဲ့၊ လေးလေး မမရဲ့တံခါး
ပေါက်ကို ဖွင့်ကြည့်ပါလား။ နှလုံးသားဆိုတဲ့ ဥယျာဉ်တော်ကြီးထဲမှာ
ကြင်နာသစ်ပင်ထက်ကနေ အချစ်တေးသီတတ်တဲ့ ငှက်ကလေးက
အစ်ကိုမိုးထက် ... အစ်ကိုမိုးထက်လို့ အော်နေတာ တွေ့ရလိမ့်
မယ်"

"ဟိတ်ကောင် ... တိုးတိုးပြော"

မိုးထက် ပါးစပ်ကို အတင်းလိုက်ပိတ်လေတော့ ထိုက် ဇာတ်
ကလေးပါ ပုသွားသည်။ စိတ်ရင်းခံက လေးလေးနဲ့ မမမြသားရောင်



www.burmeseclassic.com

ကို တကယ်သဘောတူတာပါ။ ဒီလိုချော ဒီလောက်လှပြီး ယဉ်ကျေ
သိမ်မွေ့တဲ့ မိန်းကလေးနဲ့ ထိုက် ရင်းရင်းနှီးနှီး ခင်မင်စွာနေခဲ့ပြီ
ကိုယ့်စိတ်က ဘာကာလာမှမပါ။ ဖြူစင်သော မေတ္တာတရားနှင့်သ
မမ မြသားရောင်ကို ချစ်၏။ ထာဝရအတူနေပြီး ပတ်သက်ခွင့်ရ
ကောင်းမှာပဲလို့ တွေးမိတိုင်း . . .

လေးလေးနှင့်သာ တွဲလျက် ပုံပေါ်လာသည်။ လေးလေ
မမသာ လက်ထပ်လိုက်လျှင် နေနဲ့လ ရွှေနဲ့မြပဲပေါ့။ ဖခင်
မိခင်ရော မရှိတဲ့ ထိုက်ဘဝမှာ မေတ္တာနှစ်ခုစလုံး လိုအပ်နေ
ထိုက် ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝလေးကို လိုချင်ပါသည်
လေးလေးက သူ့ကို မချစ်လို့ ဒီလိုတောင့်တမိတာမဟုတ်။ တုန်
အောင် ချစ်ပေမယ့် သူ့စီးပွားရေးကိစ္စတွေနှင့်သူ ထိုက်ကို ဂရုမ
အားဘူးလေ။

မတူညီတဲ့ ဖခင်ရဲ့ယုယမှုနဲ့ မိခင်ရဲ့ကြင်နာယုယ
ရှောက်မှုတွေ။ ထိုက်က မိခင်နဲ့တူသော မိန်းမတစ်ယောက်အ
ကလေးလို ဆိုးနွဲ့ကြည့်ချင်တာပါ။ ဒီကွက်လပ်ကို မမက ဖြည့်
နိုင်လိမ့်မည်ထင်၏။

"သူများကိုချည်းပဲ ပြောမနေနဲ့၊ မင်းကရော အခြေအ လဲ"
ဘယ်လိုလဲ"





"ပိုးအိမ်နဲ့လား"

"အေးလေ"

"မကြာခင် လေးလေးဆန္ဒတွေ ပြည့်ဝစေရပါ့မယ်"

ကျေနပ်သောအပြုံးနှင့် ထိုက်ပခုံးကို ဆုပ်ကိုင်လိုက်ပြီး . . .

"မင်းကို ငါ ယုံပါတယ်"

ထိုက် ခေါင်းညိတ်လိုက်ပြီး . . .

"လေးလေးလည်း ကိုယ့်ကိုယ်ကိုယ် အစွမ်းထုတ်ဦး"

"လာပြန်ပြီကွာ"

နှစ်ယောက်သား ရယ်လိုက်ကြပြီး ထိုက်က တန်းလျားဆက်
သို့ ပြန်ပြီး မိုးထက်က အိမ်ကြီးထဲသို့ ဝင်လာခဲ့သည်။ သူ့ကိုမြင်တာ
နှင့် ရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်တဲ့ ဒေါ်လှဲ့ရှည်ကို . . .

"ဒေါ်လေး"

"ဟင်"

ကိုယ့်အစ်မအရွယ်ပေမယ့် မြသားခေါ်သလို အလိုလိုက်
ခေါ်ရင်း ဒေါ်လေးပဲ ခေါ်ဖြစ်သွားခြင်းဖြစ်၏။

"ခုတလော ဒေါ်လေး ကျွန်တော့်ကို ဘာလို့ရှောင်နေတာ

"မဟုတ်ပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မညာပါနဲ့၊ တစ်ခါနှစ်ခါမက ဖြစ်လာရင် သတိထားမိရောပဲလေ"

ဒေါ်လှဲ့ရည် မျက်နှာလွှဲထားရာမှ မိုးထက်ဘက်သို့ တဖြည်းဖြည်းချင်း လှည့်လာပြီး ...

"အမှန်ပြောရရင် ဟိုတစ်ခါကိစ္စအတွက် ဒေါ်လေး မောင်မိုးထက်ကို မျက်နှာပူလို့ပါ"

"ဗျာ"

"ဒေါ်လေး ရှက်လည်း ရှက်ပါတယ်ကွယ်"

မိုးထက် သက်ပြင်းချလိုက်ပြီး ...

"ကိုယ့်ဘက်က မပါရင် ရှက်စရာ မလိုပါဘူး ဒေါ်လေးရယ်"

"ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒီနေ့က မောင်မိုးထက်သာ ရောက်မလာရင်"

"နောက်ထပ် အဲဒီအဖြစ်မျိုး မကြုံရအောင် သတိတော့ ထားနေပေါ့"

ဒေါ်လှဲ့ရည် နှုတ်ခမ်းကို ဖိကိုက်တာ မြင်လိုက်ရ၏။

"ဘဝကတော့ တစ်ခါပျက်ခဲ့ဖူးပါပြီ၊ နောက်ထပ်မပျက်အောင်တော့ ဒေါ်လေး သတိနဲ့နေပါတယ်"





ဘဝကတော့ တစ်ခါပျက်ခဲ့ဖူးပါပြီတဲ့၊ မိုးထက်မျက်ဝန်းထဲမှာ ဒေါ်လှဲ့ရည်ကိုယ်စား မမကို မြင်ယောင်မိလာ၏၊ ဒေါ်လှဲ့ရည်လည်း မမလိုများ ဖြစ်ခဲ့ဖူးလား။

ဒါဆို ...

မြသားက တူမမှ ဟုတ်ရဲ့လား၊ ဒေါ်လှဲ့ရည်ရဲ့သမီးများ ဖြစ်နေမလားပဲ။

ကိုယ်ကြုံတွေ့ခဲ့ရသည့်အဖြစ်တွေနှင့်ယှဉ်ပြီး ရင်ထဲမှာ သံသယတွေက တဖွားဖွားပါပဲ၊ ဒေါ်လှဲ့ရည် ဒီအိမ်ကို ဘာသဘောနဲ့ ပြန်ရောက်လာတာလဲ တွေးကြည့်၊ ကိုယ်တွေနဲ့ အကြံတူချင်း တူနေနိုင်တာပဲလေ။

"ဒေါ်လေး"

"ဟင်"

"ကျွန်တော် တစ်ခုစိုးရိမ်မိတယ်"

"ဘာများလဲ မောင်မိုးထက်"

"ဦးထွန်းခေါင်က အဲဒီလိုအကျင့်ဆိုးတွေ ရှိနေတော့"

"ဆက်ပြောလေ"

"မြသားကို စိတ်မချတာပါ"

ဒေါ်လှဲ့ရည်ထံမှ သက်ပြင်းချသံမှအပ နောက်ထပ် ဘာသံမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာတော့ပေ။ သူ့မှာလည်း နာကျင်ခံစားမှုတွေ ရှိနေမှာ သေချာ ပါသည်။ ဘာကြောင့်လဲဆို ... မျက်ဝန်းတွေထဲမှာ အဖြေရှိနေ၏။

"ဪ ... မောင်မိုးထက်"

"ဗျာ"

"ဘေစင်မှာ ရေမလာလို့ အဲဒါ ကြည့်ပေးပါဦးနော်"

စကားစကို ဖြတ်တောက်နည်းက လိမ္မာပါးနပ်လှပါပေ ဒေါ်လဲ့ရည်ရယ်။

❑ ❑ ❑



## အခန်း (၁၄)

"မိပိုး"

"ရှင်"

ငုတ်ခနဲ ထိုင်၊ ကြိုက်ခနဲ မွှေးဆိုသလို ဆန့်ကျင်ဘက် အားရာနှင့် ကြားလိုက်ရသည့်အသံက မညင်သာ။ ပိုးအိမ် လက်သည်း တွေကို ဖျက်ဆေးနှင့်ဖျက်နေရမှ ...

"ဘာလဲ ကိုကြီးရဲ့"

"နင့်လက်ထဲကဟာတွေ ခဏချထားဦး၊ ငါ နင့်ကို ပြော စရာရှိတယ်"

"ပြောပါလား ... ဒါနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း"

ဦးထွန်းခေါင် ဖျက်ဆေးပုလင်းကို ဆတ်ခနဲ ဆွဲယူပြီး ခေါက် ခနဲ စားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။ မောင်နှမဆိုပေမယ့် ပိုးအိမ်က သွေးဆုံးခါနီးမှ မွေးခဲ့သည့်သမီးပါ။

ဒါကြောင့် မောင်နှမက သားအဖအရွယ်လို ဖြစ်တာလေး ဦးထွန်းခေါင်ကလည်း အရွယ်နှင့်မလိုက်အောင် စိတ်ပျို့ကိုယ်နု ဖလန်းဖလန်းနှင့် အလန်းဖယားတွေ ခင်းနေသူမို့ ပုံစံကတော့ သိပ် မကွာပေ။

ကိုယ့်ညီမလေးရယ်လို့ သူ့ဘက်က အလိုလိုက် အရေးပေး တာတွေ မရှိခဲ့လေတော့ ပိုးအိမ်ကလည်း သူ့ကို ဖုတ်လေသည့်ငါး ရှိသည်လို့ပင် မှတ်ပုံမရပေ။ ထမင်းတစ်ဝိုင်းတည်း စားရသည့်အခါ ပင် ခပ်ရှားရှား။

ထွန်းခေါင်ဆိုတဲ့ကောင်က အချိန်ရှိသရွေ့ အပြင်ထွက်ပြီး လှိမ့်နေသူ။ မိဘလုပ်ငန်းကိုလည်း ဘာမှကူညီဖော်မရ။

အသက်သာကြီးလာတယ်။ အခုထိ မိဘလုပ်စာကို ထိုင်ဖြုန်း နေတဲ့ ဆန်ကုန်မြေလေးကြီးပေါ့။

"ကိုကြီး ဘာပြောမှာလဲ ပြောလေ"

ပါးစပ်က မပြောခင် လက်ညှိုးက ပိုးအိမ်မျက်နှာရှေ့သို့





အရင်ရောက်လာပြီး . . .

"နင့်သတင်းတွေ ငါ ကြားနေတယ်နော် မိပိုး"

"ဘာကြားတာလဲ"

"နင် ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့"

"အဲဒါများ အဆန်းလုပ်လို့"

"အရွယ်ရောက်လို့ ရည်းစားထားတာတော့ အဆန်းမဟုတ် ဘူးပေါ့၊ ငါ ကြားခဲ့ရတဲ့ ပုံစံအရဆို နင်နဲ့ တွဲနေတာ ဟိုကောင်လေး ဟုတ်လား"

"ဘယ်ကောင်လေးလဲ"

"ဟိုကောင် ဒရိုင်ဘာစုတ်ရဲ့တူလေ၊ ထိုက်ဆိုတဲ့ ကောင် ဆို"

"ကိုကြီး သူများကို ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့"

"ဘာ"

ပိုးအိမ် မျက်နှာလေး တင်းသွား၏။ အချစ်နဲ့ ပတ်သက်လာ င် လူတွေ မျက်စိကန်းတတ်ကြသည်တဲ့။ ပိုးအိမ်ကိုလည်း ကန်းပြီ ဲ့ ပြောချင်ပြောတော့။ သူမ သိပ်ချစ်တဲ့ထိုက်ကို သူများ နှိမ်ပြော ာတို့ မခံချင်။

ကိုကြီးက သူများမဟုတ်လည်း မခံနိုင်ပါဘူး။ ထိုက်က



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတာ တစ်ခုကလွဲရင် ဘာအပြစ်ရှိလို့လဲ။ သူသာ ရွှေရောင်ဟင် လို့ တောက်နေတဲ့ မိုးကြိုးသွားဖြစ်နေတာ။

"နင်က နင့်အကောင်ထိတော့ နာတယ်ပေါ့လေ"

"သူများတွေက ဆင်းရဲပေမယ့် ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နေကြတာလေ၊ ထိုက်ဆိုရင် နောင်တစ်ချိန်မှာ ရွှေတွေ ငွေတွေဖြစ်လာမယ့် ဆရာဝန်လောင်း၊ ကိုကြီးလို မိဘလုပ်စာ ထိုင် ဖြုန်းနေကြတာ မဟုတ်ဘူး"

"မိပိုး"

"သူများမြို့ကို တိုက်ချင်ရင် ကိုယ့်မြို့ကို အရင်လုံခြုံအောင် ကာရတယ် ကိုကြီးရဲ့၊ အခု ကိုကြီးက ကိုယ့်မြို့ရိုးမလုံတဲ့ သူများမြို့ ကို တိုက်တာ ကောင်းသလား"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း"

ဦးထွန်းခေါင် ဒေါသကြောင့် ထရပ်ပြီးသား ဖြစ်သွား၏ ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်သလို၊ ကိုယ့်ထက်အငယ်က ပြန်ပြောတာကျ မခံချင်။

"နင်က ငါ့ကို ခံပြောတယ်ပေါ့လေ ဟုတ်လား"

ပိုးအိမ် ဆတ်ခနဲ မျက်နှာလွှဲလိုက်၏။ ကိုယ်ပြောတာ မဟုတ် ဘဲနဲ့ ပုဖွန်ကြီးလို နှစ်ခါလျှောက်တာကို ငြိမ်ခံနေရင် ငါ့စကား နွား





ဆဲ့ ပြောလာဖို့က အများကြီး။ ဟိုတုန်းက သူတို့ရိုက်သွင်းတဲ့ပုံစံ ခွက်ထဲမှာ၊ ပိုးအိမ်က မာနနဲ့ ထုဆစ်ထားတဲ့ မိန်းမ၊ ရဖို့ ဝဖို့နဲ့ ဘော့ဖို့ကလွဲလျှင် လူ့လောကအကြောင်း ဘာမှနားမလည်သူ။

အခု ...

ထိုက်နဲ့ချစ်သူတွေဖြစ်ကြပြီး ထိုက်ဘဝ ထိုက်သူငယ်ချင်း တွေရဲ့ ဘဝဖြတ်သန်းမှုတွေ။ ဒါတွေကို ကြားရသိရတော့ ပိုးအိမ် သည်း မကြုံမဆုံရသေးပေမယ့် ဘဝအကြောင်း တစေ့တစောင်းတွေ သိခဲ့ရသည်နှင့်အမျှ ကိုယ့်ခြေထောက် ကိုယ်ရပ်တည်ချင်လာ၏။

"ဒီမှာ မိပိုး"

"..."

"သူ့ဘာသာ ဆရာဝန်လောင်းမကလို့ လူသေအလောင်းပဲ ဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ ငါနဲ့လည်း နှိုင်းယှဉ်ပြီး လာမပြောနဲ့၊ နောက်မှ ရွှေထွက်လာမှာကို တို့ မလိုချင်ဘူး၊ လောလောဆယ် ရွှေထွက်နေတာကိုပဲ လိုချင်တာ၊ ဖေဖေနဲ့မေမေရဲ့သဘောကလည်း ဒီအတိုင်းပဲဖြစ်မှာ"

လွှဲထားတဲ့မျက်နှာက ဆတ်ခနဲ ပြန်လှည့်လာ၏။ တင်းတင်း စေ့ထားတဲ့ နှုတ်ခမ်းပါးလေးကို ဖွင့်လိုက်တာနှင့် ...

"ဘယ်သူ့သဘော ဘယ်လိုပဲရှိရှိ ပိုး ဂရုမစိုက်ဘူး ကိုကြီး၊

www.burmeseclassic.com



အခု ပိုး တွယ်တာနေမိတာ အသီးလှိုင်ရင် ကျိုးကျမယ့် သက်ကယ်ပင် မဟုတ်ဘူး။ ထီးထီးမားမားအထိ ကြီးထွားလာမယ့် သစ်ပင်းလေ”

“ကြည့်စမ်း ... ပြောနေရင်း ကဲတက်လာပါလား။ မိုးနင်က အားကိုးရှိလို့ အာခံပြီပေါ့လေ၊ တောက် ... ငါ ... တယ်”

“ဟိတ် ... ရပ်လိုက်စမ်း”

ပိုးအိမ်ကို ထွင့်ခေါင် ရိုက်ဖို့ လက်ရွယ်လိုက်စဉ် ဟန့်တားလိုက်သံကြောင့် ရပ်တန့်သွား၏။ လူက နောက်ဆုတ်သွားပေမယ့် မျက်လုံးရဲ့စူးရဲခြင်းတွေက အပ်တစ်ချောင်းလို၊ ဒဏ်ရာမဲ့ နာကျင်စေတာမျိုး။

“ဖေဖေ”

“ဖေဖေ အားလုံးကြားတယ်”

ဦးထက်ခေါင် ဆိုဖာပေါ်မှာ ဝင်ထိုင်ပြီး နှစ်ယောက်စလုံးကို ပြန်ထိုင်ကြဖို့ အချက်ပြလိုက်၏။

ပြီး သက်ပြင်းရှည်ကြီးချလိုက်ကာ ...

“သမီး”

“ရှင် ... ဖေဖေ”

“ဖေဖေက ပြောစရာရှိရင် ဒဲ့ပဲ ပြောတတ်တယ်နော်”





ပိုးအိမ် ခေါင်းလေးငုံ့သွားလေ၏။ မိဘကို ပြန်ပြောရလောက်အောင်တော့ ပိုးအိမ် မဆိုက်ရိုင်းပါဘူး။ မိဘစကားကို နားထောင်ပြီး ချစ်သူကို စွန့်လွှတ်ရလောက်အောင်လည်း မပျော့ညံ့ချင်။ မောင့်ကို သူမ သိပ်ချစ်ပါသည်။

မိဘတွေကလည်း သူမကို ပိုးမွေးသလို မွေးခဲ့သူတွေမို့ ရင်ဝစုန်ကန်ထွက်တာမျိုး မလုပ်ချင်ပါဘူး။

“သမီးအကြောင်းတွေကို ဖေဖေသိတယ်၊ အဲဒီတော့ ဖေဖေ ပြောချင်တာက သမီး အဲဒီကောင်လေးကို ကိုယ့်အသိနဲ့ကိုယ် ဖြတ်လေသား။ ဖေဖေ မောင်းထုတ်ရမလား”

“ဖေဖေ”

“ဖေဖေက ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်နော်”

ပိုးအိမ် ငိုချင်စိတ်ကို မနည်းထိန်းလိုက်ရ၏။ ချစ်သူကို နှစ်နာစေလိုတဲ့ဆန္ဒ သူမမှာ ရှိပါ့မလား။ ဖေဖေသာ မောင်းထုတ်လိုက်ရင် ကိုယ်က် ဒုက္ခရောက်မှာပေါ့။ ဒီတော့ မြွေမသေ တုတ်မကျိုးရအောင်ပဲ။

“သူ့ကိုတော့ မောင်းမထုတ်ပါနဲ့ ဖေဖေ၊ သမီး သူနဲ့ အဆက်ဖြတ်ပါ့မယ်”

“သေချာရဲ့လား”

“ဖေဖေယုံအောင် သမီးကို ကြိုက်တဲ့အပြစ်ပေးပါ”



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်ခေါင် ပြောသာပြောရတယ်၊ ထိုက်ဆိုတဲ့ကောင် လေးနဲ့ ပတ်သက်ပြီး သူ့ရင်ထဲမှာ ပဟေဋ္ဌိတွေ တည်နေမှန်းသိ မျက်နှာလေးမြင်တိုင်း သနားသလိုလို၊ သံယောဇဉ်တွယ်သလိုလိုနှင့် ဖြစ်နေခဲ့တာလေ။

❑ ❑ ❑



## အခန်း (၁၅)

ရင်ထဲမှာ . . .

ပြောရကောင်းမလား၊ မပြောရကောင်းမလား။ အာဃာတ [illegible]နဲ့ လွန်းတင်ပြီး လိုရာပုံရိုက်သွင်းခဲ့သမျှ ခုကျမှ ဘာကိုစိုးရိမ်နေ [illegible]သိ၊ အမှန်တရားတွေကိုသိလို့ ထိုက် သူ့ကိုမှား မုန်းလေမလား၊ [illegible]ရဲ့အမုန်းကို သူ မလိုချင်။ အစကတည်းက ဒီတာဝန်ကို သူ [illegible]ယောက်တည်း ယူခဲ့ရ အကောင်းသားဆိုတဲ့ နောင်တက အထုပ် [illegible]ပဲ ပြန်ချင်သလိုလို။

ဒါမှမဟုတ် . . .

ထိုက်ကို အိမ်ပြန်လွှတ်ပြီး သူ ဦးထက်ခေါင်တို့သားအဖကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်လိုက်ရမလား။ ကမ္ဘာ့ဆွဲအားထက် သံယောဇဉ်ဆွဲအားက ပိုတယ်တဲ့။ မြသားရောင်ကိုလည်း သံယောဇဉ်များနှင့် ဒီအိမ်မှာ စိတ်ချလက်ချ မထားခဲ့နိုင်။

"ထိုက်ရေ . . . ထိုက်"

"ဟင်"

"ထိုက်"

"ဗျာ . . . လာပြီ မမ"

ထိုက်က စာကျက်နေရင်းမှ ထပြေးသွားလေသည်။ ခေါ်သံက မြသားရဲ့အသံ။ ဒီကောင်မလေး ညဘက်ကြီး ဘာလာလုပ်ပါလိမ့်။ မိုးထက် မျက်မှောင်ကြုတ်ပြီး နားစွင့်လိုက်၏။

"ညကြီးမင်းကြီး ဘာကိစ္စရှိလို့လဲ မမ"

"မင်းကို မမလေး ခေါ်ခိုင်းလို့"

"ဟုတ်လား"

"အင်း"

"သူက ဘယ်မှာလဲ"

"ညမွှေးပန်းရုံတွေ့နားမှာ စောင့်နေတယ်"

"ဒါဆို မမ ပြန်လေ၊ ကျွန်တော် သွားလိုက်ပါ့မယ်"

"အေး . . . အေး ဒါဆို မမ ပြန်မယ်နော်"





မြသားရောင် ခပ်သုတ်သုတ် ပြန်ထွက်သွားလေတော့ ထိုက်လည်း တန်းလျားပေါ်သို့ ပြန်တက်လာသည်။ ကျက်နေတဲ့ စာအုပ်တွေကို သေသေချာချာ သိမ်းခဲ့ပြီး အင်္ကျီတစ်ထည်ကို ထပ်ဝတ်လေတော့ . . .

"ထိုက်"

"ဗျာ"

"ဘယ်သွားမလို့လဲ"

"မ,ဆီကို"

ပြောပြောဆိုဆို ထွက်သွားတဲ့ ထိုက်ကို . . .

"ထိုက်"

ခေါ်ပေမယ့် ထိုက်က မကြားဟန်ပြုတာလား။ တကယ်မကြားတာလား။ ရှေ့သို့သာ အာရုံစိုက်၍ သွားလေသည်။ မိုးထက် လိုက်သွားပြီး ပြန်ဆွဲခေါ်ရမလား။ ရှိစေတော့လို့ လွှတ်ပေးပြီး မူလ ဆုံးဖြတ်ချက်အတိုင်း အာယာတတွေကို လောင်စာဖြည့်ပေးရမလား။ ခေါင်းထဲမှာ ဖြစ်နေတာက . . .

ကိုယ့်ကလေးကို သူများ မာန်တာ မကြိုက်ဘဲ ကိုယ်ပဲ ဆိုက်ဆုံးမချင်တာမျိုးလေ။ မှားစရာရှိရင် သူ့ပဲမှား။ ရင်ဆိုင်စရာရှိရင် သူ့ပဲ ရင်ဆိုင်ချင်တာ။ ထိုက်ကို စိတ်ရှုပ်ပြီး ပညာရေးဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်သွားမှာစိုးသည်။ အစက အာဃာတတွေပဲ ရှေ့တန်းတင်ကာ ဒါတွေကို မတွေးဖြစ်ခဲ့။ ခုကျမှ ထိုက်ဘဝကို အညွှန့်ချိုးသလို ဖြစ်နေပြီလားဆိုတာ ဆင်ခြင်မိ၏။

ထိုက်ကတော့ ...

အမှောင်ရိပ်ကို အားပြုပြီး ညမွှေးပန်းရုံတွေအနားသို့ ရောက်လေလျှင် ...

"မ"

"ထိုက်"

"ဘာတွေ အရေးကြီးလို့ ကျွန်တော်နဲ့ တွေ့ချင်တာလဲ"

"သိပ်ကို အရေးကြီးလို့ပေါ့ မောင်ရယ်၊ မနဲ့မောင် ချစ်သူတွေ ဖြစ်နေကြတာကို အိမ်ကလူတွေ သိသွားပြီမောင်"

"ဟင်"

"ဖေဖေက ပြောတယ်၊ မောင့်ကို ဖြတ်မလား။ ဒါမှမဟုတ် အလုပ်ထုတ်ပစ်ရမလားတဲ့"

"မ,က ဘာပြန်ပြောလိုက်လဲ"

"အလုပ်ထုတ်လိုက်ရင် မောင်တို့တူဝရီး ဒုက္ခရောက်သွားမှာပေါ့ မောင်ရဲ့၊ အဲဒါကြောင့် မောင့်ကို အဆက်ဖြတ်လိုက်မယ်လို့ ပြောရတာပေါ့"





ထိုက် တွေဝေတိတ်ဆိတ်သွားလေသည်။ တွေဝေခြင်းက [illegible]တွေ မပြည့်ဝမှာစိုးလို့၊ တိတ်ဆိတ်ခြင်းက ဘာဆက်ပြောရမှန်း [illegible]သိလို့ပါ။ ဦးထက်ခေါင်က တားမြစ်သတဲ့လား။ ကိုယ်က ခုလို အခြေအနေမျိုးမှာတောင် ဂုဏ်သိက္ခာပိုင်းနှင့်ဆို သူတို့ထက် သာသည်။

ထိုက် ဘဝမှန်ကိုသာ သိရင် ...

ဒါပေါ့လေ။ နွံနစ်နေတဲ့ ပတ္တမြားကို ရေဆေးမကြည့်ဘဲ [illegible]ကို အခြောက်ခံကြည့်နေတာကိုး။

"မောင်"

ထိုက် ပိုးအိမ်ရဲ့ပခုံးကို ဆုပ်ကိုင်လိုက်ပြီး ...

"မ ... ကျွန်တော့်ကို တကယ်ဖြတ်နိုင်တာလား"

"အလျှော့ကောင်း အထောင်းသက်သာသဘောမျိုးနဲ့ ပြောလိုက်တာပါ မောင်ရယ်၊ မ မောင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ မောင် မသိဘူးလား"

"ဒါဆို"

"သူတို့ ယုံအောင်တော့ နေပြရမှာပေါ့ မောင်ရယ်၊ မ မောင့်ဘက်မှာ အမြဲတမ်း ရပ်တည်နေမယ်ဆိုတာကိုတော့ မောင် [illegible]"



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲသို့ တိုးဝင်လာတဲ့ ပိုးအိမ်ကို ထိုက် ပြန်ဖက်ထားလိုက်၏။ ဒါ ... ကံကြမ္မာက သူ့ကို အခွင့်အရေးပေးနေတာပဲ ဖြစ်မည်။ အခွင့်အရေးဆိုတာ နှစ်ခါပြန်မပေးတတ်ဘူးလေ။ ဒီအချိန်မှာ ထိုက် တွေဝေနေလို့ မဖြစ်တော့ပါဘူး။ အတုံ့အလှည့်ရဲ့သဘောတရားမှာ ချစ်တာတွေ ရှုတ်ပြုပြီး ရင်ထဲက ပါဖို့မလို။

ဘဝတစ်ခုအတွက် ဘဝတစ်ခု၊ အရှက်တရားအတွက် အရှက်တရားကို အစားပြန်ယူရမည်။

"မောင်"

"ဟင်"

"အနေဝေးတဲ့အခါမျိုးမှာ 'မ' ကို စိမ်းမသွားပါနဲ့နော်"

"စိမ်းပါ့မလား မရယ်၊ မောင်လည်း မကို ချစ်တာပဲဟာ"

"တစ်ခါတလေ မောင်က မ,လောက် မချစ်သလို ခံစားမိတယ် သိလား"

"ဒါဆို 'မ'က မောင့်အချစ်ကို မယုံဘူးပေါ့"

"ဟင့်အင်း"

"မယုံရင် ယုံအောင် သက်သေပြမယ်လေ"

"ဘယ်လိုသက်သေပြမှာလဲ"

"ဒီလိုလေ"





"အို ... မောင်"

ပါးပြင်ဆီမှာ နွေးခနဲဖြစ်သွားလေသည်။ ချစ်သူဖြစ်ခဲ့ကြပေသည့် ဒီလို တစ်ခါမှ မနမ်းခဲ့ဖူးသေးတဲ့ ပါးပြင်။ အခု အနမ်းဦးခြွေလိုက်ပြီဆိုတော့ ပိုးအိမ်ရင်ထဲမှာ ဘာတွေဖြစ်ကုန်မှန်းမသိ။ ပျော်ခြင်း ရှက်ခြင်းနှင့် ကြောက်ခြင်းတို့ ရောသမမွှေကာ ရုန်းမိလေတော့ ထိုက်က တင်းကျပ်စွာ ဖက်ထားသည်။

အနမ်းတွေက ပါးပြင်ဆီကနေ မျက်နှာအနှံ့ နေရာစိတ်စိတ် ရာနှုန်း ၆၀ ကနေ ၈၀ ဆီသို့ ကျူးကျော်လာတော့ ...

"တော်တော့ မောင်ရယ် ... ဒီမှာ အသက်ရှူကျပ်လာပြီ"

"မ,ကလည်း ချစ်တယ်ပြောပြီးတော့ ချစ်သူချင်း နမ်းတာလေးတောင် မခံချင်ဘူးလား"

"မဟုတ်ပါဘူး မောင်ရယ်"

"ဒါဆို ဘာလို့ရုန်းနေတာလဲ"

"အဲဒါကလေ"

"တော်ပြီ ... တော်ပြီ တကယ်တမ်းကျတော့ မ မောင့်ကို ချစ်ဘူး"

ခပ်ဆောင့်ဆောင့်အသံလေးနှင့် ထိုက် တစ်ဖက်သို့ လှည့်သွားလေတော့ ပိုးအိမ် စိတ်မကောင်းပြန်။ ချစ်တာတစ်ခုပဲသိပြီး

www.burmeseclassic.com



မေတ္တာကို အရောင်ဆိုးခံရမှာလည်း နားမလည်။ ချစ်သူငြိုငြင်မှာ ကြောက်ပြီး ဘဝပေးချစ်ကြတဲ့ မိန်းကလေးတွေ၊ အမှားပေါ် လဲ လျှောက်ပြီး အမှောင်ထုထဲသို့ တိုးဝင်တာနှင့်တူ၏။

တကယ်တော့ ...

မိန်းကလေးတို့၏ဘဝသည် သံဆန်ကာတွေ အထပ်ထပ် ကာ၊ ဆူးတွေ အထပ်ထပ်ဝန်းရံနိုင်မှ တော်ကာကျ၏။ ကိုယ့်ကိုယ် ကိုယ် လရောင်ပျိုးမှ ပွင့်သည့်ပန်းဆိုပြီး လရောင်ကို အားကိုးရင် ပိုးထိုးခံရသည့်ပန်းတွေ ဒုနဲ့ဒေး။ လူတိုင်း ချစ်တတ်ကြတာပဲလေ အဲဒီအချစ်ကို စည်းကမ်းတွေ ဥပဒေတွေ ရေးဆွဲချုပ်ဖို့တော့ လို

ဒါတွေကို နားလည်မှာမဟုတ်သည့် ပိုးအိမ်ကတော့ ထိုက် မျက်နှာညိုသွားတာနှင့် ...

"မောင်"

"..."

"မောင်လို့"

ထိုက်က မထူးပဲ ငြိမ်သက်နေတော့ ချစ်သူချော့ဆေးအဖြ လက်ကလေးတွေက ထိုက်ခါးကို ဖက်လေသည်။ ပခုံးပေါ်သို့ မေးလေးတင်လိုက်ပြီး ...

"မ,အချစ်ကို သံသယမဖြစ်ပါနဲ့ မောင်ရယ်၊ မ မောင့်ကို





အရမ်းချစ်ပါတယ်"

"တကယ်နော်"

"အင်း"

"အဟုတ်နော်"

"အမှန်"

ထိုက်က ကိုယ်ကိုစောင်းပြီး ပိုးအိမ်ကိုယ်လေးကိုဖက်ကာ ရင်ခွင်ထဲ ထိထိမိမိရောက်အောင် ဆွဲချလိုက်၏။ ဒီတစ်ခါတော့ ပိုးအိမ် မရုန်းတော့ပေ။

"မ"

"ဟင်"

"မောင်နဲ့မကို ယောကျ်ားမကြီး မဖြစ်မနေ သဘောတူရမယ့် နည်းလမ်း မောင့်မှာရှိတယ် သိလား"

"ဘာနည်းလမ်းလဲ မောင်ရဲ့"

"သိချင်လား"

"အင်း"

"သိချင်ပြောပြမယ်"

နားနားသို့ တိုးတိုးကပ်ကာ ပြောလိုက်တော့ ပိုးအိမ်ကိုယ် လေး တွန့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . မောင်နော် ဘာတွေပြောမှန်း မသိဘူး"

"မကြားဘူးလား"

"မကြားဘူး၊ မကြားဘူး"

"ပြောလို့ မကြားရင် လက်တွေ့ပြမယ် . . . ကဲ"

ပိုးအိမ် စကားတစ်ခွန်းပင် ပြန်မပြောနိုင်အောင် ထိုက်[illegible] နှုတ်ပိတ်လိုက်၏။

ကြယ်ရောင်တွေ ပိုးတဝါးနှင့် မှုန်ပျပျ ညကမ္ဘာ[illegible] လေတိုးသံကြောင့် သစ်ရွက်ချင်း ထိခတ်သံမှအပ ပတ်ဝန်းကျင်[illegible] တိတ်ဆိတ်နေတော့သည်။

❑ ❑ ❑



## အခန်း (၁၆)

ဦးထက်ခေါင်နှင့် ဒေါ်မျိုးမြင့်မြတ်မာန်တို့ လင်မယားက [illegible]လာဆောင်သွားရမည်ဟုဆိုကာ ဝတ်ကောင်းစားလှတွေနှင့် ထွက်[illegible]ကြ၏။ မိုးထက်က ပိုးအိမ်ကို ကျောင်းလိုက်ပို့လေတော့ အိမ်မှာ [illegible]ခဲ့တာက ဒေါ်လဲ့ရည်တို့ တူဝရီးသာ။

ပြီးတော့ . . .

ဦးထွဋ်ခေါင်။ ဒီနေ့ ဘယ်ကိုမှ မထွက်ဘဲ ခြေငြိမ်ချက်[illegible]ကောင်းနေ၏။ ထိုက်ကတော့ ကောင်းကောင်းနေမကောင်းလို့ဆိုပြီး [illegible]ကျောင်းမတက်ပေမယ့် သူတို့တန်းလျားလေးပေါ်မှာပဲ နေ၏။ သူ့[illegible] နေနှင့်သူ နေကြသည်မို့ အိမ်ကြီးက တိတ်ဆိတ်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



"မြသား"

"ရှင် ဒေါ်လေး"

"သကြားနဲ့နို့ဆီ ကုန်နေလို့ ဒေါ်လေး သွားဝယ်လိုက်ဦး မယ်နော်"

"မြသား သွားဝယ်ပေးပါ့မယ် ဒေါ်လေးရဲ့"

မုန့်လာဥတွေကို တဒေါက်ဒေါက်လှီးနေရာမှ ဓားကိုချ၍ မြသား ဒေါ်လှဲ့ရည်အနားသို့ လျှောက်လာသည်။ မြသားက သူမ,သာ လုပ်ရင်း သေသွားပါစေ။

ဒေါ်လေးကိုတော့ မပင်ပန်းစေချင်။ သူမ မိခင်ဆုံးသွားပြီ ကတည်းက ဒေါ်လေးကပဲ အပျိုကြီးတန်မဲ့ မြသားကို သမီးလေးလို စောင့်ရှောက်ကျွေးမွေးခဲ့တာပါ။ မြသားရင်ထဲမှာ ဒေါ်လေးကို အမေလို သတ်မှတ်ထား၏။

မေမေကလည်း မသေခင်က မှာခဲ့သည်လေ။ တစ်ယောက် ကျေးဇူး တစ်ဦးမေ့တ္တာ။ ငါ့သမီး ညည်းဒေါ်လေးရဲ့အပေါ် ဘယ်တော့ မှ ကျေးဇူးမကန်းမိပါစေနဲ့တဲ့။

မြသားကလည်း ပင်ကိုစိတ်ထားလေးကိုက နူးညံ့သိမ်မွေ့သူ လေးမို့ အတွေ့အထူး ပြောစရာမလို။

"ပိုက်ဆံပေး ဒေါ်လေး။ မြသား သွားဝယ်လိုက်မယ်"





"ရပါတယ် သမီးရယ်၊ အညောင်းပြေ အညာပြေလမ်း လျှောက်ရင်း ဒေါ်လေးပဲ သွားဝယ်ပါ့မယ်၊ တစ်နေ့တစ်နေ့ ဒီအိမ်ထဲ မှာပဲ နေရတာ ကြာတော့ ခန္ဓာကိုယ်ကပဲ ရိဖတ်ပြီး ပုပ်တော့မလိုပဲ"

"ဒေါ်လေးကတော့ ပြောရှော့မယ်"

"ကဲ ... သမီး အိမ်မှာပဲ လုပ်စရာရှိတာ လုပ်နော်"

"ဟုတ်ကဲ့"

ဒေါ်လှဲ့ရည် ထွက်လာခဲ့တော့ ညှော်ခန်းကို ဖြတ်လျှောက်ရာ ဘွင် ဆိုဖာပေါ်မှာ ထိုင်ပြီး နားတွင် နားကြပ်တပ်၍ သီချင်းနားထောင် တာ ဖိမ်ကျနေသူက ဦးထွဋ်ခေါင်။ ဒေါ်လှဲ့ရည်ကို မျက်လွှာပင့်ကြည့် ပြီး ဒူးလေးက တနန့်နန့်နှင့်ပါ။ အရွယ်နှင့်မလိုက်အောင် ကမြင်းကြော ထတာက ဘယ်တော့မှ ရပ်မည်မသိ။ ဒေါ်လှဲ့ရည် မဲ့ပြုံးတစ်ချက်နှင့် ထွက်လာခဲ့၏။

ဦးထွဋ်ခေါင်ကလည်း ...

ငါးမရရင် ရေချိုးပြန်မည်ဆိုတဲ့ လူစားမျိုးလေ။ အခုက အိမ်မှာ ကျန်ခဲ့တာ ရွှေငါးလေး။ စားရကံကြုံလို့ မုတ်ဆိတ်ပျားလာ ခွဲတာကို လက်လွှတ်ခံပါ့မလား။

ဒါကြောင့် နားကြပ်ကို ဆွဲဖြုတ်ပြီး ကာမဂုဏ်စိတ်တွေက တောင်အဆင်း တွန်းပေးသည့် လှည်းဘီးပမာ။ မီးဖိုချောင်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလာသည့် ခြေလှမ်းတွေက သွက်မှသွက်။ မြန်မှမြန်။

မီးဖိုချောင်တံခါးဝမှာ ခြေလှမ်းတွေ ရပ်သွားပြီး လှမ်းကြည့် လိုက်တော့ တင်းတင်းပြည့်ပြည့် ခန္ဓာကိုယ်လေးက ဦးထွဋ်ရှခေါင်ရဲ့ နွားပြာကြီး ဖြစ်သွားစေ၏။ ဦးထွဋ်ရှခေါင် ခြေဖွကာ လျှောက်သွားပြီး အနားကိုရောက်မှ . . .

"မြလေး"

"အမေ့"

"ဒေါက်"

လန့်ပြီး လွှတ်ချလိုက်တော့ ဓားက အောက်သို့ ပြုတ်ကျ သွားလေသည်။

"ဦးထွဋ်ရှ . . . ဦးထွဋ်ရှ ဘာလိုချင်လို့လဲဟင်"

"ဦးထွဋ်ရှ လိုချင်တာလား"

"ဟုတ်တယ်လေ"

"ဦးထွဋ်ရှ လိုချင်တာက"

လက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ခြင်းကြောင့် မြသား မျက်လုံးများပင် ပြာဝေသွား၏။ မြသားအသားကို ဘယ်ယောကျ်ားမှ ထိကိုင်ခွင့်မရအောင် ဘိုင်းကောင်းကျောက်ဖိနေလာခဲ့တဲ့ မြသား ခပ်တင်းတင်းဆုပ်ထားတဲ့ လက်တွေကို ရွံမုန်းစွာ ဖယ်ချရင်း . . .





"ဦးထွဋ်ရှက ဘာလုပ်တာလဲ ဖယ်ပါ"

"ကိုကြီးက မြသား ပင်ပန်းနေတာကို မကြည့်ရက်လို့ပါ ကွယ်"

"ဘာဆိုင်လဲ . . . လွှတ်"

"ကိုကြီးက မြသားကို လိုချင်တာ မြသားရဲ့"

"ရှင် မယုတ်မာနဲ့နော်"

"မြသား ဘာလိုချင်လဲ၊ ကိုကြီး လိုသမျှကို ဝယ်ပေးပါ့မယ် မြသားရဲ့၊ မြသားကသာ ကိုကြီးဆန္ဒကို . . . ဟဲ . . . ဟဲ"

"ခွေးစကားမပြောနဲ့"

အဆီပြန်သော မျက်နှာကြီးက ပိုရွံတိုးကပ်လာခြင်းမှာ မြသား ခင်အားတွေကို ရှိသမျှ စုစည်းပြီး ရုန်းလေ၏။ ယောကျ်ားနဲ့မိန်းမ ခင်အားချင်း မမျှတာက ကမ္ဘာ့နိယာမတရားဖြစ်နေတော့ ကယ်သူ ရှိပါက မတွေးရဲစရာ။

ဘုရားကိုပဲ တ,ရမလား နတ်သိကြားတွေကိုပဲ တိုင်တည် ရမလား မပြောတတ်တော့။

မြသား . . .

ရုန်းရင်းကန်ရင်းနှင့် မျက်ရည်တွေ ကျလာ၏။ အရှက်နဲ့ ရုန်းလုပ်နေခြင်းမှာ အသက်မသေသေးသရွေ့ သူများစော်ကားတာကို



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်။ ဘာပဲဖြစ်ဖြစ်ဆိုပြီး လက်တွေကို ကိုက်ဆွဲလိုက်သည့်တွင်

"အား"

"အဲဒါ မှတ်ထား၊ လူယုတ်မာကြီး"

ဦးထွဋ်ခေါင် ကိုက်ဆွဲခံရသည့်ဒဏ်ရာကို လက်နှင့်အုပ်ကိုင်ပြီး နောက်သို့ဆုတ်သွားလေလျှင် မြသား ထွက်ပြေးဖို့ ကြိုးစားသေး ဒါပေမဲ့ ဦးထွဋ်ခေါင်က မြသားရှေ့ကို လှမ်းခနဲ ရောက်လာပြီး ပိတ်ရပ်ကာ ...

"ခွေးမ ... နင် ငါ့လက်က လွတ်မယ်များ ထင်နေလား"

"ဟင်"

လက်က ဒဏ်ရာ၏နာကျင်မှုတွေကို မကောင်းသည့်စိတ်တွေက ဖုံးအုပ်နေသည်ဆိုတော့ မြသား သူ့လက်က မလွတ်နိုင်တော့ဘူးလား။

မြသားကို ဖိချုပ်ပြီး ...

"လိမ္မာစမ်းပါ မြသားရယ်၊ မင်း မနစ်နာစေရဘူး"

"ဟင့်အင်း မြသားကို လွှတ်ပါ"

"..."

"မြသား ... မြသား တောင်းပန်ပါတယ်ရှင်"

"ဟင်"





မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ထိုက် ဘီလူးသရဲဝင်စီးသလို ဖြစ်သွား၏။ ကိုယ်တွေလက်တွေ ကိုက်ခဲနေလို့ ဆေးသောက်ပြီး အိပ်နေခဲ့တာ။ အိပ်ရာက နိုးလာတော့ ကိုက်တာခဲတာတွေ သက်သာပြီမို့ မမ စိတ်ပူနေမှာစိုးပြီး လာခဲ့တာ။ ဒီရောက်တော့ စိတ်ထဲမှာ ခုန်ခနဲဖြစ်ပြီး ...

"ဟေ့လူ"

ဦးထွဋ်ခေါင်၏အင်္ကျီကုတ်ကိုဆွဲကာ ...

"လူယုတ်မာကြီး"

"ခွပ်"

"ကဲကွာ"

"ခွပ်"

"အား"

"ခွပ်"

"ထိုက်"

ဦးထွဋ်ခေါင် ဖင်ထိုင်လဲကျသွားချိန်မှာ မြသားက ထိုက်ကို ဆွဲလေ၏။ ဦးထွဋ်ခေါင် နှုတ်ခမ်းထောင့်မှ စီးကျလာတဲ့ သွေးများကို လက်ဖဝါးနှင့် ပွတ်တိုက်သုတ်ပြီး ထိုက်ကို စူးစူးရဲရဲကြည့်လေ၏။

"လူကြီးပြီး အချိန်မစီးတဲ့ လူကြီး ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း"

"ဘာပြောမလဲ . . . ပြောလေ"

"တော် . . . တော်ပါတော့ ထိုက်ရယ်"

"မင်း . . မင်း . . ထမင်းဝအောင်စားထား မိုးထိုက်စည်သူ"

"ခင်ဗျား ဘာလုပ်မှာလဲ လုပ်လိုက်၊ ကျွန်တော့်ဘက်က အမြဲတမ်း အဆင်သင့်ပဲ"

"တောက်"

မကျေမနပ်နဲ့ တောက်ခေါက်ပြီး ဦးထွဋ်ခေါင် လှည့်ထွက် သွားလေ၏။ သူကပဲ ကံနိမ့်နေတာလား။ ဒီကောင်တွေကပဲ နတ်မျက်စိ ရှိနေသလား။ သူ လုံ့ရည်ကို ကြံတုန်းက မိုးထက် ရောက်လာသည်။ အခု မြသားကျတော့ မိုးထိုက်က ကယ်တင်ရှင်။ ကိုယ့်သဘော အတိုင်းသာဆို ဒီကောင်တွေကို မောင်းထုတ်လိုက်တာ ကြာပြီပေါ့။ ဖေဖေက ဘာတွေကို သနားငဲ့ညှာနေမှန်းမသိ။

ဒီကောင်တွေ အကြောင်းပြောလိုက်တိုင်း မင်းကရော လူကောင်းဟုတ်လို့လားလို့ ပြန်အမေးခံရတာလေ။ ကိုယ်ကလည်း ဗီဇကို မဖျောက်နိုင်။ ဒီကောင်တွေ ဒီအိမ်ကိုရောက်လာတာ သူ့ အတွက် ကြိုလ်ဆိုးဝင်တာပါပဲ။ တစ်နေ့နေ့တော့ မင်းတို့နဲ့ငါ တွေ့ကြ ဦးမှာပေါ့ကွာ။





"အဟင့်"

"မငိုပါနဲ့ မမရယ်၊ မမ ဘာမှမဖြစ်ဘူးမို့လား"

"ထိုက်ရောက်လာလို့သာပေါ့၊ မဟုတ်ရင် မမဘဝတော့ သွားပြီ"

"မမရယ်"

"မမ သိပ်ရှက်တာပဲ၊ ကြောက်လည်း ကြောက်တယ်"

မမမျက်နှာလေးကိုကြည့်ပြီး ထိုက် ဒေါသနှင့် နှုတ်ခမ်းကို ကိုက်မိ၏။ ဆင်းရဲလို့ သူ့အိမ်မှာ အလုပ်လာလုပ်တဲ့သူကို ဘူးလေး ဖရုံဆင့်ဖြစ်အောင် လုပ်တာ။

ထိုက်သာ ရောက်မလာရင် မမလည်း ဒေါ်ကြီးရဲ့ဘဝမျိုးကို ရောက်သွားမှာ။ နှမသားချင်း မစာနာတတ်တဲ့ လူကြီး။ သူ့မှာ နှမရှိ ရင်ဆိုတာကို မေ့ထားသည် ထင်ပါရဲ့။

ဦးထွဋ်ခေါင် . . .

ခင်ဗျားတို့အလှည့်ကျမှ မနဲ့တတ်အောင်၊ အင်အားတွေ စုဆည်းထားလိုက်ဦးပေါ့ဗျာ။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာတတ် တာ တစ်နေ့ သိရမယ်သာမှတ်။

"မမ"

". . ."



www.burmeseclassic.com

www.burmeseclassic.com



"မမကို ဒီအိမ်မှာ ထားခဲ့ရမှာ ကျွန်တော် စိတ်မချဘူး"

"ဟင်"

မျက်လုံးဝိုင်းလေးနှင့် မြသားက နားမလည်စွာ မော့ကြည့်သည်။ ထိုက်က သူပြောချင်တာကိုပဲ ဆက်ပြီး . . .

"အဲဒီယောက် စိုးရိမ်စိတ်တွေ ပိုနေတာ ဘာဖြစ်လို့လဲ မေ သိလား"

"ဟင့်အင်း"

"မမကို ကျွန်တော် ချစ်လို့ပေါ့ မမရယ်"

"ဘာပြောတယ်"

ချက်ချင်းပဲ မြသား ထိုက်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ ကျားကြောက်လို့ ရှင်ကြီးကိုးမှ ရှင်ကြီးက ကျားထက်ဆိုး တော့မှာလား။ သူမ ထိုက်အပေါ်ထားခဲ့သည့် မေတ္တာစေတနာတွေက ဖြူစင်သန့်ရှင်းခြင်းနှင့်။

ဒါကို ကာလာဆိုးလာရင်တော့ လက်မခံနိုင်၊ သံယောဇဉ်နှင့် အချစ်ကို ရောထွေးမပစ်နိုင်ပါဘူး။

ရုတ်တရက် ဆောင့်တွန်းခံလိုက်ရတော့ . . .

ထိုက် နားမလည်စွာ မြသားကိုကြည့်၍ . . .

"မမ . . . မမ ဘာဖြစ်သွားတာလဲ"





"မင်း . . . ငါ့ရဲ့ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစေတနာတွေကို စော်ကားလိုက်တာပဲ ထိုက်"

"မဟုတ်ဘူး မမ၊ မဟုတ်သေးဘူးနော်"

"ဘာမဟုတ်တာလဲ၊ ငါက မင်းကို မောင်လေးတစ်ယောက်လို ရိုးရိုးသားသားပဲ ချစ်ခဲ့တာ"

"ကျွန်တော်ကလည်း မမကို ကိုယ့်အစ်မရင်းလို ရိုးရိုးသားသား ဖြူဖြူစင်စင်နဲ့ ချစ်တာလေ"

"ဟင်"

မြသား သူမပါးစပ်ကို လက်ကလေးနှင့် ပိတ်လိုက်မိ၏။

"ကျွန်တော်ပြောတဲ့စကားကို တလွဲအဓိပ္ပာယ် မကောက်လိုက်ပါနဲ့ မမရယ်၊ ဟုတ်ပါတယ်၊ ကျွန်တော် စကားပြောတာ လော သွားမိတယ်၊ ကျွန်တော် မမကိုချစ်တယ်ဆိုတာ မောင်နှမအချစ်နဲ့ပါ မမ၊ မမသာ ကျွန်တော့်အစ်မရင်းဖြစ်ရင် သိပ်ကောင်းမှာပဲလို့ တွေးခဲ့မိတယ်၊ ပြီးတော့ ကျွန်တော်က မိခင်မေတ္တာကို လိုချင်တောင့်တနေတဲ့သူပါ၊ ကျွန်တော့်ဘဝမှာ လိုနေတဲ့ ကွက်လပ်ကို ဖြည့်ပေးနိုင်မယ့်သူက မမလို့ ကျွန်တော် ထင်တယ်၊ အဲဒါကြောင့်"

"ဆော . . . ဆောရီးပါ ထိုက်ရယ်"

မြသား မြန်းစားကြီးအဖို့မှာ တလွဲထင်လိုက်တဲ့ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပဲ အပြစ်တင်လိုက်မိ၏။ မှန်တာပေါ့။ ၁၅၀၀ ကမှ အချစ်မဟုတ်ပဲလေ။ ၅၂၈ မေတ္တာကလည်း အချစ်ပဲ မဟုတ်လား။

"မမ တောင်းပန်ပါတယ်၊ ထိုက်က ရုတ်တရက်ကြီး ပြောတာဆိုတော့လေ"

"မောင်နှမချင်းပဲဥစ္စာ၊ တောင်းပန်နေစရာလား"

မျက်စောင်းလေးနှင့်အတူ မြသားလက်က ထိုက်နဖူးပေါ်သို့ ရောက်သွားပြီး ...

"ပြောတော့ နေမကောင်းလို့ဆို"

"အခု သက်သာလို့ ဒီရောက်လာတာပါ"

"အလကား ကျောင်းမတက်ချင်လို့ ဉာဏ်များသလား မသိဘူး"

ထိုက် မြသား စ,လိုက်တဲ့စကားကို ပြန်မပြောဘဲ ကိုယ်ပြောချင်တဲ့စကားကိုသာ တွန်းအားပေး၍ ...

"မမ"

"ဟင်"

"မမနဲ့ကျွန်တော် တကယ်အမျိုးတော်ရအောင် ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"





"မမ ... လေးလေးကို ယူလိုက်လေ"

"ဟယ် ... ပေါက်ကရပြောတဲ့ ကောင်စုတ်ကလေး ... အဲ"

မြသားက ထိုက်လက်မောင်းကို မနာအောင် ထုပစ်လိုက်တော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

“အားလုံး ထိုင်ကြပါ”

ခေါ်မှုံ့မြင့်မြတ်မာန်၏အမိန့်ကြောင့် မတ်တတ်ရပ်နေကြရာမှ အားလုံး ဆိုဖာတွေမှာ အသီးသီး ဝင်ထိုင်ကြ၏။ ခေါင်းငုံ့ထားကြပေမယ့် ရင်ထဲမှာတော့ မာနတွေ၊ အတ္တတွေ အသီးသီး ရှိနေကြသည်သာ။

“ထွန့်ခေါင်”

“ဗျာ . . . မေမေ”

“မင်းက အပြစ်ရှိပေမယ့် ငါမွေးထားတဲ့သားဖြစ်နေတော့ မပစ်ကောင်းတဲ့ဝန်တောင်းပေါ့လေ”





“မေမေ . . . ကျွန်တော်”

“နောက်ထပ်ဆိုတာရှိလာရင် မင်းကို ငါ ခွင့်မလွှတ်တော့ဘူး ထွန့်ခေါင်၊ အဲဒီတော့ ခေါင်းမှာ ဖြူစပြုနေပြီဖြစ်တဲ့ ဆံပင်တွေကို ထောက်ထားပြီး မင်းရဲ့အကျင့်ဆိုးတွေကို ပြုပြင်ပါ”

“ဟုတ်ကဲ့ . . . ကျွန်တော် ကြိုးစားပါ့မယ်”

“အေး . . . ကိုယ့်ကိုယ်ကိုယ် ယောကျ်ားလို့ သတ်မှတ်ရင် ကတိတည်ပါစေ”

ထိုစကားကို ဝင်ပြောလိုက်သူက ဦးထက်ခေါင်ပါ။ မိုးထက်ချက်လွှာပင့်ကြည့်ပြီး ခင်ဗျားကရော ဘယ်လောက်များ ကောင်းခဲ့သို့လဲလို့ မေးလိုက်ချင်၏။ သားအဖနှစ်ယောက်စလုံး ကြောင်သူတော်ကြွက်သူခိုးတွေ။ ထိုက်မျက်နှာကို ငဲ့ကြည့်မိတော့ သွားချင်းပင် ဖိကြိတ်မိလိုက်သည်အထိ။

“မြသားရောင်”

“ရှင်”

မြသား မရဲတရဲမော့ကြည့်ရင်း ဘုရားတမိလိုက်သည်။

“မင်းကတော့ ကံကောင်းတယ်လို့ ပြောရမလားဘဲ”

“ရှင်”

“မင်းရဲ့သိတတ်လိမ္မာမှုတွေကြောင့်လို့ ထင်ပါတယ်၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



မင်းကို သံယောဇဉ်ရှိတယ်ဆိုတာထက် ချစ်မိနေတယ်ဆိုရင် ပိုပြီး မှန်တာပေါ့၊ ပြီးတော့ မင်းမှာအပြစ်မရှိဘူးလို့ သတ်မှတ်ပြီး မင်းတို့ တူဝရီးကို ငါ နှင်မထုတ်ရက်ဘူး ဖြစ်နေတယ်"

မြသားက ဝမ်းသာအားရပုံစံနှင့် ပြုံးဖော်မရဘဲ ပြုံးနေတာက ဒေါ်လှဲ့ရည်ပါ။ သူတို့မှာ ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ ခွန်အားတွေ ရှိနေပါလျက်နှင့် အန္တရာယ်များတဲ့ ဒီအိမ်မှာမှ ဘာလို့တွယ်ကပ်နေချင်ကြတာလဲ။ မကောင်းရာမကောင်းကြောင်းတွေ ရှိနေတာလည်း မဟုတ်၊

ဖြစ်နိုင်ရင် ...

မိုးထက် မြသားလက်ကိုဆွဲပြီး ဒီအိမ်ကနေ ခေါ်ထုတ်သွားလိုက်ချင်၏။ ခြံခုနစ်ရှိတဲ့နွားက ခုနေဦးမှာပဲလေ။ ဦးထွန်းခေါင် နောက်တစ်ခါ ကျားချောင်း ထပ်မချောင်းပါဘူးလို့ ဘယ်သူက အားခံနိုင်သလဲ၊ မြသားကို ဘယ်လိုစိတ်ချပြီး ထားနိုင်ပါ့မလဲလေ။ သူတို့တူဝရီးက အချိန်တန်ရင် အိမ်ပြန်ကြမည့်သူတွေ။ ကိုယ်နဲ့မဆိုင်တော့ လာလိုက်ခဲ့ဆိုပြီး လက်ဆွဲခေါ်သွားလို့လည်း မရ။

"မင်း ဒီအိမ်မှာနေရတာ လုံခြုံမှုမရှိဘူးလို့ ထင်ရင်တော့ မတတ်နိုင်ဘူးပေါ့လေ၊ ထွက်သွားချင်တယ်ဆိုရင်လည်း ငါ ခွင့်ပြုတယ်"

"မမကြီးရယ် ... လှဲ့ရည်တို့က မမကြီးတို့ကို မှီခိုအားထား





နေရတဲ့သူတွေပါ"

"ဒေါ်လေး"

ဒေါ်လေးက ခေါင်းခါပြသဖြင့် မြသား ပြောချင်သည့်စကားကို မျိုသိပ်လိုက်ရသည်။ မြသားသဘောကတော့ ဘယ်မှာပဲနေနေ ကိုယ်လုပ်မှ ကိုယ်စားရတာလေ။ ဒီအိမ်မှာ မနေချင်တော့တာ အမှန်ပဲမို့ အခြားမှာပဲ ပင်ပင်ပန်းပန်း လုပ်စားလိုက်ချင်၏။

"လှဲ့ရည်တို့မှာ နေစရာအိမ်မရှိဘဲ ရွာကို မပြန်ချင်ပါဘူး"

"အေးလေ ... နင်တို့ ဒီမှာပဲ ဆက်နေမယ်ဆိုတော့ ငါ ဝမ်းသာပါတယ်"

မြသား ဒေါ်လေးကို နားမလည်နိုင်တော့ပေ။ သူတို့မှာ ဘာလို့ နေစရာအိမ်မရှိရမှာလဲ။ ရွာမှာ အိမ်နဲ့ခြံရှိနေတာပဲလေ။

"မိုးထက်"

ကိုယ့်နာမည်ကို ခေါ်သံကြားတာနှင့် တူဝရီးနှစ်ယောက်စလုံး ခေါင်းမော့ကာ အကြည့်ချင်း ဆုံသွားကြ၏။ ပြီးမှ ဒေါ်မျိုးမြင့်မြတ်ထံသို့ တစ်ဆင့်ပို့ကြသည်။

"ထွန်းခေါင်နဲ့ ပတ်သက်တဲ့ကိစ္စမှာ ငါ ဘာမှမပြောလိုပါဘူး။ ဒါပေမဲ့ ..."

စကားကို ခဏဖြတ်ထားပြီး ပိုးအိမ်ကို ငဲ့ကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ပတ်သက်တာကိုပဲ ငါပြောချင်တယ်"

"မေမေ"

"မင်းတူက ငါ့သမီးကိုမှ အပိုင်တက်ချိုင်တဲ့သူဆိုတော့ သမီးရှင်တစ်ယောက်အနေနဲ့ မင်းတို့ကို ငါ လက်မခံနိုင်တော့ဘူး"

"ဟင်"

"မာန်"

"အဲဒီတော့ မင်းတို့ ဒီနေ့ကစပြီး ငါ့အိမ်နဲ့ ပတ်သက်စရာ အကြောင်း မရှိတော့ဘူး။ ရှင်းရှင်းပြောရရင်တော့ နှင်ထုတ်လိုက်တာ ပဲ"

"အဲဒီကိစ္စကို ငါ ကန့်ကွက်တယ်"

"ဘာ"

ကန့်ကွက်တယ်ဆိုသောကြောင့် ဒေါ်မိုးမြင့်မြတ်မာန်၏မျက် လုံးတွေမှာ ဒေါသမည်သောအရောင်တွေ ထွက်လာ၏။ ဒါကို ဦးထက် ခေါင်ကလည်း ဂရုမစိုက်သည့်ဟန်။ သူ့မှာလည်း ဆုံးဖြတ်ပိုင်ခွင့် အမိန့်ပေးပိုင်ခွင့်တွေ ရှိသည်လေ။ ဒီလိုမှ မဟုတ်ရင် အိမ်ဦးနတ်ဆို တာကို ဘယ်ချောင်ထဲ ထိုးရမလဲ။

"ရှင် ဘာပြောလိုက်တာလဲ ကိုထက်"

"မင်း မြသားကို သံယောဇဉ်ရှိသလို ငါလည်း ရှိတယ်





ထိုက်ကိုလည်း ငါက သံယောဇဉ်ရှိနေတာဆိုတော့ မြသားလိုပဲ"

"တော်တော့ ကိုထက်"

"မင်းမှာ လုပ်ပိုင်ခွင့်ရှိသလို ငါ့မှာလည်း အခွင့်အရေး ရှိ တယ်လေ၊ ငါ မိုးထိုက်ကို နှင်ထုတ်ခွင့်မပေးနိုင်ဘူး"

"ရှင် ရူးနေလား။ ကိုယ့်သမီးကို ဒီလို ကိုယ့်အိမ်က အလုပ် သမားနဲ့ ရှင် ပြန်ပြီး သဘောတူနိုင်လား . . . ပြော"

"အဲဒီကိစ္စအတွက် ငါ သမီးကို အပြတ်ပြောထားပြီးသားပဲ၊ အခု သူတို့နှစ်ယောက်ရဲ့သတင်း မင်း ဘာထပ်ကြားလို့လဲ"

ဒေါ်မိုးမြင့်မြတ်မာန် အရုပ်ဆိုးအောင် မဲ့ပစ်လိုက်၏။ ဒီကိစ္စ အဲဒီလောက်ပဲ လွယ်မတဲ့လား။ ပင်လယ်ပြင်ရဲ့အထာကို မသိရင် ညာက ငြိမ်သက်ခြင်းဆိုတာ လှိုင်းပုတ်ခံပြီး လှေမြုပ်သည်အထိ စိုင်ကြည့်ပြီးမှ ယုံတာမျိုးတော့ အဖြစ်မခံနိုင်။

ဒီတော့ . . .

မမှားခင်က တားရမှာပဲလေ။

"ဒီမှာ ကိုထက်"

ဦးထက်ခေါင်က လှည့်မကြည့်ပေ။

"သားသမီးယုံရင် စုံလုံးကန်းတတ်တယ်ဆိုတဲ့စကားကို ရှင် မေ့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖေဖေ၊ ကျွန်တော်လည်း ပိုးအိမ်ကို ဒီကော

နဲ့တော့ အဖြစ်မခံနိုင်ဘူး"

"ကျွန်တော်ကလည်း ခင်ဗျားတို့ဘက်က ကန်တော့ပွဲ

လာတောင်းတောင် လက်မခံပါဘူး။ ဒီမှာ ကိုထွဋ်ခေါင် ... ဖိနပ်စုတ်

စီးပြီး လမ်းလျှောက်လာတိုင်း ငမွဲတေလို့ မမှတ်လိုက်နဲ့၊ မဟော်

သဓာတောင် ထီးချုပ်သမားယောင်ဆောင်ခဲ့သေးတာပဲ၊ ကျွန်တော်

တို့လည်း ဒရိုင်ဘာယောင်ဆောင်ခွင့်ရှိတယ်"

"ထိုက်"

မိုးထက် တားချိန်ပင် မရလိုက်ဘဲ ထိုက်က ဒေါသခြေလှမ်း

များနှင့် ထွက်သွားလေ၏။

လူငယ်ဆိုတော့ ...

သည်းခံပါရမီနဲ့ ဘယ်ပြည့်စုံပါ့မလဲ။

❑ ❑ ❑



## အခန်း (၁၈)

အချိန်တန်ရင် အိမ်ပြန်ရမှာ အစကတည်းက သိပြီးသားမို့ အခုပြန်မှာပဲ အဆန်းမဟုတ်ပေ။ ဒါပေမဲ့ စိတ်ထဲမှာတော့ လေးနေ၏။ မိုးထက် စိတ်မချဖြစ်နေတာက မြသားရောင်။ အဖူးလေးကို ခူးခွင့်ရဖို့ ဦးထွဋ်ခေါင်က ထပ်မကြိုးစားပဲ နေပါ့မလား။ ကိုယ်က ဟားတိုက်ရယ်မောနိုင်ဖို့ လာခဲ့ကာမှ ...

လေးနေတဲ့ ရင်ကိုမပြီး ပြန်ရမှာမျိုး။

ငါ့ရင်ထဲမှာ ဒီလို ဒီအကြောင်းတွေ ရှိနေပါတယ်ဆိုပြီး ခံစားချက် အစစ်အမှန်တွေကို ဖွင့်ပြောလိုက်ရကောင်းမလား။

"လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"အင် … ဟင်"

လာတုန်းက အဝတ်ကလေးတွေကို ကျောပိုးအိတ်ထဲသို့ ခေါက်ထည့်ပြီး ပိုးအိမ် ဝယ်ပေးသည့် အဝတ်တွေကိုတော့ ထိုက် ယူသွားဖို့ စိတ်ကူးမရှိပေ။ ထို့ကြောင့် မြင်သာအောင် ချိတ်တွေနှင့် ချိတ်နေရင်း ခေါ်တာဖြစ်၏။

"လေးလေး ကျွန်တော့်ကို စိတ်ဆိုးနေတာလား"

"…"

"ကျွန်တော့်လုပ်ရပ် မှားတယ်ထင်ရင် လေးလေး ကျွန်တော့် ကို ထိုးချင်ထိုး၊ ရိုက်ချင်ရိုက်ပါ၊ စကားမပြောဘဲတော့မနေပါနဲ့"

"…"

"လေးလေး"

"…"

"ရည်ရွယ်ချက်တွေ မအောင်မြင်ဘဲ ထွက်သွားရတယ် ထင် ပြီး စိတ်မကောင်းဖြစ်တာဆိုရင်တော့ ကျွန်တော် အဲဒီလောက်အထိ မညံ့ဘူးလို့ပဲ ပြောချင်ပါတယ်"

"ဟင်"

တူဖြစ်သူကို မိုးထက် အံ့သြစွာ ကြည့်မိ၏။ ထိုက်က သူ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ခဲ့တယ်လို့ ဆိုလိုလိုက်တာလား။





"ဒါဆို … မင်း"

ထိုက်က ခေါင်းညိတ်လိုက်ပြီး …

"ကျွန်တော့်ခေါင်းထဲမှာ လက်စားချေဖို့ဆိုတာကြီးက တချပ်ချပ်မြည်နေခဲ့တာလေ၊ အခုတော့ ခေါင်းလည်းရှင်း ရင်ထဲ မှာလည်း ပေါ့သွားပြီ"

မိုးထက် ဆွံ့အနေသူပမာ ဘာစကားတစ်ခွန်းမှ မဆိုနိုင်။ ထိုက်ကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုယ့်လောက် စိတ်အားမထက်သန် ဘူးထို့ ထင်ခဲ့တာ။ အထင်သေးသလို ရှိခဲ့ခြင်းက အခု ကိုယ့်ထက် ပိုသောသတ္တိများနှင့်။ လက်စားချေဖို့ လာခဲ့ပြီးမှ လက်တွေ့လုပ်ရမည် ဆိုတော့ ငါ့လုပ်ရပ် မှန်ရဲ့လားလို့ တွေဝေနေခဲ့တာက ကိုယ်။

အခု ထိုက်က …

လက်သွက်ခြေသွက်နှင့် တာဝန်ကျေအောင် လုပ်ဆောင် ခဲ့ပြီးပြီတဲ့။ ကိုယ့်နားကိုယ်ပင် မယုံနိုင်လောက်အောင်ပါပဲ။

"လေးလေး"

"ဟင်"

"လေးလေး ဘာဖြစ်နေတာလဲ"

"မဖြစ် … မဖြစ်ပါဘူး"

"မဖြစ်ဘူးဆိုတာထက် လေးလေးကိုကြည့်ရတာ ငိုင်တိ



www.burmeseclassic.com

www.burmeseclassic.com



ငိုင်တိုင်နဲ့ ဘာလဲ ... လေးလေးက နောင်တရချင်နေတာလား လေးလေးဖြစ်ချင်တာကို ကျွန်တော် ဖြစ်အောင် လုပ်ခဲ့ပြီးပြီ၊ အဲဒီအတွက် လေးလေး ဝမ်းသာရမှာလေ''

ဝမ်းသာရမယ်တဲ့လား။ ဝမ်းမသာနိုင်ပါဘူး ထိုက်ရယ်။ လက်စားချေလိုမှုတွေ ပြင်းပြခဲ့တာမှန်ပေမယ့် တကယ်တော့ ဒီကိစ္စကို လေးလေးပဲ ဖြေရှင်းသင့်တာပါ။ အခု မင်းဖြေရှင်းလိုက်တော့ လေးလေးဖြစ်စေချင်တဲ့အတိုင်း တစ်ဆွေလုံး တစ်မျိုးလုံး ခွေးဖြစ်တဲ့ အထဲမှာ မင်းပါနေတယ်ဆိုတာ သိလား။

အာဃာတတွေကို မီးစာထိုးပြီး ခွေးဖြစ်အောင် ကြံခဲ့တာက အမှန်။ အခု တကယ်ဖြစ်ကြပြီဆိုတော့မှ ဘယ်သူတွေ ဘာဖြစ်ဖြစ် ဂရုမစိုက်သော်လည်း ထိုက်မုန်းမှာကို သူ ကြောက်နေ၏။ [illegible] ထိုက်ကို တယုတယမွေးခဲ့တာသည် အတ္တကို ဖော်ကောင်လုပ်ပြီး အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်ခိုင်းဖို့။ အခုကျတော့မှ သေသေချာချာ သိလိုက်ရတာ။ ထိုက်အပေါ် သူထားခဲ့သည့် သံယောဇဉ်က နွယ်တစ်ပင် မြက်တစ်ပင်လို လွယ်လွယ်ဖြတ်လို့မရ။

''ငါ တစ်ခုစိုးရိမ်တယ် ထိုက်''

''ဘာကိုလဲ လေးလေး''

''ဆူးတစ်ချောင်းကို နောက်ဆူးတစ်ချောင်းနဲ့ ထွင်ရင်း



ထွင်တဲ့ဆူးပါ ကျိုးပြီး နှစ်ခါနာဖြစ်မှာကိုပါ''

''ဘယ်လို''

''မင်းအပေါ် ငါချစ်တဲ့အချစ်က အပေါ်ယံတင် နှမ်းဖြူးတာမျိုး မဟုတ်တော့ဘူး ထိုက်''

''အဲဒါကို ကျွန်တော် သိတယ်လေ၊ လေးလေး ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် မသိဘဲနေပါ့မလား။ အဲဒါနဲ့ ဘာဆိုင်လို့ လေးလေး ဘာတွေပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး''

''တစ်နေ့တော့ မင်း နားလည်လာမှာပါ၊ အဲဒီနေ့ကျရင်သာ မင်း ငါ့ကို မမုန်းပါနဲ့''

''အဓိပ္ပာယ်မရှိတာ လေးလေးရာ၊ ကျွန်တော်က လေးလေးကို ဘာလို့မုန်းရမှာလဲ''

သက်ပြင်းချပြီး မိုးထက် ထရပ်လိုက်၏။ ဖွတ်မထွက်သေးသရွေ့တော့ တောင်ပို့မုန်း မင်း ဘယ်သိပါ့မလဲ ထိုက်ရယ်။ ဖွတ်ထွက်လာတဲ့နေ့မှာသာ ...

''လေးလေး''

''ကဲ ... မသိရင် မသိသလိုနေ၊ ထပ်မမေးနဲ့၊ သွား[illegible] အောင်''

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးကလည်းဗျာ . . . ဘာတွေလျှောက်နေမှန်းတောင် မသိတော့ဘူး"

ထိုက်က စိတ်ရှုပ်သလို ညည်းတွားပြီး ကျောပိုးအိတ်ကို ဆွဲယူကာ လေးဖင့်စွာ ထရပ်၏။ မိုးထက်က အရင်ထွက်သွားပြီးမို့ ထိုက်လည်း လိုက်ခဲ့ရတော့သည်။

"အစ်ကိုမိုးထက်"

". . ."

"အစ်ကိုမိုးထက်"

"ဟင်"

"ထိုက်"

"မမ"

နှစ်ယောက်စလုံးရဲ့နာမည်တွေကိုခေါ်ပြီး ပြေးလိုက်လာတာ မြသားရောင်။ သံယောဇဉ်အငြိအစွန်းတွေနှင့် မထားခဲ့ရက်လို့ နှုတ်မဆက်တာကို လိုက်လာပြီး တုတ်နှောင်မထားပါနဲ့လား။ ဖြတ်ထွက်သွားဖို့ စိတ်ကိုတင်းပေမယ့် ကမ္ဘာမြေကြီးထက် ဆွဲအားကောင်းတဲ့ သံယောဇဉ်က နှစ်ယောက်စလုံးရဲ့ခြေထောက်တွေကို ကြိုးကွင်းစွပ်ပြီး ဆွဲထားသလိုပါ။

အနားကိုရောက်လာတဲ့ မြသားရဲ့မျက်ဝန်းမှာ မျက်ရည်တွေ





နှင့်။

"တကယ်သွားကြတော့မှာလားဟင်"

"မြသားရယ်"

"ဘာလို့ မြသားကို နှုတ်မဆက်ခဲ့ကြတာလဲ"

"မမ"

တုန်ယင်သောအသံနှင့် ပြောလိုက်တဲ့မြသားကို မချိတင်ကဲ လေသံနှင့်ခေါ်ပြီး တင်းကျပ်စွာ ပွေ့ဖက်လိုက်သူက ထိုက်။ ထိုက်နဲ့ မြသားက မောင်နှမသံယောဇဉ်နှင့် ချစ်ခဲ့ကြသည်မို့ ဒီလိုအခွင့်အရေးမျိုးကို ရတာပါ။ မိုးထက်မှာက ဒီအခွင့်အရေးမျိုးမရှိ။ သူလိုချင်တာက ထိုက်နဲ့မတူညီတဲ့ အခွင့်အရေးလေ။

"မြသားရောင်"

ထိုက်နှင့် လူချင်းခွာပြီး မြသားက မိုးထက်ဘက်သို့ လှည့်ခေါ်လေ၏။

"မင်းဘဝ မလုံခြုံဘူးဆိုတာသိသိနဲ့ ကာကွယ်ခွင့်မရှိလို့ ထွက်သွားရတဲ့လူတွေကို မင်း နားလည်ပေးပါ"

"မြသား . . . မြသား နားလည်ပါတယ်"

"အခြေအနေနဲ့ အချိန်အခါအရ ခဏတော့ မင်း သည်းခံလိုက်ပါ။ နောင်တစ်ချိန်မှာ ကိုယ် မင်းကို ထာဝရစောင့်ရှောက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရချင်တယ်"

"ရှင်"

"ကိုယ်ခွင့်တောင်းတဲ့နေ့မှာ မင်းဘက်က အဖြေအဆင်သင့်ရှိအောင် ကြိုးစားထားပါ မြသားရောင်"

မြသား ခေါင်းလေးငုံ့သွားလေ၏။ ပါးစပ်က ချစ်တယ်လို့ ပြောတာထက် မပြောဘဲလည်း ချစ်တာထက် ပိုပြီးနက်ရှိုင်းတဲ့ မြတ်နိုးမှုတွေကို မင်းမြင်အောင် ကြည့်တတ်ပါစေ မြသားရယ်။

"ကိုယ်ပြောတာကို မင်း သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်"

"ဒါဆို ... ကိုယ် သွားတော့မယ်"

မိုးထက် ကျောခိုင်းလိုက်တော့၏။ ကျန်ခဲ့သူမှ လွမ်းရတာ မထင်ပါနဲ့။ ချန်ခဲ့ရသူရဲ့ရင်ထဲမှာလည်း အလွမ်းရင့်ရင့် ရင်နင့်နင့်ပါ။

"မမ"

"ထိုက်"

"ဟိုလူကြီးကို သတိထားနော် မမ"

မြသား ခေါင်းညိတ်ပြလိုက်၏။

"မမကို အဲဒီလူကြီး နှောက်ယှက်ဒုက္ခပေးရင် ကျွန်တော့်ကို ဖုန်းဆက်လိုက်၊ ကျွန်တော် အဲဒီလူကြီးကို သတ်မှာ"





"ထိုက်ရယ်"

ထိုက်က ကျောပိုးအိတ်ကိုဖွင့်ပြီး ဖုန်းနှစ်လုံးကို ထုတ်ယူလိုက်သည်။ ဖုန်းတွေ ဈေးပေါနေတဲ့ ခေတ်ကြီးထဲမှာ ထိုက် ဖုန်းနှစ်လုံးကိုင်တာ မဆန်းပါဘူး။ မြသားရောင်တို့ဘဝမှာသာ ဖုန်းမပြောနဲ့ က်ရှက်တောင် ပိုင်ရှင်မသိဘဲ ကိုင်ခွင့်မရှိတာလေ။

"ရော့ ... မမ ဖုန်းတစ်လုံး ယူထားလိုက်"

"ထိုက်တစ်ယောက်တည်း ဖုန်းက နှစ်လုံးတောင်"

"ဖုန်းက ဈေးမှမများတာ ... မမရဲ့ ဘာဆန်းလဲ"

"အေးလေ ... မမတို့က တစ်လုံးတောင်ကိုင်ခွင့် မရှိတော့ ဆန်းနေတာပေါ့"

"အခု ကိုင်ခွင့်ရပြီလေ ... ရော့"

ထိုက် ဖုန်းလေးကို မြသားလက်ထဲကို ထိုးထည့်ပေးလိုက်၏။ သူကတော့ အလွမ်းနှင့် နှုတ်မဆက်ချင်သူမို့ အတတ်နိုင်ဆုံး အပြုံးများနှင့်သာ။

"ပေးတာက ဟုတ်ပါပြီ၊ မမက အသံမြည်ရင် နားထောင်ဖို့ ထောင်တတ်တာ၊ ဘာမှမလုပ်တတ်ဘူး ထိုက်ရဲ့"

"လုပ်တတ်အောင် သင်ပေးမယ် ... ဒီမှာကြည့်"

ထိုက်က ဖုန်းနဲ့ ပတ်သက်သမျှ မြသား နားလည်သည်အထိ



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ် ရှင်းပြလေသည်။ မြသား သေသေချာချာ နားလည်သွားပြီဆိုမှ . . .

"ကဲ . . . မမ"

"ဟင်"

"မမနဲ့ကျွန်တော့်ကြားမှာ အဆက်အသွယ်မပြတ်အောင် ဒါလေး ပေးပြီးပြီဆိုတော့"

"သွားတော့မှာလားဟင်"

လေးတွဲစွာ ခေါင်းညိတ်ခြင်း၏နောက်မှာ ချာခနဲလှည့်ထွက်သွားလိုက်တာ သံယောဇဉ်ကို တိခနဲ ပိုင်းချဖြတ်တောက်သွားသော မျိုးပါလား။

❑ ❑ ❑



## အခန်း (၁၉)

သူမ၏ခြေထောက်တွေကို နှိပ်နယ်ပေးနေတဲ့ မြသားကို ကြည့်ပြီး ဒေါ်မျိုးမြင့်မြတ်မာန်၏ရင်ထဲမှာ တစ်မျိုးကြီးပါပဲ။ ဝမ်းသာ ဒီတိဖြစ်သလိုလို၊ ဝမ်းနည်းသလိုလိုနှင့် ဘယ်လိုကြီးမှန်းမသိ။ ဒီလောက် လိမ္မာရေးခြားရှိပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးမှာ အကြောင့်များ ဘဝအကျိုးပေးက နုံချာနေပါလိမ့်။

"မြသားရောင်"

"ရှင် . . . ကြီးမေ"

"မင်းအမေက မင်း ဘယ်အရွယ်လောက်မှာ ဆုံးသွားတာ ထဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြသား ၁၄ နှစ်မှာ မေမေ ဆုံးသွားတာပါ ကြီးမေ"

"သြော်"

"ဖေဖေကတော့ ထန်းတက်သမားလေ၊ မြသား မမှတ်မိ လိုက်ပါဘူး၊ မြသား ၃ နှစ်သမီးလောက်မှာ ထန်းပင်ပေါ်က ပြုတ် ကျပြီး သေသွားတာတဲ့"

"ဟင်း"

ဒေါ်မျိုးမြင့်မြတ်မာန် သက်ပြင်းရှည်ကြီး ချလိုက်မိ ကလေးမလေးခမျာ ကံမကောင်းရှာပါလား။ မိဘအုပ်လျက်နဲ့ မ ပြင်းခဲ့ရတာတောင် နေတတ် စားတတ် ဘိုင်းကောင်းကျောက်ဖိ သူ့မိဘတွေများရှိရင် ဘယ်လောက်များ ချစ်လိုက်ကြပါမလဲ။ ဒါ ကံဆိုးတာတွေထဲကနေ ကံကောင်းတဲ့အချက် မြသားမှာ ရှိသည် အဲဒါ ဘာလဲဆိုရင် ...

အသံကြား သနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေဆို ဆုကို တောင်းခဲ့ပါလျှင် မြသားတောင်းတဲ့ဆုနဲ့ ပြည့်နေပြီ ပြောရတော့မှာပေါ့။

သူမလို မာနကိုမောင်းတင်ပြီး အဆင့်အတန်း ခွဲခြားလွှ မိနစ်မတစ်ယောက်တောင် အခု သူမလေးကို ဘာကြောင့်မှန်း သနားချစ်ခင်နေမိသည်။



"ညည်းဘဝကလည်း ကံဆိုးလိုက်တာအေ"

"ဘဝပေးကုသိုလ်ပေါ့ ကြီးမေရယ်၊ မရနိုင်တော့တာကို တမ်းတပြီး လွမ်းဆွေးနေလို့ရော ဘာထူးမှာလဲ၊ အဲဒါကြောင့် မြသား လေ အမေအရွယ်မှန်သမျှတွေကို မြသားရဲ့အမေတွေလို့ပဲ သဘော ထားပါတယ်"

ကောင်မလေးက ကိုယ်တွေထက်ပင် တရားပြည့်နေပါရော လား။

"အေးလေ ... မင်းဘက်က စေတနာမှန်ရင် မေတ္တာဆိုတာ ရောင်ပြန်ဟပ်ပါတယ်ကွယ်"

"ဟုတ်ကဲ့ ... မြသားလည်း အဲဒီလိုပဲ နှလုံးသွင်းထားပါ တယ် ကြီးမေ"

"ဒါနဲ့ မင်းမှာ အဝတ်အစားကောင်းကောင်းမွန်မွန်ရော ရှိရဲ့လား မြသားရောင်"

"နှစ်စုံ သုံးစုံတော့ ရှိပါတယ် ကြီးမေ၊ မြသားက ဘယ်မှ သွားစရာ၊ လာစရာမရှိတော့ များများရှိဖို့လည်း မလိုအပ်ပါဘူး"

လေသံအေးနှင့်ပြောလိုက်တာကပဲ ကြားရသူကို ချက်ချင်း ဝယ်ပြီး ချုပ်ပေးချင်စိတ် ပေါက်သွားစေ၏။ နှုတ်ချိုတော့ လူချစ် ပါးတဲ့။ မြသားက နှုတ်ချိုရုပ်ချောလေးပါ။ အဝတ်များများ ရှိဖို့

www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ဘူးတဲ့လား။ ဒါ ဖြေသိမ့်နည်းတစ်ခုပဲပေါ့။ မလှချင် မဝတ်ချင်တဲ့သူဆိုတာ ရှိမှမရှိဘဲလေ။

အိမ်က သမီးဆိုရင် ...

အဝတ်တစ်စုံကို သုံးခါထက် ပိုမဝတ်ပေ။ ထွက်လိုက်တိုင်း ရှော့ပင်။ ဝယ်လိုက်တဲ့အဝတ်တွေမှ ရှိုးကေ့စ်နဲ့ဘီဒိုထဲမှာ အထပ်လိုက်။

အသစ်ပေါ်သမျှ ဒီဇိုင်းမှန်သမျှ သူ မလိုချင်တာမရှိ။ ဝယ်လိုက်သမျှ ဝတ်စုံတွေက ဈေးကြီးနာကြီးတွေချည်းပါပဲ။

"ရပြီ ... ရပြီ သက်သာသွားပြီ တော်တော့"

ဒေါ်မျိုးမြင့်မြတ်မာန် ခြေထောက်ကို ရုတ်ပြီးဆိုလိုက်၏။

"ဖက်ကြောဆွဲပေးရဦးမလား ကြီးမေ"

"မဆွဲနဲ့ ... ငါ ဖက်ကြောမတက်ဘူး"

"ဒါဆို ... မြသား ဘာလုပ်ပေးရဦးမလဲဟင်"

"ဘာမှလုပ်ပေးစရာမလိုတော့ပါဘူးကွယ်"

မြသား ထရပ်လိုက်ပြီး ခေါင်းလေးငုံ့ကာ နောက်ဆုတ်သွား လေလျှင် ...

"နေဦး မြသားရောင်"

ဒေါ်မျိုးမြင့်မြတ်မာန် စားပွဲပေါ်က ပိုက်ဆံအိတ်ကို ယူ





သူကာ ဖွင့်လိုက်ပြီး ... ငါးထောင်တန်လေးရွက်ကို ဆွဲထုတ်လိုက်တာ ...

"ရော့ ... ဒီပိုက်ဆံကိုယူပြီး မင်းအတွက် အဝတ်အစားကောင်းကောင်းလေးဝယ်၊ ဟုတ်ပြီလား"

"ဟင့်အင်း ... မြသား မယူပါရစေနဲ့ ကြီးမေ"

"ဘာဖြစ်လို့လဲ"

"မြသားမှာ လိုအပ်ရင် ဒေါ်လေးက ဝယ်ပေးပါတယ်"

"မြသားရောင်"

"ရှင်"

"ငါက လူတိုင်းကို စေတနာရှိတာ မဟုတ်ဘူးနော်၊ ငါ ပေးရင် ယူမှကြိုက်တာ၊ ရော့ ... ယူလိုက်"

"ဟုတ် ... ဟုတ်ကဲ့ပါ ကြီးမေ"

မြသား ကြီးမေစိတ်ဆိုးမှာစိုးတာနှင့် မယူချင်ဘဲ ယူလိုက်ရသည်။

"မေမေ"

"ဟင်"

မြသား ထွက်မသွားရသေးခင် ပိုးအိမ်က ဝင်လာသည်။ သူတို့နှစ်ယောက်က တစ်အိမ်တည်းမှာ အတူနေကြပြီး နိုင်ငံမှအပ



www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီးမနေကြပေ။ နီးလျက်နဲ့ဝေးဆိုတာမျိုးလေ။ အနီးကပ်ပြီး သူ့စည်းကိုယ့်စည်းတွေနှင့် ကိုယ်ရေးကိုယ်တာကိစ္စဆိုတာမျိုး လုံးဝမပြောဖြစ်ကြ။

"သူ့ကို ဘာလို့ပိုက်ဆံတွေ ပေးတာလဲ"

"မြသားမှာ အဝတ်အစားကောင်းကောင်းမရှိဘူး သမီးရဲ့ အဲဒါကြောင့် အဝတ်ဝတ်ဖို့ပေးတာပါ။ မေမေတို့က သူတို့ကို လစာ ပေးစရာမလိုဘဲ ခိုင်းနေကြတာလေ၊ တစ်ခါတလေ ပေးသင့်တယ် ထင်လို့ပါ"

"ဒါဆို သမီးမှာ မဝတ်တော့တဲ့ အဝတ်တွေရှိနေတာ ရှာ ပေးလိုက်ပါလား မေမေ"

"မြသားက သမီးလို ဘောင်းဘီတွေ၊ စကတ်တွေ မဝတ် တတ်ဘူးလေ သမီးရဲ့"

"ဟုတ်သားပဲ"

"မြသား သွားလို့ရပြီလား ကြီးမေ"

"အေး . . . အေး . . . သွားတော့"

မြသား ထွက်သွားရာသို့ ပိုးအိမ် လိုက်ကြည့်ပြီး သက်ပြင်း ချမိသည်။ ဒေါ်လေးလှဲ့ရည်ပြောတာတွေကို ပြန်လည်ကြားယောင်း တော့ မြသားကို အမုန်းနဲ့ ဆက်ဆံရမလား။ အပြုံးနဲ့ ဆက်ဆံရမလား





ခဲ့တတ်တော့။

"မြသားနဲ့ထိုက်က အဆက်အသွယ်မပြတ်ကြဘူး ပိုးလေးရဲ့၊ ထိုက်က မြသားဆီကိုတော့ ဖုန်းဆက်တာ ခဏခဏပဲ"

"ဟုတ်ရဲ့လား ဒေါ်လေးရဲ့"

"ဒေါ်လေးက ကိုယ့်တူမအကြောင်းမဟုတ်တာ ပြောပါ့မလား ကွယ်"

"သူတို့က ဘယ်လိုအခြေအနေမျိုးနဲ့ ပတ်သက်နေကြတာ လဲဟင် ဒေါ်လေး"

"အဲဒါတော့ ဒေါ်လေးလည်း မသိဘူးကွဲ့၊ ရိုးရိုးသားသား သို့တော့ ပြောတာပဲ"

"ဪ"

ပိုးအိမ် ကျောင်းကလည်း ပြီးပြီဆိုတော့ အပြင်ကို ထွက်ခွင့် ရပေ။ ထိုက်နဲ့ အဆက်အသွယ်လုပ်မှာစိုးလို့ဆိုပြီး အပြင်ထွက်ခွင့် လျှင်တောင် ဖေဖေနဲ့မေမေ တစ်ယောက်က ပါစမြဲပါ။ တစ်ခါတလေ ကိုကြီးနှင့်။

ထိုက်က သူ့မှာ ဖုန်းရှိတာကိုလည်း မပြော။ ဖုန်းနံပါတ် လည်း မပေးခဲ့။

အဲဒါက ဘာသဘောလဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်လုံးကိုတော့ ဘာအဆက်အသွယ်မှ မလုပ်ဘဲနဲ့။ မြသားရောင်နဲ့ ဆက်သွယ်နေတာကို နားမလည်နိုင် သူမ မြသားကို အချိုးကွေ့ရမလား။ အချဉ်ကွေ့ရမလား။ ဘာဖြစ်ဖြစ် အချိုသတ်ပေါင်းပြီး ထိုက်အကြောင်းကို မေးရမည်။

"သမီး"

"ရှင် မေမေ"

"မေမေ့ကို သမီး ပြောစရာရှိလို့လား"

"မရှိပါဘူး မေမေ"

ဒေါ်မိုးမြင့်မြတ်မာန် သမီးမျက်နှာလေးကိုကြည့်ပြီး ခေါင်းလေးကို ပွတ်ကာ ...

"သမီး ခုတလော ပိန်သွားသလိုပဲ၊ နေကောင်းရဲ့လား သမီး"

"ကောင်းပါတယ် မေမေရဲ့၊ မကောင်းတာက တစ်ခုပဲ"

"ဟင် ... ဘာများလဲ သမီးရဲ့"

"စားလို့မကောင်းတာလေ"

"သမီးစားချင်တာကိုပြောပြီး ချက်ခိုင်းလေ သမီးရယ်"

ပိုးအိမ် မိခင်၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်၏။ တကယ်တော့ သမီးက လွမ်းနာကျနေတာပါ မေမေရယ်လို့ ပြောလိုက်ချင်တာပါ





ကိုယ့်ကို တစ်ချက်ကလေးမှ ဆက်သွယ်ဖော်မရတဲ့ ချစ်သူလူစိမ်းကားကြီးကို လွမ်းဆွေးသောကရောက်နေရတာ တန်တောင်မတန်ဘူး ဆင်ပါရဲ့။

"မေမေ"

"ပြောလေ သမီး"

"သမီး သူငယ်ချင်းတွေနဲ့ မတွေ့ရတာ ကြာပြီ၊ သမီး သွားချင်တယ် မေမေ"

"သူငယ်ချင်းတွေနဲ့ တွေ့ချင်တာများ သမီး သွားစရာမလိုပါဘူး သမီးရယ်၊ သမီးသူငယ်ချင်းတွေကို ဖုန်းဆက်ပြီး လှမ်းခေါ်လိုက်ရင် ရတာပဲဥစ္စာ"

"ဟင်"

"မေမေတို့က သမီးသူငယ်ချင်းတွေကို အိမ်မလာရဘူးလို့ တန့်ကွက်ထားတာမှမဟုတ်ဘဲ သမီးရယ်"

"မေမေ"

"ဟင်"

"မေမေတို့ သမီးကို ငှက်တစ်ကောင်လို လှောင်ချိုင့်ထဲ ဒီလိုပဲ ထည့်ထားကြတော့မှာလား"

"အဲဒီလိုဖြစ်အောင် လုပ်ခဲ့တာ သမီးကိုယ်တိုင်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့စိတ်တိုင်းကျ သမီးနေခဲ့တယ်လေ၊ အခု ထိုက် နဲ့သမီး ဘာအဆက်အသွယ်မှမရှိဘူးဆိုတာ မေမေတို့ သိရဲ့သား နဲ့"

ပိုးအိမ် မျက်ရည်တွေ ဝဲလာ၏။ ဒေါ်မျိုးမြင့်မြတ်မာ ကတော့ အပြုံးမပျက်ပေ။ ပြုံးနိုင်အောင်လည်း စိတ်ကို သံပတ်ပေး ထားတာကိုး။ သားသမီးကို သနားပြီး လွှတ်ထားလိုက်ရင် ရင်ဝကျ ကန်ထွက်သွားပါက ရင်ကျိုးရမှာ ကိုယ်တွေ့ပဲလေ။ သားဆိုတာ ကျားမို့ လွှတ်ထားရဲပေမယ့် ...

သမီးဆိုတာ မီးလိုမသုံးတတ်ရင် လောင်မြိုက်ခံရမှာ နွားတစ်ထောင်နဲ့လည်း တူတာပဲလေ။

"ပင်လယ်ပြင် မာယာများသလို သမီး မာယာမများပါဘူး ဘယ်သူက အာမခံနိုင်မှာလဲ၊ မေမေက ပင်လယ်ရဲ့မာယာကို ယုံ ပြီး လှိုင်းပုတ်လို့ လှေမြုပ်မှာကို ထိုင်ကြည့်နေမယ့် မိန်းမမျိုး မဟုတ် ဘူး သမီး"

စကားလုံးတွေဆက်ရန် မရှိအောင် ပိတ်ကွက် ဆို့ကွက်တွေ က ထိထိမိမိ၊ ပိုးအိမ်မှာ အားကိုးရာမရှိတော့ပါပြီလား။

❑ ❑ ❑



## အခန်း (၂၀)

မြသား ကြီးမေပေးတဲ့ ပိုက်ဆံလေးနှစ်သောင်းနှင့် အဝတ် ဝယ်ရန် ထွက်လာခဲ့သည်။ မြသားဘဝက သူများတွေလို ပိုက်ဆံသိန်း နဲ့ကိုင်ပြီး မားကတ်တွေ၊ စင်တာတွေ သွားပြီး ဝယ်မဝတ်နိုင်ဘူးလေ။ ဆော်ရုံတန်ရုံ အထည်ဆိုင်လေးမှာပဲ သင့်တင့်လျောက်ပတ် ဝယ်ရ မည်သာ။

"အမေ့"

ကားတစ်စီးက မြသားဘေးမှ ပွတ်ကာသီကာ ကျော်တက် သွားသဖြင့် မြသား ကြောက်အားနှင့် ခုန်ဆုတ်လိုက်သည်။ ကားက အနားလေးတင် ရပ်သွားပြီး ကားပေါ်က ဆင်းလာသူက ...



www.burmeseclassic.com

www.burmeseclassic.com



"မြသား"

"ဟင်"

"ဘယ်သွားမလို့လဲ"

"အစ်ကိုမိုးထက်"

"အိပ်မက်ထင်ရင် ထခုန်ကြည့်လိုက်လေ"

"အစ်ကိုက ဘယ်ကနေ ဘယ်လို"

မယုံနိုင်စွာ မြသားက လက်ညှိုးလေးတထိုးထိုးနှင့် မေး[illegible] တော့ မိုးထက်က ရယ်လေသည်။ ဒရိုင်ဘာဆိုတဲ့လူက အခုကျတော့ ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်အတိုင်းပါပဲ။ နှုတ်ခမ်းမွေး[illegible] ယောက်ျားပီသပြီး ချောမောတဲ့လူတစ်ယောက်က မင်းသားတစ်ပါး[illegible] ကြည့်မွေ့ရှင်းသန့်ပြီး ကားအကောင်းစားကြီးကို ကိုယ်တိုင်မောင်းလာ တာ မြသား မအံ့ဩဘဲနေပါ့မလား။

"မိုးပေါ်က ခုန်ဆင်းလာတယ် ထင်လို့လား"

"ရုတ်တရက်ကြီး ဒီအခြေအနေအထိ ပြောင်းလဲသွားတာ ဆိုတော့ မြသား အံ့ဩလွန်းလို့ပါ"

"မအံ့ဩနဲ့ . . . ဒါက ကိုယ့်ဘဝအစစ်အမှန်ပဲလေ"

"ရှင်"

"ကဲ . . . လာ ကားပေါ်တက်"





"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"အစ်ကိုမိုးထက်က ဘယ်ကိုသွားမှာလဲ"

"မင်းကို ဘယ်သွားမှာလဲလို့ ကိုယ် အရင်မေးတယ်လေ၊ မင်း မဖြေတော့ ကိုယ်ခေါ်ရာကိုပဲ လိုက်ခဲ့ပေါ့"

"မဟုတ်တာ"

"ဘာမဟုတ်တာလဲ"

"မြသားက မြို့ထဲသွားမှာကို"

မိုးထက် မျက်မှန်ကိုချွတ်ပြီး မြသားမျက်နှာလေးကို စိုက်ကြည့်နေလျှင် မြသားက မျက်နှာထားရခက်စွာ ငုံ့သွား၏။ မိုးထက်သူမလေးနဲ့တွေ့မှ ရင်ခုန်တတ်ခဲ့တာပါ။ ဒါ အပိုပြောတာ မဟုတ်မှန်း နတ်သိကြားတွေ သိ၏။

မြသား သူ့အကြည့်စူးစူးတွေကြောင့် မျက်နှာလေး နီလာကာ အနေရခက်ပေစွ။

"မြသား . . . မြသား သွားတော့မယ်"

"ဟာ . . . မြသား နေဦး"

မိုးထက် မြသားလက်ကောက်ဝတ်ကလေးကို ဖမ်းဆုပ်လိုက်၏။ တကယ်တော့ မိုးထက် ဦးထက်ခေါင်တို့ခြံရှေ့ကို သာစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက် ပုံမှန်ရောက်ခဲ့ပါသည်။ ဒီအခြေအနေ ဒီဘဝမျိုးနဲ့ မြင်တွေ့ရလိမ့်မယ်မထင်လို့ သတိမထားကြတာပါ။ ဘာကြောင့် ရောက်ခဲ့ရသလဲဆိုရင် နှလုံးသားဒေါ်အမိန့်ကို နာခံတတ်နေခဲ့တာပဲပေါ့။

မြသားများ ခြံထဲဆင်းလာလေမလား။ ခြံအပြင် ထွက်လာပြီး တစ်နေရာရာသွားတာနှင့် ကြုံကြိုက်မလားလို့ လာခဲ့ရတာ အမေပေါ့။ အခုတော့ သူ့ဆန္ဒတွေ ပြည့်ဝပြီ။ အထပ်ထပ်အခါခါ စဉ်းစားပြီး ဆုံးဖြတ်ခဲ့သည့်အတိုင်း မြသားကို ဖွင့်ပြောလိုက်တော့မည်။ ထိုအိမ်ကြီးမှာ ထားခဲ့ရတာ စိတ်မချနိုင်ခြင်းများစွာနှင့်၊ ကိုယ့်လက်ထဲရောက်မှ ကိုယ်ပိုင်မှာပဲ မဟုတ်လား။

"ကိုယ်ခေါ်တဲ့နောက်ကို အရင်လိုက်ခဲ့၊ ပြီးရင် မင်းသွားချင်တဲ့နေရာကို လိုက်ပို့ပေးမယ်"

"ဖွတ်ကြီးပါလား"

"ကဲ . . . လာပါ ကားပေါ်တက်"

ငြင်းခွင့်မရတဲ့ မြသား သူခွဲခေါ်တာနှင့်ပဲ ကားပေါ်တက်ပြီး ပါလာခဲ့တော့သည်။ လမ်းတစ်လျှောက်လုံးတော့ ဘာစကားမှ မပြောဖြစ်ကြတော့။ မိုးထက်မောင်းလာခဲ့တာက ကန်တော်ကြီးကိုယော ကိုယ်ပြောမည့်စကားနှင့် လိုက်ဖက်သည့်နေရာလေးပေါ့။

"အစ်ကိုမိုးထက်"





"ဟင်"

"ဒါက ဘယ်နေရာလဲဟင်၊ ဟို . . . ကရဝိတ်ဆိုတာကြီးကိုတော့ မြသား ဗီဒီယိုထဲမှာ ခဏခဏမြင်ဖူးတယ် သိလား"

"ကရဝိတ်ကို မြင်မှတော့ ကန်တော်ကြီးပေါ့ မြသားရဲ့"

"ကန်တော်ကြီး"

"ဟုတ်တယ်လေ"

"ကန်တော်ကြီးဆိုတာ ချစ်သူရည်းစားတွေ ချိန်းတွေ့တဲ့နေရာကို"

"မှန်တာပေါ့"

"ဒါနဲ့များ"

စကားမဆက်ပေမယ့် မြသား ဘာပြောချင်လဲဆိုတာကို မိုးထက် သိပါသည်။ အူတူတူ အတတ ပုံစံလေးနှင့် သူ့ကိုမော့ကြည့်လေတော့ မိုးထက် အသည်းယားမိ၏။ အဲဒီလို ရိုးသားဖြူစင်မှုတွေကြောင့်ပဲ စိတ်မချနိုင်ခြင်းတွေက ရင်ထဲမှာအပြည့်။

"မြသား"

"ရှင်"

"ကိုယ် မြသားကို ပြောစရာရှိတယ်၊ အဲဒါကြောင့် ကိုယ်ပြောမယ်စကားနဲ့ အံဝင်ခွင်ကျဖြစ်မယ့်နေရာကို ခေါ်လာခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြသား မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီး . . .

"ရည်းစားစကားလားဟင်"

ဘာစကားလဲလို့ မမေးဘဲ ပြောချလိုက်တာ တန်းခနဲပါပဲ။ မိုးထက် သဘောကျစွာ ရယ်ပစ်လိုက်မိ၏။ မြသားက ဖြူစင်တာ သက်သက်ဖြစ်ပြီး အ,တာမဟုတ်။

"ဘာရယ်တာလဲ"

"ရယ်မှာပေါ့၊ ကိုယ်သွယ်ဝိုက်နေလို့ မလိုအောင် မြသားက တန်းခနဲ ပြောချလိုက်တာကိုး"

ဟိုအိမ်မှာနေခဲ့တုန်းက အမြဲတမ်း တည်နေခဲ့သည့်မျက်နှာက အခုတော့လည်း ပြုံးလို့ ရယ်လို့ရယ်ပါ။

"ဒါဆို အစ်ကိုမိုးထက်က"

"မြသားကိုချစ်တယ်၊ လက်ထပ်ချင်တယ်"

"ရှင်"

ကိုယ်ပြောလိုက်တာ တကယ်ဟုတ်နေတော့ မြသား ဘာဆက်ပြောရမှန်းပင် မသိတော့။ သူဌေးပုံစံပေါက်နေတဲ့သူက တကယ်ပဲ သူဌေးတစ်ယောက်လား။ ဒါဆိုရင်တော့ မြသား စဉ်းစားရလိမ့်မည်။ အခြေမတူ ဂုဏ်ရည်မတူရင် ရွှေထီးချနဲ့လည်း မရှုချင်နဲ့၊ ရွှေပန်းကန်နဲ့လည်း မစားချင်နဲ့တဲ့။ မတူမတန်တာကိုမှန်းပြီး အပယ်ခံဝင်ရတာမျိုး မြသား ကြောက်ပါသည်။





"မြသား"

"ရှင်"

"ကိုယ့်ကို အဖြေပေးဦးလေ"

"မြသားက ဘာဖြေရမှာလဲ"

"ကိုယ့်ကို ချစ်တယ်လို့လေ"

"ဟင့်အင်း"

"ဟင်"

"အစ်ကိုမိုးထက်က သူဌေးသားမို့လား"

"ဟုတ်တယ်လေ၊ အဲဒါနဲ့ ဘာဆိုင်လို့လဲ"

မြသား သက်ပြင်းချပြီး မျက်နှာလွှဲလိုက်ခြင်းက ငြင်းဆိုမှုကို ပထာမ,ပြုလိုက်သလားလို့ ရင်က တထိတ်ထိတ်။

"ချမ်းသာတဲ့လူတွေကို မြသား မချစ်ရဲဘူး အစ်ကိုမိုးထက်"

သူဌေးသားဆိုတာတောင် မချစ်ရဲဘူးတဲ့။ သူဌေးသာဆိုလျှင် ချက်ချင်းများ လှည့်ပြန်သွားမလား မပြောတတ်။

"နှလုံးသားကို အဆင့်အတန်းခွဲလို့မရဘူး မြသား။ ချမ်းသာတဲ့လူကို ဆင်းရဲသားက မချစ်ရဘူးလို့ ဘယ်ဘုရားကများ မိန့်ကြား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လို့လဲ"

"အဲဒါတွေ မြသား မသိဘူး"

"မြသား"

"ဟိုတုန်းကဆိုရင်တော့ မြသား အစ်ကိုမိုးထက်ကို ချစ်တယ်လို့ ဖြေမိမှာပါ"

"အခုလည်း ချစ်တယ်လို့ ဖြေလိုက်စမ်းပါ မြသားရဲ့"

"ဟင့်အင်း . . . အခု မြသား မချစ်ရဲတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ချမ်းသာတဲ့လူတွေကို ချစ်ရမှာ မြသား ကြောက်တယ်"

"မြသားရယ်"

အကြင်နာစွန်းသောလက်တို့နှင့် ချစ်ရသူလေးကို ပွေ့ဖက်လိုက်သည်။ မြတ်နိုးခြင်းထုထည်ကို ဘယ်လိုမှ မိုင်းထောင်ပြီး ခွဲလို့မရဘူးဆိုတာ ကိုယ်ပဲသိ။ ကိုယ့်ရင်ကို ကိုယ်ပဲ ကြည့်တတ်ကြတာပါ။ သူဌေးသား၊ သူဌေးဆိုတာနဲ့ လန့်ဖျားဖျားပြီး ပြန်လှည့်ပြေးချင်ကြတာ ဦးထွန်းခေါင်လို လူမျိုးတွေ ရှိနေလို့ပေါ့။ ကိုယ်ကလည်း ဆင်းရဲသားဘဝက တက်လာတဲ့ကောင်မို့ မြသားရဲ့ခံစားချက်ကို နားလည်သည်။

ကိုယ်တွေ ဆင်းရဲခဲ့တုန်းကလည်း . . .





လူချမ်းသာတွေရဲ့ ညစ်ပတ်ယုတ်မာမှုကို ခံခဲ့ရတာပဲလေ။ အဲဒီဘဝကို ပြန်တွေးမိတိုင်း အသည်းတွေ တဆတ်ဆတ်နာ၏။ အခန်းထောင့်လေးမှာ ကျိတ်ငိုခဲ့ရတဲ့ မမ၊ မေမေက ရှက်လွန်းလို့ ဆိုပြီး ကျောကို ထုတာတောင် အသံမထွက်ရဲခဲ့သည့် မမ၊ မိသားစုတွေ သူမျှားတံတွေးခွက်မှာ ပက်လက်မျောခဲ့ရသည့်အဖြစ်တွေ။

"ချမ်းသာတဲ့လူတိုင်း စိတ်ယုတ်မာ မမွေးတတ်ကြပါဘူး မြသားရယ်၊ ကိုယ်လည်း ဆင်းရဲတဲ့ဘဝကနေ မနည်းရုန်းတက်လာရတဲ့ကောင်ပါ"

မိုးထက် မြသားမျက်ဝန်းက မျက်ရည်စတွေကို ယုယစွာ သုတ်ပေးလိုက်၏။

"ဒီမှာ မြသား"

မြသား ခေါင်းလေးမော့လာသည်တွင် . . .

"မင်း ကိုယ့်အချစ်ကို မယုံဘူးဆိုရင်တောင် ကိုယ့်စေတနာကိုတော့ နားလည်သင့်ပါတယ်"

". . ."

"ဒါ ဦးထက်ခေါင်တို့အိမ်မှာ ဘာကြောင့် ဒရိုင်ဘာ ဝင်လုပ်သလဲဆိုရင် သူတို့ နှင်းခြေလို့ ပန်းတစ်ပွင့် ကြွေခဲ့ဖူးတယ်၊ အဲဒါကြောင့် ငါလည်း လူချမ်းသာတွေကို မုန်းခဲ့တဲ့ကောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုယ် မြသားကို အဲဒီအိမ်မှာ တစ်ရက်ကလေးတောင် ထားချင်တာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ၊ မြသားဘဝကို ဟိုခွေးသူတောင်းစားကြီး ဝါးမျိုသွားမှာစိုးလို့ပေါ့"

ပြောရင်းက ဒေါ်တွေပါလာတော့ မြသားက ဘာမှသေချာ မလည်သည့် ကလေးငယ်လေးပုံစံ၊ မျက်လုံးဝိုင်းလေးနှင့် သူ့ကို မော့ကြည့်နေတာ ကြက်ပေါက်စလေးအတိုင်းပါပဲ။

"ကိုယ့်အချစ်ကိုယုံပါ မြသားရယ်၊ ကိုယ် မင်းကို လက်ထပ်ပါရစေ"

"မြသား တကယ်ယုံရမှာလားဟင်"

"ကိုယ် ဘယ်လိုသက်သေပြမှ မြသား ယုံမှာလဲ"

"ဟင့်အင်း"

"မချစ်ဘူးလို့ ငြင်းတာလား"

"သက်သေပြဖို့ မလိုဘူးလို့ ပြောတာပါ"

"ဒါဆို"

"မြသား အစ်ကို့ကို ချစ်ပါတယ်"





"တကယ်"

"အင်း"

"ဝမ်းသာလိုက်တာ မြသားရယ်"

ခုမှပဲ မိုးထက်ရင်ထဲက အလုံးကြီး ကျသွားတော့၏။ ဒီအဖြေကို ရဖို့အတွက်ဆိုပြီး သူ ကလိမ်ကျစ်ဉာဏ်ဆင် ပြောတဲ့စကား တစ်ခွန်းမျှမပါ။ အမှန်တရားဆိုတာ ပန်းကန်ပြားလို မှောက်လို့ လှန်လို့မရတဲ့ သူတော်ကောင်းတို့၏ဘက်တော်သားလေ။

"ကဲ . . . မြသား"

"ရှင်"

"ပြောချင်တာတွေ ပြောပြီးလို့ လိုချင်တာရပြီဆိုတော့ ကိုယ် မြသားကို ဘယ်လိုက်ပို့ပေးရမလဲ ပြော"

"မြို့ထဲကို သွားမှာပါဆို"

"မြို့ထဲကို ဘာသွားလုပ်မှာလဲ"

"ကြီးမေက ပိုက်ဆံနှစ်သောင်းပေးပြီး မြသားကို အဝတ်ကောင်းကောင်းလေး သွားဝယ်ဝတ်တဲ့"

"မြတ်စွာဘုရား"

"ဘာဖြစ်တာလဲ"

မိုးထက် မဲ့ခနဲဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာကြီး မောင်းပြန်ကျပြီး မှောက်တော့မလားလို့ပဲ"

"ပြောတော့မယ့် ကြုံကြဲဖန်ဖန်"

ချစ်မျက်စောင်းလေးကြောင့် ရင်ထဲမှာ ပန်းတွေပွင့်

သည်။ ဒီအသက်အရွယ်အထိ သူ့နှလုံးသား ဥယျာဉ်နယ်မြေ

ပွင့်လာသော တစ်ပွင့်တည်းသောပန်းက မြသားရောင်။ ကိုယ်

မြသားအတွက် လိုအပ်တာတွေ ဝယ်ပေးလိုက်ချင်ပေမယ့် သူ့

ဆိုတာက မလွယ်။

"မြသား"

"ဟင်"

ဆက်ခနဲအမှောင့်မှာ ဖျတ်ခနဲ နမ်းလိုက်တော့ ...

"အို"

❑ ❑ ❑



## အခန်း (၂၁)

ထမင်းဝိုင်းမှာ ...

ပိုးအိမ်တို့က ဆိတ်တို့ကနန်းနဲ့ စားနေသည်။ ဒီရက်ထဲမှာ ရင်ပြည့်နေသလိုနှင့် ဟိုဟာမစားချင်၊ ဒီဟာမစားချင်။ ကိုယ်ထဲ လက်ထဲမှာ မအီမသာ ဖြစ်နေ၏။

ကျန်းမာရေး ထိခိုက်မှာစိုးလို့သာ ထမင်းကို နှစ်ဖျစ်စားနေရတယ် ဟင်းနံ့ရတာနှင့် အန်ချင်စိတ်က ပေါက်ပေါက်လာသည်။

"သမီး ထည့်စားလေ"

"ဟင့်အင်း ... တော်ပြီ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာမှလည်း မစားပါလား။ စားလို့မကောင်းဘူး
လား သမီး"

"သမီး ရင်ပြည့်နေလို့ပါ"

"အစာမကြေဘူးထင်တယ်၊ ဒါဆို ဆေးလုံးသောက်လိုက်
လေ သမီး"

"ဟုတ်ကဲ့"

ပိုးအိမ် ထမင်းဝိုင်းမှ ထလာခဲ့တော့၏။ ဦးထက်ခေါင် ဒီရော
ဝိုင်းမှာ သမီးကို သတိထားမိသည်။ အမြဲတမ်း မျက်နှာလေး ခံ့ညား
နွမ်းဖြစ်ပြီး ပိန်သွားသလိုပါပဲ။

"မာန်"

"ဟင်"

"သမီးကို ခုတလောကြည့်ရတာ တစ်မျိုးပဲ၊ ဘာဖြစ်နေ
မေးပြီး ဆေးခန်းလေး ဘာလေး သွားပြသင့်ပြလေ"

"ဘာဖြစ်ရမှာလဲ၊ ဖေဖေ့သမီး ရည်းစားပူမိနေတာပဲ
မှာပေါ့"

"ထွန်းခေါင်"

"ဗျာ"

"အဲဒါ နင်ပြောရမယ့်စကားလား"



ဒေါ်လှဲ့ရှည် ထမင်းစားခန်းထဲမှာ မြသား ရှိနေတာမို့ လှစ်ခနဲ
ထွက်လာခဲ့သည်။ ပိုးအိမ် ဘာဖြစ်နေလဲ သူမလည်း စိတ်ပူမိ၏။
ဧည့်ခန်းထဲကိုရောက်တော့ ပိုးအိမ်က ဆိုဖာပေါ်မှာ လျော့ရိလျော့ရဲ
နှင့် ထိုင်နေသည်။

"သမီး"

ပိုးအိမ် မျက်လွှာပင့်ကြည့်လေလျှင် . . .

"သမီး ဘာဖြစ်နေတာလဲ၊ နေမကောင်းရင်လည်း ဆေးခန်း
သွားပြပါလားကွယ်၊ ဒေါ်လေး လိုက်ပို့ပေးမယ်လေ"

"ရပါတယ် . . . ပိုးအိမ် ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ် . . . သမီးကိုကြည့်ရတာ
ဒေါ်လေး အားမရှိလိုက်တာ"

"ဒီမှာ ဒေါ်လေး"

"ဟင်"

"ပိုးအိမ်ကို တကယ်ပိုးရိမ်တယ်ဆိုရင် ဝေးဝေးနေပေးပါ၊
ပိုးအိမ် တစ်ယောက်တည်းပဲ နေချင်တယ်"

"အို . . . ကလေးရယ်"

ပိုးအိမ် ဆတ်ခနဲထရပ်ပြီး ထွက်သွားလိုက်စဉ် ခေါင်းထဲမှာ
ကတ်ခနဲဖြစ်သွား၏။

www.burmeseclassic.com



"အား"

"ဟင်"

ဒေါ်လှဲ့ရည် ပိုးအိမ်အနားသို့ လွှားခနဲရောက်သွားပြီး ပခုံးကို ဖက်လိုက်ကာ ...

"ပိုးလေး ... ပိုးလေး ဘာဖြစ်တာလဲဟင်"

"အား ... မူးတယ် ... မူးတယ်"

"အို ... ဒုက္ခပါပဲ"

ဒေါ်လှဲ့ရည် စိုးရိမ်စိတ်တို့ လွှမ်းကဲကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

"မမကြီးရေ ... မမကြီး လာပါဦး"

နောက်ဆုံးတော့ ဒေါ်မျိုးမြင့်မြတ်မာန်ကိုပဲ အော်ခေါ်လိုက်တော့၏။

"လာကြပါဦး ... မမကြီးရေ"

"ဟဲ့ ... လှဲ့ရည် ဘာဖြစ်တာလဲ"

"မမကြီး လုပ်ပါဦး၊ ပိုးလေး မူးလဲသွားလို့"

"အို ... သမီးလေး"

"ဆရာဝန်ခေါ်မှဖြစ်မယ်ထင်တယ် မမကြီးရဲ့"

"အေး ... အေး"





ဒေါ်မျိုးမြင့်မြတ်လည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ...ွန်းနှင့်သားကိုသာ အော်ခေါ်လေတော့၏။

"မာန် ... သမီး ဘာဖြစ်တာလဲ"

"မေးမနေနဲ့ ကိုထက်၊ ဆရာဝန်ဆီ မြန်မြန်ဖုန်းဆက်"

"အေး ... အေး"

"ဟဲ့ ... ထွန်းခေါင်"

"ဗျာ"

"မင်းညီမကို ပွေ့ချီပြီး သူ့အခန်းထဲ ပို့ပေးစမ်း"

"ဟုတ်ကဲ့"

ဒီနေ့ ဂဏ္ဍာပြီးမယ့်နေ့လား။ သောကဆိုတာ ကိုယ်က မဖိတ်...လည်း ဝင်ရောက်လာတတ်သည်ဆိုတာ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟုတ်ရဲ့လား ဒေါက်တာရယ်"

"ကျွန်တော် မဟုတ်တဲ့နဲ့ ပြောပါ့မလား ကိုထက်ခေါင်ရယ် ခင်ဗျားသမီးမှာ ကိုယ်ဝန်ရှိနေတာ တကယ်ပါ။ အမှန်တရားကို ခင်ဗျား လက်ခံလိုက်စမ်းပါဗျာ"

"ဟာ"

ဦးထက်ခေါင်၏ဦးခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပါပဲ။ မိုက်လိုက်တဲ့ သမီး။ မိဘကို အရှက်ရ မျက်နှာငယ်အောင် လုပ် တာ။

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး ကိုထက်ခေါင်"





"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါ ဒေါက်တာ"

အိမ်ထဲသို့ ပြန်ဝင်လာတဲ့ ဦးထက်ခေါင်ရဲ့ခြေလှမ်းတွေမှာ စိုသာလေးကြီး ဆွဲထားသလိုပါပဲ။ ဒါ . . . ဝဋ်လည်ခြင်းလား။ ထွန်း ခေါင် . . . ထွန်းခေါင်ရဲ့မကောင်းမှုတွေက တန်ပြန်သက်ရောက်လာပြီ ပေါ့။

ဝဋ်ဆိုတာ ဒီလူမကောင်းလို့ ဒီလူ့ဆီကို တိုက်ရိုက်တန် ပြန်လာတာမှ မဟုတ်ဘဲ။ မဆိုင်တဲ့အရာတစ်ခုကို ထိခတ်ပြီးမှ ဘက် ပြန်လာတတ်တာမျိုးလေ။ မိဘတွေ ဘယ်လောက်ပဲ ဆုံးမဆုံးမ၊ ထိန်းမနိုင် သိမ်းမရနဲ့ သူများ သားသို့သမီးပျိုတွေကို ဖျက်ဆီးခဲ့တာက ထွန်းခေါင်။

အခု ဝဋ်လည်လာပြီဆိုတော့ မျက်နှာငယ်အရှက်ရမှာက တစ်မိသားစုလုံးပါလား။ အခု ဘယ်လိုလုပ်ကြမလဲ။

"ကိုထက်"

"..."

"ဒေါက်တာက ဘာပြောသွားလဲဟင်၊ သမီး ဘာဖြစ်တာတဲ့ လဲ"

ဦးထက်ခေါင် လက်သီးကို တျစ်ကျစ်ပါအောင် ဆုပ်ပြီး ထိုင်ချလိုက်တာ အရုပ်ကြိုးပြတ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထက်"

"..."

"သမီးလေး ဘာဖြစ်တာလဲလို့ ကျွန်မ မေးနေတယ်လေ"

ဦးထက်ခေါင် ကျိုခနဲမြည်အောင် အံကြိတ်ပြီးမှ ...

"မင်းသမီး ... မင်းရဲ့သမီးမှာ ကိုယ်ဝန်ရှိနေတယ်တဲ့"

"ဘာ"

"ဟင်"

မယုံနိုင်သော်လည်း ကြားလိုက်ရတဲ့စကားက အရိုက်ကို အားပြင်းပြင်း လက်သီးနှင့် ထိုးလိုက်သလိုပါ။ ဒေါ်မျိုးမြင့်မြတ်မာန် တွေတွေကြီး ရပ်နေရာမှ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ ကိုယ့်အလှည့်ကျမှ မချိမဆန့်သိရပြီပေါ့။ မအေက သားကို အလို လိုက်။

သားဖျက်ဆီးလို့ ဘဝပျက်ခဲ့ရတဲ့ မိန်းကလေးတွေကို ကိုယ်ချင်းမစာတတ်ခဲ့သည့် ဒေါ်မျိုးမြင့်မြတ်မာန်။ အခု ကိုယ်ကိုယ် တိုင် ကြုံရပြီဆိုတော့ ...

"ရှင် ... ရှင်ပြောတာ ဟုတ်ရဲ့လား ကိုထက်ရယ်"

"ကိုယ်လည်း ဘယ်ယုံချင်ပါ့မလဲ မာန်"

"အဟင့်"





မျက်ရည်တွေ ဖြိုက်ခနဲကျလာပြီး ပိုးသက်သို့ ဆတ်ခနဲ ည့်လိုက်တဲ့ ဒေါ်မျိုးမြင့်မြတ်မာန်။ မျက်ဝန်းတွေက မီးတောက်နေ

"မိပိုး"

"အဟင့် ... ဟီး"

"အခုမှ ငိုမနေနဲ့ ညည်း ဒီကိုယ်ဝန်ကို ဘယ်သူနဲ့ ရခဲ့တာ ပြောစမ်း"

"သမီးကို သတ်လိုက်ပါ မေမေရယ်၊ သမီးကို သတ်ပစ် တ်ပါတော့"

"သတ်မှာ ... နင့်ကို ငါကိုယ်တိုင်သတ်မယ် သိလား"

"မမကြီး"

"မာန်"

မြောက်တက်သွားတဲ့ လက်တစ်ဖက်ကို ဦးထက်ခေါင် ထ, ိုက်၏။ ဒေါ်လှဲ့ရည်က ပိုးအိမ်ကိုဖက်၍ ရှေ့မှ ကာထားသည်။ ခေါင်မရှိလို့ တော်သေးတာပေါ့။ သူသိရင် ဒီထက် ယမ်းပုံမီးကျ မှာလေ။

"ပြဿနာကို ခေါင်းအေးအေးထားပြီး ဖြေရှင်းမှပေါ့ မာန်"

"မအေးနိုင်ဘူး၊ ကျွန်မ မအေးနိုင်ဘူး ကိုထက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မမကြီးရယ်၊ မမကြီး သတ်တော့ရော ဗိုးလေ သေသွားတာပဲ ရှိမှာပေါ့။ မမကြီးလည်း ထောင်ကျမှာပဲ၊ ဘယ်သူ့အတွက်မှ မကောင်းတဲ့ ဒေါသတွေကို လျှော့ချလိုက်ပါ မမကြီးရယ်"

"ရှက်တယ် . . . ငါ ရှက်တယ်၊ အီး . . . ဟီး"

"မင်းရှက်နေရုံနဲ့လည်း မပြီးဘူး မာန်၊ သမီး ဘယ်သူနဲ့ ဖြစ်ခဲ့လဲ မေးပြီး ဘယ်လိုလူမျိုးဖြစ်ဖြစ် မင်းသားမက်အဖြစ် လက်ခံနိုင်အောင် ကြိုးစားရမှာ မဟုတ်ဘူးလား"

အတ္တအမြင်နဲ့ပရအမြင် ဖြေရှင်းလိုခြင်း အချက်တွေက တွဲပြားနေ၏။ ဒေါသရှေ့တန်းတင်လို့ကတော့ အမှားနဲ့ထိပ်တိုက်ရင်ဆိုင်ရမည်သာ။ အမှာဟာ အမြဲတမ်း အမှန်ထက် ခြေလှမ်းသွက်သည်ဆိုတာ ဖနီးသည် မစဉ်းစားတတ်ပေမယ့် ဦးထက်ခေါင်က ချင့်ချိန်တတ်၏။

"သမီး"

"အဟင့် . . . ဟင့်"

"ဒီကိစ္စ ငိုနေရုံနဲ့ ပြီးမသွားဘူး သမီး၊ ဖေဖေကို ကြည့်စမ်း သမီး"

"ဖေဖေ"





"သမီး ဘယ်သူနဲ့ဖြစ်ခဲ့တာလဲ ဖေဖေ့ကို မှန်မှန်ပြောစမ်း။ ထိုက်ပဲမို့လား"

"ဖြေလိုက်လေ ဗိုးလေး"

"ပြောပါ သမီးရယ်၊ အခုချိန်မှာ သမီး ဘယ်သူနဲ့ပဲဖြစ်ခဲ့ဖြစ်ခဲ့ မေမေတို့ လက်ခံရမှာပေါ့"

"ဖေဖေ တကယ်ပြောတာလားဟင်"

ဦးထက်ခေါင် ခေါင်းညိတ်ပြလိုက်၏။ ဒီအချိန်မှာ ဆင်းရဲချမ်းသာ ရွေးနေလို့မှ မရတော့တာ။ ကိုယ်က အမြင့်ကို ဆွဲတင်ချင်ပေမယ့် မြင့်ပါတယ်ဆိုပြီး ခုန်ချတာကို မြေကြီးအထိ မကျအောင် ပိုက်နဲ့ ခံထားရုံပဲ ရှိတော့သည်။

"ဟုတ်ပါတယ် ဖေဖေ၊ သမီး . . . သမီး ထိုက်နဲ့"

"တောက် . . . ခွေးထက် တစ်တောင်ထိုးမြီး မိုက်တဲ့ကောင်မ"

"မာန်"

ဦးထက်ခေါင် ထရပ်လိုက်ပြန်၏။

"ထိုက်က ဆင်းရဲတယ်ဆိုပေမယ့် ဆရာဝန်လောင်းတစ်ယောက်ပဲလေကွာ"

ဒေါ်လှဲ့ရည် တွေခနဲဖြစ်သွား၏။ ဟုတ်သားပဲ။ ထိုက်က



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဆရာဝန်ဖြစ်လာမယ့်သူပဲလေ။ ဘာသဘောမတူစရာရှိ
သူမ ထိုက်နဲ့ သွားတွေ့ရင် ကောင်းမလား။ ဒါလည်း မဖြစ်သေး
ဘူး။ ပိုးလေးမှာ မိဘနှစ်ပါးရှိနေတာပဲလေ။ ကိုယ်က သူတို့
ပိုပြီး ပျော်ယာခတ်နေဖို့မှ မလိုတာ။ ကိုယ်က အိမ်ဖော်ပဲ
အိမ်ဖော်က အိမ်ဖော်နဲ့ တန်သလိုနေတာပဲ ကောင်းပါတယ်။

"သမီး"

"ရှင် ဖေဖေ"

"သမီး စိတ်အေးအေးထားနော်၊ ထိုက်နဲ့ဖေဖေ ကိုယ်တိုင်
တွေ့ပြီး ဆွေးနွေးပါ့မယ်"

"ဟုတ်"

"သူ ဘယ်မှာနေလဲ သမီး သိလား"

"ဟင့်အင်း"

"ကျွတ်"

"ထိုက်ရဲ့ဖုန်းနံပါတ်ကို မြသား သိတယ်လေ ပိုးလေးရဲ့"

"အင်း ... ဟုတ်သားပဲ"

"နေဦး ... နေဦး။ ခုပဲ သွားမေးလိုက်မယ်"

ဒေါ်လှဲ့ရည် သုတ်သီးသုတ်ပျာနှင့် ထသွားလေတော့
သူမ ဘာကြောင့် ဒီအရေးမှာ ရင်ပူပူဟပ်နေရသလဲဆိုရင် ...





သူများ စော်ကားခံရတဲ့ မိန်းမတစ်ယောက်အနေနဲ့ ကိုယ်
ချင်းစာကြည့်တာလား။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ခြော် . . . လက်စသတ်တော့ မင်းက တို့ကို ဆင်းရဲ
တယ်လို့ ပြောနိုင်။ ဟိုက မသနား သနားအောင် ဇာတ်လမ်း
လုပ်ပြော၊ ဒါတွေကို ဘက်ဂရောင်းယူပြီး မင်းလူ့ပ်ရှားခဲ့တာက
တစ်ယောက်ကို လက်စားချေဖို့ကိုး"

ထိုက်ရင်ထဲမှာ မဟုတ်တာတွေ လုပ်ခဲ့ပြီးမှ စိတ်ထဲ
ပိတ်လှောင်မွန်းကျပ်နေလို့ ဒီနေ့တော့ ရင်ဖွင့်ချလိုက်သည်နှင့်
လာသည့်အသံတွေ။

"တို့က မင်း ခဏခဏ ဘဝပြောင်းနေတာကို နား
နိုင်ဖြစ်နေကြတာ"





"တို့ မင်းလုပ်ရပ်တွေကို မှန်တယ်၊ မှားတယ်လို့တော့ မဝေဖန်ချင်ဘူး ထိုက်"

"အဲဒါတော့ မင်းတို့ကြည့်တဲ့ ရှုထောင့်အပေါ် မူတည်ပါတယ်"

"တစ်ခုတော့ရှိတယ် ထိုက်"

"ဘာလဲ"

နန္ဒက ချက်ချင်းပြန်မဖြေပေ။ အရာတစ်ခုကို တော်တော်
စွေးသနေပုံရ၏။ သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့ အရာရာ သူလုပ်သမျှ
အကောင်းမြင်ပေးလိုက်ရင် လူမိုက်အားပေးဖြစ်မှာပေါ့။ တစ်ခါလွဲ
နောက်ထပ်မရှိတော့သလို တစ်ခါရရင် ငါကွဆိုပြီး နောက်ထပ်
ရှိမှာကို စိုးတာပါ။ လူတွေက ဘယ်ကိစ္စမှာမဆို ကိုယ်လုပ်သမျှ
ရင် ဖြစ်တာထဲမှာ မျှောလိုက်ချင်ကြသည်။

သူတို့က ထိုက်ကို . . .

တော်လက်စနဲ့တော်၊ ကောင်းလက်စနဲ့ ကောင်းနေတဲ့ လူ
ကောင်းလေးပဲ ဖြစ်စေချင်တာပါ။

"နန္ဒ"

"ဟင်"

"ဆက်ပြောလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . . လုပ်နေပုံက မဟောရတဲ့ နတ်ကတော်ကျ

နေတာပဲ"

ထူးအောင်က အရွှန်းဖောက်လိုက်ပေမယ့် နန္ဒက မရယ်

ယောင်တန်တဲ့စကား ရယ်ရင်ပေါ့တယ်တဲ့။ နန္ဒ သက်ပြင်းချလိုက်ပြီး

ထိုက်ကို ခပ်စူးစူးကြည့်လိုက်ကာ . . .

"အခု မင်းတို့ ဖြစ်နေကြတဲ့ပုံက နံရံကို မျက်နှာမူပြီး လေး

ပစ်သလိုပဲ ထိုက်၊ နံရံကို အာဃာတတရားတွေ ထားပြီး လေးနဲ့

တော့ တစ်လုံးမဟုတ်တောင် ကွဲသွားတဲ့ လေးသီးစတစ်ခုက မင်း

ပြန်လာမှန်ဦးမှာပဲ၊ အတ္တတို့ အာဃာတတို့ဆိုတာ ပူလောင်တယ်

သူငယ်ချင်း"

"ထိုက်"

"ဘာလဲ"

"တကယ်တော့ မင်းတို့ရဲ့အာဃာတတွေကြားမှာ ပိုးအိမ်

ဘာမှမဆိုင်ဘူးလေ၊ မင်းမုန်းတဲ့လူကိုပဲ ထိုက်ရိုက်မှတ်လောက်အောင်

ဆုံးမပါတော့လား"

ထိုက်က ဟွန့်ခနဲ မဲ့ပြုံးပြုံးလိုက်ကာ . . .

"လက်သည်းဆိတ်တော့ လက်ထိပ်နာတယ်လေကွာ"

ဖုန်းက တီးလုံးသံလေး မြည်လာသဖြင့် ထိုက် မျက်နှာ





ကျတ်သွားလေသည်။ ပေါ်လာတဲ့ နံပါတ်က သူ့ဖုန်းထဲကို တစ်ခါမှ

ဝင်မလာဖူးသေးတဲ့ နံပါတ်ပါ။ ထိုက် ဖုန်းကို နားမှာကပ်လိုက်ပြီး . . .

"ဟယ်လို . . . အမိန့်ရှိပါခင်ဗျာ"

"အခုပြောနေတာ မောင်မိုးထိုက်စည်သူလား မသိဘူး"

"ဟုတ်ပါတယ် . . . ကျွန်တော် မိုးထိုက်စည်သူပါ၊ အခု

ကျွန်တော့်ကို စကားပြောနေတာ ဘယ်သူပါလဲ ခင်ဗျာ"

"မောင်မိုးထိုက် . . . ဦးပါကွ"

"ဦး"

ဦးဆိုတာ သိလို့ခေါ်လိုက်တာ မဟုတ်ပေ။ မသိလို့ သံယောင်

လိုက်တာ ဖြစ်၏။

"ဟို . . . စိတ်မရှိပါနဲ့နော်၊ ဦးရဲ့နာမည်လေး ပြောပြပါလား"

"ဦးက . . . ဦးထက်ခေါင်ပါ မောင်မိုးထိုက်"

"ဗျာ"

ဒေါ်မျိုးမြင့်မြတ်မာန် ဦးထက်ခေါင်၏လက်ထဲမှ ဖုန်းကို

ဆတ်ခနဲ ဆွဲယူလိုက်ပြီး . . .

"ဒီမှာ မိုးထိုက် . . . သူ့အသံကို မမှတ်မိရင် မင်း ငါ့အသံ

ကိုတော့ မှတ်မိတယ် မဟုတ်လား"

သူငယ်ချင်းတွေက ဘယ်သူလဲဟု မေးဆတ်မေးလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုက် လက်ကာပြပြီး ထထွက်လာခဲ့သည်။

"ဟယ်လို ... မိုးထိုက်"

"ဟုတ်ကဲ့ ... ကျွန်တော် နားထောင်နေပါတယ် အန်တီ"

"မင်း ငါ့အသံကိုတော့ မှတ်မိတယ် မဟုတ်လား။ ပြော[illegible] လေ"

"မှတ်မိပါတယ်၊ အန်တီ့အသံက ဘယ်သူနဲ့မှ မတူ[illegible] အမြဲတမ်း ထန်နေတာကိုး"

"အပိုစကားတွေ မပြောနဲ့ မိုးထိုက်"

"ဟား ... ဘလိုင်းကြီးပါလား။ ကျွန်တော်က အန်တီ [illegible] ပြောတာလေ"

"ဒီမှာ မိုးထိုက်"

"ဟုတ်ကဲ့ ... ပြောပါ"

"မင်းနဲ့တို့ ဆွေးနွေးစရာရှိတယ်၊ မင်း တို့အိမ်ကို လာ[illegible] ပေးပါ"

အခုထိ လေသံက မာတုန်းပါလား။ ထိုက် မှဲ့ခနဲဖြစ်သွား[illegible] ကာ ...

"ဒီမှာ အန်တီ ... အခုချိန်မှာ ကျွန်တော်က အန်တီ့အိမ်[illegible] ခိုကပ်စားနေရတဲ့ အလုပ်သမားမဟုတ်ဘူးနော်၊ အန်တီ့လေသံ[illegible]





ပြင်လိုက်ရင် ကောင်းမယ်ထင်တယ်"

"ဘာ"

"အန်တီက ကျွန်တော်တို့အကြောင်းကို နည်းနည်းပါးပါးမှ မလေ့လာဘဲ၊ ကျွန်တော်က မိုးညီနောင်ကုမ္ပဏီပိုင်ရှင် ဦးမိုးထက်ရည်သူရဲ့တစ်ဦးတည်းသော တူလေ"

"ဟင်"

"အန်တီ သိပ်အံ့သြသွားလား။ အဲဒါ ဘယ်ဖြတ်လမ်းကမှ ခုန်တက်သွားတာ မဟုတ်ဘူးနော်၊ ဒါ ကျွန်တော်တို့ရဲ့ ဘဝအမှန်ပဲ"

ဒေါ်မှူးမြင့်မြတ်မာန် မယုံနိုင်စွာ ခင်ပွန်း၏မျက်နှာကို မော့ကြည့်လိုက်၏။ မျက်ဝန်းထဲမှာက မေးခွန်းပေါင်းများစွာနှင့်ပါ။ ဒီလောက် ချမ်းသာနေပါလျက်နဲ့ ဘာကြောင့် သူတို့အိမ်မှာ ဒရိုင်ဘာ ဝင်လုပ်ပါသလဲ။ ဒါ ... သွေးရိုးသားရိုးတော့ မဖြစ်နိုင်။

"ဒီမှာ မိုးထိုက် ... မင်း ငါ့ကို ဘာမှစကားနာထိုးပြီး ချေဝလုံးတွေ ပစ်မနေနဲ့၊ မင်း တို့အိမ်ကို လာမှာလား၊ မလာဘူးလား ... ဒါပဲပြော"

"အဲဒါ ဆွေးနွေးစရာရှိပါတယ်ဆိုတဲ့အကြောင်းရင်းကိုစွကို သိမှ ဆုံးဖြတ်လို့ရမှာလေ"

"မင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် အသားတွေကလည်း တဆတ်ဆတ်တုန်၊ မျက်ရည်တွေကလည်း ကျလာ၏။ မာန်ဆိုတဲ့ နာမည်နဲ့လိုက်အောင် တစ်သက်လုံး မာန်တက်သမျှ ခုကျမှ 'အင့်' ဆိုပြီး ဖြုတ်ချပစ်လိုက်ရတော့မှာလား။ ဒါ ကိုယ့်သမီး အသုံးမကျလို့။ မိန်းမတစ်ယောက်ရဲ့ အပျိုစင်ဘဝကို တန်ဖိုးမထားတတ်တဲ့ သမီးကြောင့် မိဘတွေ ဘယ်လောက် အရှက်ရ မျက်နှာငယ်ရပါသလဲ။

ကြုံကြိုက်ရင် ပြောလိုက်ချင်ပါသေးတယ် မိန်းကလေးတိုင်းကို။ မင်းလောင်းမှန်ရင် တစ်နေ့ ရထားဆိုက်လာမှာပဲ။ ယောကျ်ားတွေကို ယုံစားပြီး ဘဝပေး မချစ်ကြဖို့လေ။

"မင်းကို ငါတောင်းပန်တယ် မိုးထိုက်၊ အကြောင်းရင်းကို သိမှ မင်းက လာမယ်ဆိုတော့ မိခင်တစ်ယောက်အနေနဲ့ ငါ ရှေ့မျက်နှာနောက်ထားပြီး ပြောရတော့မှာပဲပေါ့၊ အခု ငါ့သမီးမှာ မင်းနဲ့ရတဲ့ ကိုယ်ဝန် ရှိနေပြီ"

"ဗျာ"

"အဲဒီတော့ မင်းချမ်းသာတဲ့သူပဲဖြစ်ဖြစ်၊ သူတောင်းစားပဲ ဖြစ်ဖြစ် တို့ဘက်က လက်ခံပေးဖို့ ဆုံးဖြတ်ထားတယ်၊ မင်း လာခဲ့ပါ"

"ဒီမှာ ... ဟဲလို ... ဟဲလို"





တစ်ဖက်က ဖုန်းချသွားပြီမို့ ထိုက် စိတ်တိုသွားသည်။ ပြောချင်တဲ့ စကားတွေက ရင်ထဲမှာ ရှိသေးတယ်လေ။ ဒါပေမဲ့ ကျွန်ုပ်ရောကို ပြန်တွေးပြီး ရယ်ပစ်လိုက်၏။ ကိုယ့်အလှည့်ကျ မခွဲ့စတမ်းခံကြပေါ့။ သူများဘဝကို ဖျက်ဆီးခဲ့တုန်းကတော့ ဒီလေသံ၊ ဒီမျက်နှာတွေ မဟုတ်တာ သေချာနေတာပဲဟာ။

တမလွန်က ဒေါ်ကြီးရေ ...

ဒေါ်ကြီးအတွက် ကျွန်တော် တာဝန်ကျေပွန်စွာ လက်စားချေပြီးပါပြီ။ ဒေါ်ကြီး ကျေနပ်ပါတော့နော်။

"ထိုက်"

"ပြော"

သူငယ်ချင်းတွေ ထိုက်အနားသို့ ရောက်လာကြ၏။

"ဘယ်သူဆက်တာလဲ"

"လူပေါ့"

"ငါက အကောင်းမေးတာကိုကွာ"

"ဟ ... ငါလည်း အကောင်းပြောတာလေ၊ ဘယ်တိရစ္ဆာန်က ဖုန်းထဆက်မလဲ ပြော"

"ရှိုးတဲ့မှကွာ"

ထူးအောင်က မကြည်ကြည့်နှင့် ခေါင်းကုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သူငယ်ချင်းတို့"

"ဟင်"

"ငါ ဒီနေ့ အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့ အတန်းမတက်တော့ဘူး"

"ဘာကိစ္စလဲ"

"မဖြေမှန်းသိသိနဲ့ မေးပြန်ပြီ မင်း"

"မေ့သွားလို့ပါကွ"

နန္ဒက မာန်လေတော့ ထူးအောင်က ပြန်ဟောက်လေသည်။ ဒီကိစ္စက ပြောပြလို့မှ မဖြစ်တာ။ ပြောပြရင် ထိုက် လူယုတ်မာဖြစ်ဦးမှာလေ။ စောစောက သူရင်ဖွင့်တဲ့အထဲမှာ ဒီကိစ္စ ဘယ်ပါလိမ့်မလဲ။ ထိုက် ဖုန်းကို ဆော့ကစားရင်း ထွက်သွားဖို့ ခြေလှမ်းစလိုက်တော့

"ဟာ ... ထိုက်"

နန္ဒက ထိုက်လက်မောင်းကို ဆွဲထားလေသည်။

"ဘာလဲကွ"

"ဒီနေ့ မင်း ရှင်းရမှာလေ၊ မျိုထားတဲ့ဝိုင်း ရှင်းသွားဦး"

"အဲဒါ မင်းတို့ ရှင်းထားလိုက်လည်း ပြီးတဲ့ကိစ္စကို၊ နောက်နေ့ ငါပြန်ပေးမှာပေါ့၊ တစ်သက်လုံး မတွေ့ရတော့မှာကျနေတာပဲ"

"အကြွေးဆိုတာ လက်ငင်းလောက် စိတ်မချရဘူးလေကွာ"





"ကဲ ... ရော့ ... ပိုတာလည်း ပြန်မပေးနဲ့ ယူထားလိုက်၊ ပါ သွားပြီ"

ထိုက် ပိုက်ဆံထုတ်ပြီး နန္ဒလက်ထဲသို့ ထိုးထည့်ကာ ထွက်သွားခဲ့တော့၏။ လေးလေးသိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲ။

အခုချိန်က ...

လေးလေးရဲ့ရည်မှန်းချက်တွေ ပြီးမြောက်တဲ့အချိန်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"မင်း သွားစရာမလိုဘူး ထိုက်၊ ဒီကိစ္စ ငါ ရှင်းမယ်"

"လေးလေး"

"လူတွေသုံးတဲ့ လက်နက်ထဲမှာ အစွမ်းအထက်ဆုံးက ဘာလက်နက်လဲ၊ မင်းသိလား"

"ဟင့်အင်း"

"မသိရင်မှတ်ထား။ အစွမ်းထက်ဆုံးက မျက်ရည်လက်နက်ပဲကွ"

မိုးထက် သူ့လုပ်ရပ်မှာ မှားသလားလို့ တွေဝေနေခဲ့တာ မှားပြီဆိုတာကိုလည်း သိသည်။ ဒါပေမဲ့ . . . နောင်တတော့ မရှေး





မဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်း ဖြစ်လာပြီဆိုတော့ ရင်ဆိုင်ဖို့သတ္တိ အပြည့်နှင့်ပါ။ ဘာမှမသိတဲ့ ထိုက်မှာ မရှိဘူးလေ။ အပြစ်ရှိတဲ့သူက ကိုယ်ပဲမို့ အဲဒီအပြစ်အတွက် ထိုက်က ကိုယ့်ကို ပြန်ပြီး ဒဏ်ခတ်မှာကိုပဲ ကြောက်သည်။

ကြောက်တယ်ဆိုပြီး နောက်ဆုတ်ပြေးလို့ရော . . .

လွတ်မှာတဲ့လား။ ဒီတော့ ရည်ရွယ်ချက်တွေအတိုင်း ဆက်လျှောက်ရတော့မည်ပေါ့။ မမရဲ့ခံစားမှုအတွက် တန်ပြန်သက်ရောက်မှုဆိုတာ ပေးကိုပေးရမှာရမှာပဲလေ။

"ဒီကိစ္စ လေးလေးနဲ့မှ မဆိုင်တာ၊ လေးလေးဖြေရှင်းဖို့ မလိုပါဘူး"

"မဆိုင်ဘူးလို့ ဘယ်သူကပြောလဲ"

"ကာယကံရှင်က ကျွန်တော်ပဲလေ"

"ငါက မင်းရဲ့အုပ်ထိန်းသူဆိုတာ မင်း မေ့နေပြီလား။ မင်း ဘာပဲလုပ်လုပ် ဖြေရှင်းရမှာက ငါပဲ"

"မဟုတ်သေးဘူးလေ လေးလေးရဲ့"

"ဒီမှာ ထိုက်"

"ဗျာ"

"မင်းက ငါ့ကို ခေါင်းရှောင်တတ်တဲ့ကောင်လို့ လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးခံစေချင်တာလား။ ဒီကိစ္စကို ဖြစ်မြောက်လာအောင် ခေါင်းဆောင်ပြီး လက်ညှိုးညွှန်ပြခဲ့တာက ငါ၊ အဲဒီတော့ ငါ ခေါင်းဆောင်ပီသရမှာပေါ့”

ထိုက် သက်ပြင်းချလိုက်မိ၏။ ကိုယ်ကလည်း ကိုယ့်ပြဿနာကို ကိုယ်ပဲ ရင်ဆိုင်ဖြေရှင်းချင်တာပါ။ အပြန်အလှန် အတိုက်အခံ စကားတွေ ပြောတဲ့နေရာမှာ ပက်ပက်စက်စက် စကားလုံးတွေမပါဘဲနေမလား။ အဲဒီလို စကားလုံးကြမ်းတွေ၏ရိုက်ခတ်မှုကို လေးလေးကို မထိမှန်စေချင်။ မိဘနှစ်ပါးမရှိတော့တဲ့ ထိုက်ကို ဖအေလိုတစ်မျိုး မအေလိုတစ်သွယ် ...

မေတ္တာလမ်းနှစ်သွယ်ဖောက်ပြီး ထိုက် လျှောက်မယ့်လမ်းကို ပန်းခင်းပေးခဲ့သူ။ အခု ... ရေဆူနဲ့ လှမ်းပက်ခံရမယ့်ပွဲမှာ လေးလေးကို ခြေတစ်ဖဝါးမှ လှမ်းမသွားစေချင်ပေမယ့် ...

“မင်းကို ငါ တစ်ခုတော့ မေးချင်တယ်”

“ဟုတ်ကဲ့ ... မေးပါ လေးလေး”

“မင်း ပိုးအိမ်ကို နည်းနည်းလေးတောင် မချစ်ဘူးလား”

“အချစ်ဆိုတဲ့အရာက အမုန်းထုထည်ကို မထိုးဖောက်ပါဘူး လေးလေးရယ်”

အဖြေက ချစ်တယ်။ မချစ်ဘူး မဟုတ်ဘဲ ဝေ့လည်လည်





ဖြစ်နေတော့ ထိုက်ကပဲ စကားပြောကျွမ်းကျင်ပါးနပ်တာလား။ သူကပဲ ဉာဏ်မမီတာလားတော့ မသိပေ။ မိုးထက် နားမလည်နိုင် ရှိနေ၏။

“မင်း ဘာကိုပြောတာလဲ ထိုက်”

“သူ့ကို သနားသလိုလိုရှိပေမယ့် ကျန်တဲ့လူတွေကို ကျွန်တော် မုန်းတယ်”

“ဟင်း”

သက်ပြင်းရှည်ကြီးကို ဘာသဘောနဲ့ ချလိုက်မိပါလိမ့်။

“မင်းကို ငါ လေးစားရမလား။ အံ့ဩရမလားတောင် မသိတော့ဘူး”

“ဘာဖြစ်လို့လဲ”

“အသည်းမာတဲ့မင်းကို ငါတောင် ကြောက်လာပြီ”

မိုးထက်စကားကြောင့် ထိုက်က ရယ်လေသည်။ ဒီလိုမာတတ်အောင် သင်ပေးခဲ့တာ ဘယ်သူလဲ။

“တူဝရီးချင်း လေးလေးက ဘာကြောက်စရာလိုလို့လဲ”

“မင်းအပေါ်မှာ ငါ အမှားတစ်ခု ကျူးလွန်ခဲ့ရင် မင်း မုန်းသွားမှာကိုပေါ့”

“လေးလေးစကားကြီးကလဲ ... မသိရင် ဘာလိုလိုကြီးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာက မင်းကို ငါ မတရားနိုင်းတာရှိရင် ပြောတာကွ"

ထိုက် တွေခနဲ ဖြစ်သွားသည်။ လေးလေးက ထိုက်ရဲ့မိဘပဲလေ။ သားသမီးအပေါ် ဘယ်မိဘက မတရားလုပ်ပါ့မလဲ။

"ကဲ ... ငါသွားမယ်၊ မင်းအိမ်မှာပဲနေနော်"

"ဟုတ်"

❑ ❑ ❑



## အခန်း (၂၅)

အိမ်ကနေ ထွက်လာတုန်းက လျှော့ရှိလျှော့ရှိတိတ်တို့သည် ဦးထက်ခေါင်တို့ခြံထဲကို ကားကွေ့ဝင်လိုက်သည်နှင့် တင်းခံနဲဖြစ်သွား၏။ ပြောဖို့စကားလုံးတွေကလည်း ကြာရှည်တွေးယူနေ၍မရလို့၊ ရင်ထဲကို ဒိုင်းခနဲ ဒိုင်းခနဲ ဝင်လာပြီး တန်းစီနေတာ သူ့ဖခင်ပါ ကောင်းပါပဲ။

မိုးထက် ...

ကားပေါ်က ဆင်းကာနီးတွင် ဒတ်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် မမဇော်ဓာတ်ပုံလေးကို စူးစိုက်ကြည့်နေမိ၏။ ပြီးတော့ ဓာတ်ပုံကို ဂျာကင်အိတ်ထဲသို့ အသာထိုးထည့်ပြီး ကားပေါ်မှ ဆင်းခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



တွင် ...

“လာပြီ ... လာပြီ”

အိမ်ထဲကနေ ပြေးထွက်လာသူက ဒေါ်လှဲ့ရည်ပါ။ မိုးထက်ကို မြင်တော့ ...

“ဟင်”

ဒေါ်လှဲ့ရည် သူ့ကို အံ့ဩသလိုကြည့်နေပြီး ...

“မိုး ... မိုးထိုက် မဟုတ်ပါလား”

“ထိုက်ရဲ့အုပ်ထိန်းသူလာတော့လည်း ပြီးတာပဲ မဟုတ်လား”

“[illegible]နေပြီးပါတယ်ကွယ်”

“[illegible]လှဲ့ရည်”

“[illegible]မမကြီး”

ကဲ ဒီအိမ်မှာ ဘာလုပ်နေတာလဲ၊ နင် လုပ်စရာရှိတာ သွားလုပ်လေ”

“ဟုတ် ... ဟုတ်ကဲ့”

ဖျော့ထွက်သွားတဲ့ ဒေါ်လှဲ့ရည်ရဲ့မျက်ဝန်းတွေကို မိုးထက် နားမလည်။ မဆီမဆိုင် လက်ပံပင်ဓားနဲ့ချိုင်ပြီး သူမက ဘာကို[illegible] ပူပန်နေတာလဲ။





“ဟင် ... မင်း မိုးထက်”

မိုးထက် ခေါင်းညိတ်ပြပြီး ဆက်လျှောက်ကာ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်၏။ ထိုင်ပုံက ခပ်မိန့်မိန့်ရယ်ပါ။ ဒေါ်မျိုးမြင့်မြတ်မာန်က မလိုလားသောအကြည့်တွေနှင့် ...

“ဘယ်မှာလဲ မိုးထိုက်”

“ကျွန်တော် သူ့ကိုယ်စား လာခဲ့တာပါ”

“ဘာ”

“ကျွန်တော်က ထိုက်ရဲ့အုပ်ထိန်းသူလေ၊ ထိုက်နဲ့ပတ်သက်ပြီး ဘာမဆို စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လူပေါ့”

“ကောင်းပြီလေ၊ ဒါဆို မင်းနဲ့ပဲ ပြောကြတာပေါ့”

မိုးထက်နှင့်ဒေါ်မျိုးမြင့်မြတ်မာန်တို့၏အသံမှလွဲ၍ ကျန်တဲ့လူအားလုံးက နှုတ်ဆိတ်နေကြသည်။

“မိုးထိုက်နဲ့သမီးရဲ့မင်္ဂလာကိစ္စကို မင်း ဘယ်လိုစီစဉ်မှာလဲ မိုးထက်”

“ဗျာ”

“တို့က မိန်းကလေးရှင်ဆိုပြီး တောင်းဆိုခွင့်တွေရှိပေမယ့် အခြေအနေနဲ့ အချိန်အခါကြောင့် ဘာအခွင့်အရေးမှ မယူဘဲ မင်းကို ဦးစားပေးတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အဟွန်း"

"မင်းသိသင့်တာတစ်ခုတော့ ပြောပြရဦးမယ်"

"ပြောပါ"

အားမသန်လို့ မာန်လျှော့ရသည့် ဒေါ်မျိုးမြင့်မြတ်မာန်၏ အောက်ကျို့မခံလိုခြင်းတွေက ရင်မှာအပြည့်မို့ မျက်နှာကို ဆတ်ခနဲ လွှဲလိုက်သည်။ မိုးထက်ရဲ့မထီမဲ့မြင်အပြုံးတွေက သူမကို လှောင်ပြောင်ရယ်မောနေသည့်နှယ်။ ဒါကို တည့်တည့်ကြည့်ပြီး ပြောချလိုက်ချင်ပေမယ့် အရှုံးက ကိုယ့်ဘက်မှာ ရပ်တည်နေပြီကိုး။

ဒါကြောင့် . . .

ရှုံးနေမှန်းသိသိနဲ့ ပြောရမည့်စကားကို ဒီလိုပုံစံနဲ့ပဲ ပြောရမှာပဲလေ။ မျိုးမြင့်မာန်ဆိုတဲ့ မိန်းမကလည်း တစ်လုံးဖြစ်ဖြစ်တင်စီးရမှ စားဝင်အိပ်ပျော်ရှိသူပီပီ . . .

"ငါ ပျိုးထားတဲ့ပန်းကို ခါးကျိုးလို့ ချိုးရောင်းရပေမယ့် နင်းခြေတာကိုတော့ ခံမယ်မထင်နဲ့"

"ဟား ဟား ဟား ဟား"

"ဟင်"

မိုးထက် ဟားတိုက်ရယ်မောပစ်လိုက်၏။ သူပြောရဖို့ အလှည့်ရောက်လာပြီပေါ့လေ။





"ဒီမှာ ဒေါ်မျိုးမြင့်မြတ်မာန်"

မေးဆတ်ထူးလိုက်သလို မျက်နှာက မှောခနဲဖြစ်သွား၏။

"ကျွန်တော် ဒီကိုလာခဲ့တာ ခင်ဗျားသမီးနဲ့ ကျွန်တော့်တူ မင်္ဂလာကိစ္စအတွက် ရွှေလမ်းငွေလမ်းဖောက်ဖို့အတွက် လာခဲ့တယ်လို့ ခင်ဗျား ထင်နေလား"

"ဘာပြောတယ်"

"မာန် . . . မင်း စကားကို အေးအေးဆေးဆေး ပြောစမ်း"

လေးလေးကို စိတ်မချလို့ နောက်ကနေ ထက်ကြပ်မကွာ ထွက်လာခဲ့သည့်ထိုက်၊ တံခါးဝမှာပင် ခြေလှမ်းတွေ ရပ်တန့်သွားသည်။

"မင်္ဂလာကိစ္စမဟုတ်ရင် မင်းက ဘာကိစ္စနဲ့ ငါ့အိမ်ကို လာတာလဲ"

"ခင်ဗျားကိုမိသားစုကို ချွေးဖြစ်အောင် အမြီးတပ်ပေးဖို့ လာခဲ့တာလေ . . . ဟား ဟား ဟား ဟား"

"ဘာ"

"မင်း . . . ဘယ်လိုပြောလိုက်တာလဲ မိုးထက်"

"ဟော့ကောင် မင်း"

မိုးထက် ဟားတိုက်ရယ်မောနေချိန်မှာ ဦးထက်ခေါင်ရော၊



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခေါင်ပါ ကိုယ်ကြီးတွေ တောင့်ခနဲဖြစ်သွားကြသည်။ ဒေါသ တွေကလည်း ထိန်းမရတော့။

"ခင်ဗျားတို့ ခွေးဖြစ်ခံပြီး မင်္ဂလာကိစ္စစီစဥ်မှုဖြစ်မယ်ဆိုရင် ရပါတယ်၊ ဘယ်ဟိုတယ်မှာ ဘယ်နှစ်ခါဆောင်ချင်လဲ ပြော ကျွန်တော် ဖြစ်အောင်စီစဥ်ပေးမယ်"

"နင် ခွေးစကားမပြောနဲ့ နင့်တူကသာ ခွေးလိုယုတ်မာတဲ့ ကောင်"

"ခင်ဗျားတို့မျိုးပဲဆိုတာ ကျွန်တော်က ခင်ဗျားတို့သိအောင် အသိလာပေးတာလေ၊ မိုးထိုက်က ဘယ်သူ့သွေး၊ ဘယ်သူ့သားလဲ ဆိုတာ ခင်ဗျားတို့ သိရဲ့လား"

"ဘယ်သူ့သားပဲဖြစ်ဖြစ် တို့ စိတ်မဝင်စားဘူး မိုးထက် ငါ့ညီမအရှက်ကို ကာကွယ်ဖို့အတွက် သူတောင်းစားပဲဖြစ်ဖြစ် ဖို လက်ခံတယ်"

"ဟုတ်ပါပြီ ... မိုးထိုက်ရဲ့မိဘတွေ ဘယ်သူလဲဆိုတာ ပြီးမှ ဆုံးဖြတ်ပါလား ဦးထွန်းခေါင်"

"မင်း တော်တော်လျှာရှည်တဲ့ကောင်ပါလား၊ ကဲ ... ဘယ် သူတွေလဲ မြန်မြန်ပြော"

ချက်ချင်း တည်သွားတဲ့မျက်နှာပေါ်မှာ နာကြည်းရိပ်တွေ





နီးတိမ်များလို အိမ်ဖွဲ့ကာ အစုလိုက် အခဲလိုက်။ မျက်ရည်မကျပါဘဲ ရှိက်သံက 'ဟင့်'ခနဲ ထွက်သွားသည်။ မမလို့ ရင်ထဲမှာ ခေါ်ကြည့်မိ တိုင်း သစ္စာမပျက်ခဲ့သည့် လက်သီးက ဆုပ်ပြီးသား။ အံကြိတ်ကာ အားလုံးကို ဝေ့ကြည့်လိုက်တဲ့ မျက်ဝန်းတွေက ကမ္ဘာကို လက်သီးနှင့် ထိုးပြီး ဖြိုတော့မည့်နှယ်။

"ခင်ဗျားတို့အိမ်မှာ အိမ်ဖော်လာလုပ်ရင်း ဗိုက်တစ်လုံးနဲ့ နှင်ခဲ့ရတဲ့ နန်းထိုက်သူကို ခင်ဗျားတို့ မှတ်မိမှာပေါ့"

"ဟင်"

"အဲဒီနန်းထိုက်သူမွေးခဲ့တဲ့ကလေးက မိုးထိုက်စည်သူပဲ လေ၊ ကျွန်တော်တို့မှာ မမကို စော်ကားလိုက်တာ ဖအေမှန်း သားမှန်း တောင် မသိခဲ့ရတဲ့ဘဝပါ၊ ဒါကြောင့် ခင်ဗျားတို့ကို ကျွန်တော် မုန်း တယ်၊ ကျွန်တော် ဒီအိမ်ကိုရောက်လာခဲ့တာ မမအတွက် လှဲ့စားချေ ဖို့ပဲ၊ အခုတော့ ခင်ဗျားတို့ကို ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ပြီး ခွေးမျိုး ဖြစ်အောင် လုပ်နိုင်ခဲ့ပြီလေ ... ဟား ဟား ဟား ဟား"

ဦးထက်ခေါင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်တော့၏။ စော စောက ဒေါသနှင့် ထရပ်လိုက်ကြတာလေ၊ အခုတော့ ကြိုးတွေ ပြတ်ကျအောင် ပိုင်းချလိုက်တာ မိုးထက်ရဲ့စကားလုံးတွေပါ။

"မမှတ်မိသေးရင် ဒီမှာကြည့်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မိုးထက် ပစ်ချပေးလိုက်တဲ့ စားပွဲပေါ်က ဓာတ်ပုံကို မှုံ
ကြည့်လိုက်ကြသည်။ မဟုတ်ပါစေနဲ့လို့ ဆုတောင်းလို့ရော ပြည့်
တဲ့လား။ ဒီအမှားတွေရဲ့တရားခံက ဦးထက်ခေါင်။

❑





"မိနန်း ... မိနန်း"

"ရှင် ... မမကြီး"

"ညည်း ဦးထက်က ခုပဲ ဖုန်းဆက်တယ်၊ အိမ်ပြန်နောက်ကျမယ်တဲ့၊ အဲဒါ ညည်းပဲ တံခါးစောင့်ဖွင့်ပေးလိုက်တော့ ကြားလား။ ငါလည်း ကျန်းမာရေးက မကောင်း။ ကလေးက တစ်ဖက်နဲ့ဆိုတော့ ... ဟင်း"

"ဟုတ်ကဲ့ ... ကျွန်မ စောင့်နေလိုက်ပါ့မယ် မမကြီး"

"အေး ... အေး ... ဒါဆို ငါသွားအိပ်တော့မယ်နော်"

အဲဒီညက ...



www.burmeseclassic.com

www.burmeseclassic.com



ပါတီပွဲကအပြန် ဦးထက်ခေါင် မူးလာခဲ့သည်။ အဲဒီရက်တွေ ဒေါ်မျိုးမြင့်မြတ်မာန်ရော သမီးလေးပိုးအိမ်ပါ နှစ်ယောက်စလုံး ကျန်းမာရေးချို့တဲ့စွာနှင့် ဆေးကုသမှုတွေ ခံနေရသည့်အချိန်။ နှမျိုး သန့်မာနေဆဲ ယောက်ျားတစ်ယောက်က မိန်းမနှင့်ကင်းကင်းကွာကွာ နေခဲ့ရသည်ဆိုတော့ လူမှန်းသူမှန်းမသိ မူးလာတဲ့အရက်ရှိန်က အမှား တစ်ခုကို ကျူးလွန်ဖို့ အမှောင်ထုထဲသို့ တိုးဝင်ခဲ့သည်။

မှားပြီးကြတာကို သိသိနဲ့ . . .

ဦးထက်ခေါင်က သူရဲဘောင်ကြောင်စွာ ဘာတာဝန်ယူရမလဲ မမေးခဲ့သလို၊ နန်းထိုက်သူကလည်း ဘာမှမတောင်းဆိုခဲ့ပေ။ မျက်နှာချင်းဆိုင်မိလျှင်တောင် မျက်နှာလွှဲနေတတ်ကြပြီး . . . တစ်နေ့မှာတော့ . . .

"ဒီကိုယ်ဝန် ဘယ်သူနဲ့ရတာလဲပြောစမ်း မိနန်း"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ ကမြင်းကြောထတုန်းကထပြီး အခုမှ ရှက်နေသလား။ ဒီအိမ်မှာ ငါ့လင်ရယ်၊ ငါ့သားရယ် နှစ်ယောက်ရှိတာ နင့်ကြောင့် တောင်ထင်မြောက်ထင် အထင်မခံနိုင်ဘူး။ မှန်မှန်ပြောစမ်း . . . ဒီကိုယ်ဝန် ဘယ်သူနဲ့ရတာလဲ၊ ထွဋ်ခေါင်နဲ့လား"

"ဟင့်အင်း . . . မဟုတ်ပါဘူး"





"ဒါဆို ခြံစောင့်ကောင်နဲ့လား . . . ပြောလေ"

"မဟုတ်ပါဘူး မမကြီးရယ်၊ မဟုတ်ပါဘူး"

"ကဲဟယ် မဟုတ်ဦး"

"မာန်"

ဒေါ်မျိုးမြင့်မြတ်မာန်က နန်းကို ထုရိုက်နေစဉ် ဦးထက်ခေါင် ရောက်လာပြီး ယောက်ျားပီပီ ဝန်ခံလိုက်၏။

"သူ့ကို မရိုက်ပါနဲ့ မာန် . . . ဒီကိုယ်ဝန်ရဲ့တရားခံက ကိုယ်ပါ"

"ဘာ"

"မာန် . . . ကိုယ့်ကို ကြိုက်သလို အပြစ်ပေးပါ၊ ကိုယ် မာန့်ကို မလိမ်ချင်ဘူးကွာ၊ အဲဒါ ဘာကြောင့်လဲဆိုရင် မာန့်ကို သိပ်ချစ်လို့ လိပ်ပြာသန့်သန့်နဲ့ ဆက်ရပ်တည်နိုင်အောင် ဝန်ခံတာပါ၊ လိမ်ညာဖုံးကွယ်ထားရင် မာန့်အပေါ် ကိုယ် မတရားရာကျမှာစိုးတယ်၊ အဲဒီတော့ မာန် ကြိုက်သလို စီစဉ်ပါတော့၊ အဖြစ်က ဒီလိုပါ မာန်"

ဦးထက်ခေါင်က မိနန်းကို ချစ်ဇနီးမာန်လို့ထင်ပြီး မူးမူးရူးရူးနှင့် မှားခဲ့မိတာကြောင့် ဝန်ခံလေတော့ . . .

"ဒီမှာ မိနန်း"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ ငွေအလုံအလောက်ပေးလိုက်မယ်၊ အဲဒီကလေးကို ဖျက်ချပစ်လိုက်၊ အဲဒီလိုမှ မလုပ်ချင်ဘူးဆိုရင်လည်း နင့်ထိုက်နဲ့ နင့်ကံပဲ၊ နင် ဒီနေ့ကစပြီး ဒီအိမ်တက်ကို ခြေတစ်ဖဝါးတောင် မလှမ်းနဲ့ ဒါပဲ"

❑





ဒေါ်မိုးမြင့်မြတ်မာန် ဘယ်သူ့ကို အပြစ်တင်ပြီး ဘာလုပ်ရမှန်းမသိတော့ပေ။ မိုးထက်က အငြိုးကြီးကြီးနဲ့ လက်စားချေပုံမှာ သူ ပြောသလို တစ်မိသားစုလုံး အမြီးထွက်ပြီး အရူရတော့မည့်ကိန်းလေ။

"ဒါဆို မိုးထိုက်က မိနန်းရဲ့သားဆိုတော့"

"ခင်ဗျားယောကျ်ား (သို့မဟုတ်) ခင်ဗျားသားရဲ့ သွေးတစ်ဝက်ပါတဲ့ ခင်ဗျားတို့ရဲ့မျိုးဆက်ပဲပေါ့ဗျာ"

"ဟော့ကောင် ... မင်း ဘာတွေလာပြောနေတာလဲ ငါ မိနန်းနဲ့ ဘာမှမပတ်သက်ခဲ့ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်သက်ခဲ့မိတာ ငါပါကွ၊ မိုးထိုက်က ငါ့သားပါကွာ"

"ဟင်"

ဦးထက်ခေါင် ဘယ်သူ့ကိုမှ မကြည့်ဘဲ ခေါင်းကြီးငုံ့လျက်မှ ငိုသံပါနှင့် ပြောလေသည်။ မိုးထက်ရဲ့လက်စားချေလိုမှုတွေက ရက်စက်ပါပေ့။

လူကို သတ်ပစ်လိုက်တာထက် ခေါင်းကိုဖြတ်ပစ်လိုက်တာလေ။ တစ်သက်လုံး အရှက်ရပြီး မမော့နိုင်အောင် လုပ်တာ။ ကလေးနှစ်ယောက်ကို မောင်နှမချင်း ဘယ်လိုလက်ထပ်ပေးကြမလဲ။ ပတ်ဝန်းကျင်သာ သိရင် ...

တစ်မိသားစုလုံး ခွေးစာခွက်နဲ့ ထမင်းထည့်စားရတော့မည့် အဖြစ်။

"မင်းရဲ့လက်စားချေလိုမှုတွေက ရက်စက်လွန်းပါတယ် မိုးထက်ရာ"

"ရက်စက်တယ် ဟုတ်လား"

"တော် ... တော်ကြပါတော့၊ သိပ်ရှက်ဖို့ကောင်းတယ်၊ သမီး သိပ်ရှက်တာပဲ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ပဲ ကောင်းတယ်"

"သမီး"





"သား လိုက်သွားလိုက်မယ် မေမေ၊ မေမေတို့ ဒီက ပြဿနာကိုပဲ ရှင်း"

ထွဋ်ခေါင်က ထရပ်လိုက်တဲ့မိခင်ကိုတားပြီး ပိုးအိမ်နောက်သို့ သူပဲ ပြေးလိုက်သွားလေတော့၏။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ထိုက် ...

ခြေထောက်တွေ မရပ်ချင်တော့လောက်အောင် အင်အားတွေချည့်နဲ့သွားကာ နံရံကို မှီလိုက်ရတော့၏။ မျက်ဝန်းမှာ မျက်ရည်တွေက တားမနိုင် ဆီးမရ။ ရင်ဘတ်တစ်ခုလုံး အောင့်တက်လာကာ မီးလောင်ပြာကျဖြစ်တော့မယ့်အတိုင်းပါပဲ။ ရိုက်ချက်က ပြင်းပါပေ့။ ဒါ ... ဝဋ်ကြွေးလား။ ဝဋ်ကြွေးဆိုရင်တောင် ဒီလိုနည်းနဲ့တော့ ဒဏ်မခတ်သင့်ပါဘူး။

ဦးထက်ခေါင်ရဲ့သားဆိုတော့ ထိုက်က ပိုးအိမ်နဲ့ မောင်နှမပေါ့။ လက်စားချေဖို့ ပုံစံခွက်ထဲ ရိုက်သွင်းခဲ့တုန်းက ဒေါ်ကြီးအတွက်





ဘဲ့။ ထိုက်မေမေဆိုတာ ဒေါ်နှန်းထိုက်သူ။ ဒါကိုသိပြီး ဒေါ်ကြီးနောမည်ကို မသိရတာ မရှိခဲ့လို့ပဲပေါ့။ ထိုက်ကို ဘာကြောင့် သွေးက စကားမပြောခဲ့တာလဲ။ ဒီလောက်ပုပ်စပ်ညစ်နွမ်းခဲ့တဲ့ သွေးတွေကို ကိုယ့်သည်းပင်း ကိုယ်လှီးပြီး သွန်ချပစ်လိုက်ရမှာလား။

ရက်စက်လိုက်တာ လေးလေးရယ်။

လေးလေး ကျွန်တော့်ကို တယုတယနဲ့ မွေးမြူခဲ့တာ အခုလို ကျွန်တော့်နောက်ကျောကို ဓားနဲ့ထိုးဖို့လား။

"ဘယ်လိုလဲ ဦးထက်ခေါင်၊ မဂ်လာကိစ္စ စီစဉ်ချင်သေးရဲ့လား"

"စီစဉ်ရမှာပဲ"

"ဟင်"

"လှဲရှည်"

ဧည့်ခန်းထဲသို့ ဝင်လာရင်း အသံကျယ်ကျယ်နှင့် လှမ်းပြောလိုက်သူက ဒေါ်လှဲရှည်ပါ။ ထိုက်လည်း အင်အားတွေမွေးကာ နံရံအနားမှ ထွက်လိုက်၏။

"လေးလေး"

"ဟင် ... ထိုက်"

"သား"



www.burmeseclassic.com

www.burmeseclassic.com



အဆက်မပြတ်ကျနေတဲ့ မျက်ရည်တွေကို ထိုက် လုံးဝသုတ်ပေ၊ ကျစမ်းဆိုပြီး လွှတ်ထားလိုက်တာမို့။

"လေးလေး ရက်စက်တယ်၊ လေးလေး ကျွန်တော့်အပေါ်မှာ အရမ်းရက်စက်တယ်"

"မဟုတ်ဘူး ထိုက်"

"ကျွန်တော့်ကို ချစ်တယ်၊ ချစ်တယ်လို့ပြောခဲ့တဲ့ စကားလုံးတွေက ကျွန်တော့်နောက်ကျောကို ထိုးနေတဲ့ ဓားချက်တွေမှန်း ကျွန်တော် ခုမှပဲ သိရတော့တယ်၊ အခု ကျွန်တော် ဘာလုပ်ရမှာလဲ အသက်ဆက်ရှင်နေဖို့တောင် လိပ်ပြာမသန့်တော့ဘူးလေ"

"ထိုက် . . . မင်း ထင်ရာတွေ စွတ်မလုပ်နဲ့နော်၊ လေးလေး ရှင်းပြမယ်"

"လေးလေးက ဘာကိုရှင်းပြနေဦးမှာလဲ၊ အခု ကျွန်တော်တို့ ခွေးဖြစ်ကုန်ပြီလေ၊ လေးလေး ဟားတိုက်ရယ်လိုက်စမ်းပါ လေးလေး ပျော်လိုက်စမ်းပါ"

"ဘာမှပျော်စရာမလိုပါဘူး၊ မင်းတို့ပစ်တဲ့မြားချက် လွဲသွားတဲ့အကြောင်း ငါ ပြောပြမယ်"

ဒေါ်လဲ့ရည် ဝေ့ခနဲ မြှုကြည့်လိုက်တော့ အဓိကလူရှေ့ စုံနေသားပဲ။ မြသားလည်း သူမဘေးမှာ ရပ်နေသည်။ ဒေါ်လဲ့ရည်





မြိုသိပ်ထားခဲ့သမျှ ဖွင့်ချမှုဖြစ်တော့မည့်အခြေအနေမို့ ပြောရတော့မည်လေ။

"အကြွေတူရင် ရန်သူဖြစ်တတ်ပေမယ့် မင်းကို ငါ ရန်သူလို့ မသတ်မှတ်ချင်ဘူး မိုးထက်၊ မင်းက ငါ့ထက် ခြေလှမ်းဦးပေမယ့် အရာမထင်ပါဘူး"

"ဒေါ်လေး ဘာကိုပြောတာလဲ"

"ငါလည်း နင့်လို ကြံပြီး လက်စားချေဖို့ လာခဲ့တာလေ၊ တကယ်တော့ ပိုးအိမ်ကမှ ငါ့တူမအရင်း၊ မြသားက ဦးထက်ခေါင်နဲ့ ဒေါ်မိုးမြင့်မြတ်မာန်တို့ရဲ့သမီးပဲ"

"ဟင်"

"နင် ဘာပြောလိုက်တယ် လဲ့ရည်"

ဒေါ်မိုးမြင့်မြတ်မာန် ဝုန်းခနဲ ခုန်ထလိုက်၏။ ဘာမှနားမလည်နိုင်အောင် ဘာတွေဘယ်လိုဖြစ်ကုန်မှန်းမသိ။ ပိုးအိမ်က သူတို့သမီးမဟုတ်ဘဲ မြသားကမှ သူတို့သမီးအစစ်တဲ့။ လဲ့ရည်ကိုလည်း သူမ,သားနဲ့ ပတ်သက်ပြီး မောင်းထုတ်ခဲ့ဖူးတာဆိုတော့ အာဃာတတွေ၊ အတ္တတွေ ကြီးမားကြပါလား။

သူမ . . .

ဂုဏ်မောက်ပြီး မာန်တက်ခဲ့သမျှ ကိုယ်ပြုသည့်ကံ ကိုယ့်ထံ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတာ။ ကိုယ် သူတို့ကို ပစ်ခဲ့တုန်းက ပစ္စတိုနဲ့ပါ။ သူတို့ ပြန်ပစ်လာတာကျတော့ အမြောက်တွေ၊ ဗုံးတွေနဲ့။ တစ်သက်လုံး ခေါင်းမထောင်နိုင်အောင် ရိုက်ချတဲ့ တုတ်ကလည်း ကြီးမှကြီးပါပဲ။ ဒေါ်မိုးမြင့်မြတ်မာန် အသက်ရှူတွေပင် ကျပ်လာ၏။

"ထွန်းခေါင် စော်ကားလို့ ငါ့ဘဝလည်း ပျက်ခဲ့တာပဲ၊ နှင်းမမလို ငါလည်း နှင်ချခံရတာပါပဲဟယ်၊ အဲဒီအချိန်မှာ ငါ့အစ်မလင်မယားက ရန်ကုန်တက်လာပြီး အလုပ်လုပ်နေရတဲ့အချိန်လေ၊ ငါ မမတို့လင်မယားနဲ့ပဲ ကပ်နေရတာပေါ့။ တစ်နေ့တော့ မမ ကိုယ်ဝန်က ဆေးရုံတက်ပြီး ခွဲမွေးလိုက်ရတယ်"

"ဟင်"

ဒေါ်မိုးမြင့်မြတ်မာန် တုန်လှုပ်ချောက်ချားသွားရတော့သည်။ အဲဒီနေ့က သူမလည်း သမီးကိုမွေးခဲ့သည့်နေ့။ မမွေးခင်ကာလလေးမှာ လဲ့ရည်ရောက်လာပြီး မမကြီးလည်း မွေးတော့မှာကိုး။ လဲ့ရည်ရဲ့မမလည်း ခွဲမွေးရမယ်လို့ လာပြောတုန်းက သူမ ဒေါသနှင့်အော်လွှတ်ခဲ့သေးသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပဲ မမကြီးကလည်း မွေးတော့ အဟွန်းနောက်ထပ်ရောက်နေတဲ့ အိမ်ဖော်ကလည်း လူနာစောင့်ရင်း အိပ်ပျော်နေတဲ့အချိန်မှာ ငါ ကလေးချင်း လဲခဲ့တာပဲ"





"နှင် ... နှင် ဘာရည်ရွယ်ချက်နဲ့ အဲဒီလိုလုပ်ခဲ့တာလဲ လဲ့ရည်"

ဒေါ်လဲ့ရည်က မဲ့ပြုံးတစ်ချက်နှင့် လှည့်ကြည့်ကာ ...

"ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်၊ ကျွန်မတူမလေးက ရွှေဘုံပေါ်မှာစံခွင့်ရပြီး မမကြီးသမီးက ဒုက္ခမျိုးစုံ ခံစားရအောင်လို့လေ၊ ဒီကို ပြန်လာခဲ့တာကတော့ အဲဒီထက် ပက်စက်တဲ့အကြံနဲ့ပေါ့"

"လဲ့ရည် ... နှင်"

ဒေါ်မိုးမြင့်မြတ်မာန် လက်ညှိုးတထိုးထိုးနှင့် ဆက်ပြောဖို့ စကားလုံးတွေက ဒေါသကြောင့် ထွက်မလာ။ ထောင်ချင်ဦး မာန၊ တက်ချင်ဦး မာနဆိုပြီး ဒဏ်ခတ်နေကြပုံက ခံရသူအဖို့ မရှုမလှပါ။

"အရွယ်ရောက်လာလေလေ မြသားရောင်က လှလာလေလေပဲ၊ ထွန်းခေါင်က တဏှာရူးဆိုတော့ ဒီလောက်လှတဲ့ မြသားကို"

"နှင့်ပါးစပ်ကို ပိတ်စမ်း လဲ့ရည်"

ဒီတစ်ခါ အော်လိုက်သူက ဦးထက်ခေါင်ပါ။ ထွန်းခေါင်ကိုထိုက် လက်သီးနှင့်ထိုးခဲ့သည့်အဖြစ်ကို ပြန်တွေးကြည့်တော့ ဒါလည်း ကံသီပေလို့ မဖြစ်ခဲ့တာ။ နှုတ်ခမ်းကို ဖိကိုက်ထားမိတာ ပေါက်ထွက်လုမတတ်ပါပဲ။

"အခုမှ သွေးပျက်မနေနဲ့ ဦးထက်ခေါင်၊ ကျွန်မရှေ့မှာထက်



www.burmeseclassic.com

www.burmeseclassic.com



ပါ အကြိုတွေ မအောင်မြင်ခဲ့ကြဘူး၊ ကျွန်မက အောင်မြင်ဖို့ အလား အလာရှိသေးပေမယ့် တူမလေးကြောင့် ခုလို ဖွင့်ပြောရတာပဲ”

“ရက်စက်လိုက်ကြတာ၊ ယုတ်မာလိုက်ကြတာ၊ နင်တို့ ရှ ထွက်သွားကြ၊ လူယုတ်မာတွေ၊ နင်တို့မျက်နှာတွေ ငါ မမြင်ချင်ဘူး ထွက်သွားကြ … အ”

“မာန်”

“နင်တို့ … နင်တို့”

ဒေါ်မျိုးမြင့်မြတ်မာန် ဒေါသကြောင့် မျက်လုံးကြီးပြူးလာပြီး နောက်သို့ လန်ကျသွားလေတော့၏။

“မာန်”

ဦးထက်ခေါင် ဖနီးကို ပွေ့လိုက်၏။ တစ်ဖက်မှာလည်း ထိုက်နှင့်မြသားတို့ ဖက်ငိုကြကာ …

“ခင်ဗျားတို့ နိုင်ကြပါတယ်၊ ရှုံးခဲ့တာက ကျွန်တော်တို့ မောင်နှမ၊ ပစ်မှတ်တွေလွဲပြီး ကျွန်တော်တို့မောင်နှမကြားမှာ သွေးက စကားပြောလို့ တော်သေးတာပေါ့”

“ထိုက်”

“လေးလေး ကျွန်တော့်အပေါ်မှာ အရမ်းရက်စက်တယ်ဗျာ … ဟီး”





မိုးထက် ခေါင်းငိုက်စိုက်ချသွားလေတော့သည်။ သူ့မှာ ပြောစရာစကား မရှိတော့ဘူးလေ။ ကိုယ့်ရဲ့အာဃာတကြီးက ကိုယ့်ကို ပြန်တုတ်ပြီး ရိုက်တော့မှာ သိနေ၏။

ဦးထက်ခေါင်မှာလည်း …

ဖနီးသည်က အသက်မရှိတော့ပြီမို့ ငိုနေရုံမှအပ ဘာမှမတတ်နိုင်တော့ပေ။

“မမ”

“မောင်လေး”

“ကျွန်တော်တို့အဖြစ်တွေက သိပ်ရက်ဖို့ကောင်းနေပြီ မမရယ်၊ မမနဲ့ကျွန်တော် သူတို့နဲ့ ဝေးရာကို ထွက်သွားရအောင်နော်”

မြသား ခေါင်းညိတ်ပြလိုက်၏။ မိသားစုချင်း မျက်နှာချင်း ဆိုင်ဖို့ပင် ခက်သည့်အဖြစ်တွေ ရှိခဲ့လေတော့ …

“မမတို့ သွားကြရအောင်”

“ကောင်းပြီ မမ၊ ကျွန်တော်တို့ ခုပဲ သွားကြတာပေါ့”

“မင်းတို့ ဘယ်မှမသွားရဘူး”

“သမီး … သား”

မောင်နှမနှစ်ယောက် လက်ချင်းဆုပ်ပြီး သူတို့ကို အတန်



www.burmeseclassic.com

www.burmeseclassic.com

ကြာ ရပ်ကြည့်နေသေးသည်။

"ဖေဖေ့ကို မထားခဲ့ကြပါနဲ့ကွယ်၊ ဖေဖေ့ကို မထားခဲ့ကြပါနဲ့"

"ထိုက်"

"သမီး"

"ကိုယ်တောင်းပန်ပါတယ် မြသားရယ်၊ မင်းတို့မောင်နှမ ဘယ်ကိုမှ ထွက်မသွားပါနဲ့နော်"

"သားနဲ့သမီး ဘယ်မှမသွားကြပါနဲ့ကွယ်၊ ဖေဖေ့မေတ္တာရိပ်မှာပဲ ခိုလှုံကြပါ၊ သား မသွားပါနဲ့နော်၊ သမီး"

ဦးထက်ခေါင်တစ်ယောက် အရူးမီးဝိုင်းဖြစ်နေရပါပြီ၊ မယားကသေ၊ သားနဲ့သမီးက ပစ်သွားရင်ဖြင့် ...

"မြသားက ဆင်းရဲတဲ့ဘဝမှာ နေသားကျနေပါပြီ၊ ဘယ်အရိပ် ဘယ်ရင်ခွင်ကိုမှ မခိုလှုံချင်တော့ပါဘူး"

"ထိုက် ... မင်း မသွားရဘူးနော်"

နှစ်ယောက်စလုံး ဖြည်းဖြည်းချင်း နောက်သို့ဆုတ်သွားကြပြီမို့ မိုးထက် ပျာယာခတ်တားပေမယ့် ထိုက်က မဲ့ပြုံး ပြုံးကာ ...

"ကျောဘက်မှာ ဒဏ်ရာတွေပြည့်နေပါပြီ လေးလေးရယ် နောအဲ့ထပ် ရင်ဝကို ဓားနဲ့ထိုးမှကြောက်လို့ သွားပါရစေတော့"

"ထိုက်"





ထိုက်နဲ့မြသား လက်ချင်းဆုပ်ကိုင်လျက်မှ ပြေးထွက်သွားကြလေသည်။ ဘယ်လောက်ဝေးဝေးအထိ ပြေးကြမှာလဲ။ ဒေါ်လှဲ့ရည် မျက်ရည်တွေကြားမှ လိုက်ကြည့်နေမိသည်။ နှစ်ပေါင်းကြာရှည်အတူ နေလာခဲ့တဲ့ မြသားအပေါ် သူမ သံယောဇဉ် လုံးဝမရှိဘဲ နေဝံ့မလား။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ထိုက်က နဂိုကတည်းက ကားမောင်းကြမ်းရတဲ့အထဲ အခု မြသားနဲ့အတူ ကားပေါ်ရောက်တာနှင့် မောင်းထွက်သွားလိုက်တာ မြားတစ်စင်းအတိုင်းပါပဲ။ မိုးထက်ရင်ထဲမှာ စိုးရိမ်စိတ်တွေ ထကြွ သောင်းကျန်းကုန်သည်။ တစ်နေ့ ဒီလိုတွေဖြစ်လာကြမယ်ဆိုတာ သိပေမယ့် သူ့အတွေးထဲမှာ ခုလိုမြင်ကွင်းမပါ။

မိုးထက် ...

ထိုက်အမုန်းကို ခံရမှာထက် အခုလောလောဆယ်အဖို့မှာ ထိုက်ကို ဆုံးရှုံးလိုက်ရမှာကိုပဲ ပိုကြောက်သည်။ ထို့ကြောင့် ကိုယ့် ကားပေါ်ကို တက်ပြီး မောင်းထွက်ကာ ထိုက်တို့နောက်သို့ လိုက်ခဲ့၏။





ဘုရား ... ဘုရား ...

သူ့ကားနောက်က လိုက်လာတာကို မြင်လို့ထင်ပါရဲ့။ ထိုက် ကားက မြန်သည်ဆိုတာထက် ပိုမြန်ပြီး မောင်းနေတာ တရကြမ်းပါပဲ။ သူ ဘယ်လိုလုပ်ရပါ့မလဲ။

"ထိုက်"

"..."

"ထိုက် ... မောင်လေး"

"ဘာလဲ မမရဲ့"

"ကားကို နည်းနည်းအရှိန်လျှော့ပါဦးဟယ်၊ ငါ ကြောက် လာပြီ"

"မကြောက်ပါနဲ့ မမရာ၊ ဘာမှမဖြစ်ဘူး စိတ်ချ"

"ဟင့်အင်း ... ငါ မစီးရဲတော့ဘူး။ နည်းနည်း အရှိန်လျှော့ လိုက်ပါ ထိုက်ရဲ့၊ မမ တောင်းပန်ပါတယ်နော်၊ အရှိန်လျှော့ပါ"

"အရှိန်လျှော့လို့ မဖြစ်ဘူး မမရဲ့၊ နောက်မှာ လေးလေး တား လိုက်လာတယ်"

"လိုက်တော့ရော ဘာဖြစ်လဲ၊ သူ ရုတ်တရက် မမိနိုင်ပါဘူး"

"ကျွန်တော် သူနဲ့မျက်နှာချင်းမဆိုင်ချင်ဘူး"

"ထိုက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့မောင်နှမအဖြစ်က မိဘရှိလျက်နှင့် မိဘမဲ့ဖြစ်ခဲ့ရသည့် အပြင် သူများကြိုးဆွဲရာ ကပြီး ဘဝမလှခဲ့ကြတာ။ မိန်းကလေးဖြစ်တဲ့ မြသားက ပိုဆိုးတာပေါ့။ ဘယ်လိုမှ ဖြေလို့မရအောင် ဆိုးခဲ့တာက ကိုယ် တစ်သက်လုံးချစ်ခင်အားကိုးလာတဲ့ ဒေါ်လေးက ကိုယ့်ဘဝကို စုတ်ပြတ်သတ်သွားအောင် ကြဲစည်ခဲ့တာ။

မြသားနောက်ကနေ လိုက်လာသော မိုးထက်ကားကို နောက်သို့ပြန်လှည့်ကြည့်ပြီး ရှေ့ကို ပြန်လှည့်လိုက်ရာတွင် ရင်ထဲမှာ အေးခနဲဖြစ်သွား၏။

"အမယ်လေး"

"မမ . . . ဘာမှမကြောက်ပါနဲ့"

"ဘုရား . . . ဘုရား"

ရှေ့ကားတွေကို ပွတ်သီးပွတ်သပ်နှင့် ကျော်ဖြတ်နေတာ အသက်ပင် ရဲရဲမရှူရဲတော့။

"ထိုက် . . . ထိုက် မမ ကြောက်လာပြီ၊ ကားရပ်လို့ရတဲ့ နေရာကျရင် ရပ်ပေးပါတော့"

"မမကလည်း သတ္တိနည်းလိုက်တာ၊ အခုချိန်မှာ သေသွားတော့ရော ဘာဖြစ်လဲ၊ ကျွန်တော်တို့ ဘဝက အသက်ရှင်နေဖို့မှ မကောင်းတာ"





"ဟင်"

သူပြောတာ ဟုတ်နေတော့ မြသား ထိုက်မျက်နှာလေးကို ငေးကြည့်နေမိသည်။ ဟုတ်တယ် . . . အခုချိန်မှာ သေသွားတော့ရော ဘာဖြစ်လဲ။ နေဖို့ထက် သေတာကမှ ကောင်းသေးသည်။

"မောင်လေးပြောတာ မှန်ပါတယ်၊ မမ, မကြောက်အောင်ပဲ နေပါ့မယ်"

မြသားပြောပြီး မျက်လုံးတွေကို မှိတ်ချပစ်လိုက်၏။ ဖြစ်ချင်ရာ ဖြစ်ပါစေတော့။

"ဟာ"

ထိုက်အသံကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်စဉ် ဘာမှန်း သဲသဲကွဲကွဲမသိရခင်မှာပဲ . . .

"အမယ်လေး"

"မမ သတိထား"

"ဒုန်း"

"ဝုန်း"

"အား"

မြင်လိုက်ရတဲ့အဖြစ်ဆိုးကြောင့် မိုးထက် ကိုယ့်ကားကို မနည်းထိန်းမောင်းလိုက်ရ၏။ အဲဒီနေရာကို မြန်မြန်ရောက်မှ ဖြစ်မှာ



www.burmeseclassic.com

မို့ ဆက်မောင်းလိုက်ရပေမယ့် သူ့ရင်ဘတ်ကြီးတစ်ခုလုံး ဗုံးထောင်ခွဲလိုက်တဲ့ တောင်ကြီးတစ်လုံးလိုပါပဲ။ ကားကိုရပ်ပြီး ပြေးဆင်းခဲ့သည့် ခြေလှမ်းတွေကိုပင် နှေးတယ်ထင်၏။

"ထိုက် ... မြသား၊ လုပ်ကြပါဦး ... ကယ်ကြပါဦးဗျာ"

မိုးထက် အရူးတစ်ယောက်လို အော်ဟစ်နေမိတော့၏။ ထိုက်ကို ပွေ့လိုက်စဉ် သွေးတွေက ထိုက်မျက်နှာတစ်ပြင်လုံးကို စုတ်ချက်ကြမ်းကြမ်းနှင့် ဆွဲလိုက်ကာ။ ထိုက်မျက်နှာ ထိုက်ရုပ်လုံးပင် မပေါ်တော့။ မြသားကိုက အခြားလူတစ်ယောက် ဝင်ပွေ့ထားလေသည်။

"ထိုက် ... လေးလေးခေါ်နေတယ်လေ ထူးပါဦး ထိုက်ရဲ့ မင်း ခုလိုဖြစ်ရတာ လေးလေးကြောင့်ပါကွာ"

ထိုက် လက်ကလေးတစ်ဖက်က လှုပ်လာပြီး နှုတ်ခမ်းလေးက ပွင့်ဟလာသည်။

"ထိုက်"

"ရပ်ကြည့်မနေကြနဲ့လေ၊ ဆေးရုံပို့မှဖြစ်မှာပေါ့"

"ထိုက် ... ထိုက်"

ထိုက်က သူ့လက်ကို ဆုပ်ကိုင်လေ၏။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေပေမယ့် ဘာသံမှထွက်မလာ။





"လေးလေး မှားပါတယ်ကွာ၊ လေးလေး မင်းကို သိပ်ချစ်ပါတယ် ထိုက်ရယ်၊ ထိုက်"

သူ့လက်ကို ဆုပ်ထားတဲ့ ထိုက်လက်က တင်းခနဲဖြစ်ပြီးမှ တဖြည်းဖြည်း လျော့ရဲကာ လျော့ကျသွားလေတော့၏။ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းလေးတွေကလည်း မတုန်တော့ပေ။

"ထိုက်"

"..."

"လုပ်ကြပါဦးဗျာ၊ ကျွန်တော့်တူလေးကို ကယ်ကြပါဦး"

"ခင်ဗျားတူက အသက်မရှိတော့ဘူးဗျ"

"ဗျာ"

မိုးထက် ခေါင်းတခါခါနှင့် ထိုက်ကို ကျစ်နေအောင်ဖက်ကာ

"မဖြစ်နိုင်ဘူး၊ ထိုက် မသေရဘူး၊ ထိုက် ... ထိုက်"

"ဩော် ... သေပါပြီဆိုမှဗျာ"

ပြောတဲ့လူက စိတ်မရှည်သလို ခပ်ဆောင့်ဆောင့်။ ဘေးကတစ်ယောက်က ...

"မင်းကလည်းကွာ သူ့ခမျာ ပူဆွေးသောကရောက်နေတာကို"

"ကဲ ... ကောင်မလေးကို ဆေးရုံပို့ရအောင်ဟေ့"

www.burmeseclassic.com



"ကောင်လေးအလောင်းကို ဘယ်လိုလုပ်မှာလဲ"

"ကောင်မလေး အရေးကြီးနေတာကို"

မိုးထက် ဘယ်သူတွေ ဘာလုပ်လုပ် ဂရုမစိုက်နိုင်ပေ။ တူဖြစ်သူ၏အဖြစ်ဆိုးကြောင့် မဖြေနိုင်စွာ ရင်ထဲမှာ မီးလောင်၏။ ထိုက်မျက်နှာပေါ်မှာ ပါးချင်းကပ်ပြီး ငိုကြွေးနေတော့ သူ့ပါးပြင်မှာလည်း သွေးအလူးလူးနှင့်ပေါ့။

"ထိုက် ... မင်း လေးလေးကို တကယ်ခွဲသွားတော့မှာလားကွာ"

"ကဲ ... ညီလေး ငိုနေရုံနဲ့ မပြီးဘူးကွ၊ စိတ်ကို ဖြေလိုက်ပါတော့ကွာ"

"ကောင်လေးအလောင်းကို သယ်ဖို့ လာနေပြီ"

နောက်ဆုံး နှုတ်ဆက်ခြင်းအနေနှင့် မိုးထက်၊ သွေးအလူးလူးနှင့် ထိုက်ပါးပြင်လေးကို နမ်းလိုက်မိသည်။ အားဃာတတရားတွေက ထင်တာထက် ပိုပြီးမှုလောင်ပါလား။

"ထိုက်ရယ်"

ထိုက်အလောင်းကို သယ်သွားကြတော့ မိုးထက် မြေပြင်ကို လက်သီးနှင့် ထိုးချလိုက်တော့သည်။

❑ ❑ ❑



# အခန်း (၂၈)

နံရံပေါ်က ဗီနိုင်းပိုစတာကြီးကို စိုက်ကြည့်နေရင်း မိုးထက် ရင်ထဲမှာ မီးတွေလောင်နေသည်။ မျက်ရည်တို့ကလည်း ပါးပြင်ပေါ်မှာ အကြောင်းဆက်ပေါင်းဖက်နေကြတာ အတောမသတ်။ ဂစ်တာကို ဖိုက်ပြီး ရယ်နေတဲ့ ထိုက်ပုံစံလေးက တကယ့်ကို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းနေသည်။ ရယ်လိုက်တိုင်း သွားချွန်လေးတွေ ပေါ်လာတာကို သူ ဘီလူးလို့ စပြီးခေါ်တုန်းက ...

"လေးလေးက သူများချောတာ မနာလိုလို့ ပြောတာ" တဲ့။ ဘာမှအပြစ်မရှိတဲ့ မင်းကို လက်နက်မဲ့ သတ်ပစ်ခဲ့တာ လေးလေးပါ ထိုက်ရယ်။ မင်း လေးလေးကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"..."

"အစ်ကို"

"ဟင်"

မိုးထက် မျက်ရည်တွေကို သုတ်ပြီး လှည့်ကြည့်လိုက်တော့

"မြသား"

"မြသားကို ဝင်ခွင့်ပြုပါ အစ်ကို"

"ဝင်ပါ ... ဝင်ခဲ့ပါ"

မြသား ခြေထောက်တွေကို လှမ်းဝင်နေရင်း မျက်လုံးတွေက နံရံမှာကပ်ထားသည့် ပိုစတာကြီးကိုသာ စူးစိုက်လျက်။ ထိုက်ရဲ့ပုံစီ လေးဆိုတော့ ဘယ်လောက်ပဲကြည့်ကြည့် အလွမ်းပြေမှာ မဟုတ်ပေ။ ထိုက်ပုံရှေ့မှာ အကြာကြီးရပ်နေမိတဲ့ မြသား။

မိုးထက်နောက်ကနေ ကြည့်နေစဉ်မှာ ...

ကိုယ်လေးက သိမ့်ခနဲ သိမ့်ခနဲဖြစ်သွားသည်။ ကြေကွဲမှာ ငိုရှိုက်နေတာပဲဖြစ်မှာပေါ့။ အမေဆိုတာ စသိလိုက်ရချိန်မှာ အဲဒီအမေ က မျက်စိရှေ့မှာတင် သေဆုံးသွားခဲ့တာလေ။ အစ်ကိုရှိပါလား သိရ ပြန်တော့ အဲဒီအစ်ကိုက သူမအပေါ် ယုတ်မာဖို့ ကြိုးစားခဲ့သူ။

မောင်မှန်း နှမမှန်း မသိရခင်က မောင်ဖြစ်သူနဲ့ ချစ်ခင်ကြင်





နာယုယခွင့်ရခဲ့ပေမယ့် မမရယ်၊ မောင်ရယ်ဖြစ်မှန်း သိရလို့ ပိုတိုးပြီး ပိုကြင်နာခွင့်ရမည့်အချိန်ကျမှ ကံကြမ္မာက မောင်ဖြစ်သူကို သတ်ပစ် လိုက်ပြန်သည်။ ဒီလောက် ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ဘဝထဲ မှာ အသည်းမခိုင်ရင် ရူးသွားနိုင်ဖွယ်။

"အစ်ကို"

မြသားက သူ့ဘက်သို့ ပြန်လှည့်လာပြီး ခေါ်လေ၏။

"မြသား"

"ထိုက်ရဲ့ဒီပုံလေးကို မြသားကို ပေးပါလားဟင်၊ မြသားရဲ့ အခန်းထဲမှာ ကပ်ထားပြီး လွမ်းချင်လို့ပါ"

"ဒီပုံကိုတော့ မယူပါနဲ့ မြသားရယ်၊ ဒီပုံက ထိုက်ကို မွေးနေ့ လက်ဆောင်အဖြစ် ကိုယ်ပေးထားခဲ့တဲ့ ပုံမို့လို့ပါ"

"ဪ"

"မြသား လိုချင်ရင် ဒီပုံရဲ့မူရင်းဓာတ်ပုံ ကိုယ့်မှာရှိတယ်၊ ကိုယ် နောက်တစ်ပုံ ကူးပေးပါ့မယ်"

"ဒါဆို မူရင်းဓာတ်ပုံကိုပဲပေးပါ အစ်ကိုရယ်၊ မြသား ဘာသာပဲ ကူးလိုက်ပါ့မယ်"

"ဒါဆို ခဏစောင့်နော်၊ အစ်ကို သွားယူလိုက်ဦးမယ်"

မြသားရဲ့မျက်နှာလေးက နံရံဘက်ကို ပြန်လှည့်သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ခပ်မော့မော့လေး ရှိနေသည်။ စတွေ့လိုက်ကတည်းက သွေးဆော စကားပြောလို့ ချစ်ခဲ့ရတဲ့ မောင်လေး။ မြသားဘဝမှာ မွေးချင်းမရှိလို့ အထီးကျန်ဆန်နေခဲ့တာပါ။ ထိုက်နဲ့တွေ့တော့မှ စိုပြေလာခဲ့တာလေး။ မမဆိုတာ ပါးစပ်ဖျားက မချအောင် ခေါ်ခဲ့တာ။ ကံကြမ္မာက ရက်စက်စွာ တကွဲတပြားစီ ခွဲထားပေမယ့် ...

ကံကောင်းခြင်းလက်ဆောင်တစ်ခုတော့ အဆိုးထဲကနေ ပေးခဲ့ပါသေးတယ်။ အဲဒါက မောင်နှမမှန်းမသိပေမယ့် တစ်မိုးအောက်မှာ အတူနေခွင့်ရခဲ့တာလေ။ ချစ်ခင်ကြင်နာခွင့်တွေလည်း ရခဲ့ပါသေးတယ်။ အဲဒီအထဲကပဲ ဖွေဖောက်လာချင်တော့ မောင်နှမမှန်းသိကြမှ ခွဲပစ်လိုက်တာ ရက်ရက်စက်စက်။

"အစ်ကို မိုးထက်"

"ဗြော် ... မမ"

"အစ်ကိုမိုးထက်ရော"

"လေးလေး ရေချိုးနေတယ် မမရဲ့၊ ဘာခိုင်းစရာရှိလို့လဲ မသိဘူး။ လေးလေးကိုယ်စား ကျွန်တော် လုပ်ပေးပါ့မယ် မမ"

"ခိုင်းစရာရှိလို့ မဟုတ်ဘူး ထိုက်ရဲ့၊ ထမင်းစားဖို့ လာခေါ်တာပါ"

"လေးလေးတစ်ယောက်တည်းကို ခေါ်တာလား။ ကျွန်တော်





မပါဘူးလား မမ"

"နှစ်ယောက်စလုံးကို ခေါ်တာလေ"

ထိုက်အသံလေးကို ကြားယောင်ပြီး ထိုက်ပုံရိပ်ကလေးတွေက မျက်ဝန်းထဲမှာ စွဲငြိနေ၏။ စပြီး ခင်မင်ခဲ့ကြကတည်းက မြသားတို့ နောက်ခြင်း၊ ပြောင်ခြင်းများနှင့် တရင်းတနှီး ဆက်ဆံခဲ့တာပါ။

"မမက နှေးလိုက်တာဗျာ၊ မြန်မြန်လာပါ မမရဲ့"

"ဘာလဲ ... မင်း ဗိုက်ဆာနေပြီလား"

"မမတို့နဲ့ ထမင်းအတူစားရမယ်ဆိုတာနဲ့ အပျော်လွန်ပြီး ဗိုက်က"

"ပြည့်သွားတာလား"

"အဟဲ ... ဆာလာတာ မမရဲ့"

ဗြော် ... မောင်လေးရယ် ... လို့ ညည်းတွားရင်း မျက်ဝန်းတွေကို မှိတ်ချလိုက်တာနှင့် မျက်ရည်ဥတို့က လိမ့်ဆင်းလာသည်။

မောင်လေးရယ် ...

အခုချိန်မှာ မင်းကို အသက်ပြန်သွင်းလို့ရမယ်ဆိုရင် လူအယောက် ၁၀၀ သတ်ပြီး အသက်ချင်း လဲရမယ်ဆိုလည်း မမ မိုက်မဲစွာပဲ လူ ၁၀၀ ကို သတ်လိုက်မိမှာပါ။

"မြသား"



www.burmeseclassic.com

www.burmeseclassic.com



"..."

"မြသား"

"အစ်ကို"

မိုးထက်က မြသားလက်ကလေးကို ဆွဲယူပြီး ထိုက်ဓာတ်ပုံလေးကို ထည့်ပေးလိုက်သည်။ မြသားရဲ့လက်ကလေးတွေ တဆတ်ဆတ် တုန်နေ၏။

"ကျေး ... ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"မြသား"

"ရှင်"

"မင်း ကိုယ့်ဆီကိုလာတာ ကိစ္စရှိလို့လား"

မြသား သူ့ကိုမော့ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"ဖေဖေက အစ်ကိုနဲ့တွေ့ချင်တယ်ဆိုလို့ မြသားကိုယ်တိုင်လာခေါ်တာပါ"

"ဘာအတွက်တွေ့ချင်တာလဲ"

"အဲဒါတော့ မြသားမသိဘူး အစ်ကို၊ မြသားမေးတော့လည်း ဖေဖေက မပြောဘူး"

"ကောင်းပြီလေ ... ကိုယ် လာခဲ့ပါ့မယ်"

"ဒါဆို မြသား ပြန်တော့မယ်နော်"



သူ ခေါင်းမညိတ်လို့လားမသိ။ မြသားက ထွက်မသွားသေးဘဲ သူ့ကိုကြည့်နေတဲ့ မျက်လုံးတွေက ရီဝေဝေ။

သူတို့နှစ်ယောက်ရဲ့အဖြစ်က ...

အချစ်ခန်းတွေမစုံခင် အလွမ်းနဲ့ဇာတ်သိမ်းရတော့မည့်အဖြစ်ပါ။ အသည်းနင့်အောင်ချစ်ပေမယ့် အမဲပစ်မုဆိုးလို၊ ကိုယ့်ထောင်ချောက်နဲ့ကိုယ် ပြန်မိခံရအောင် လမ်းရွေးမှားခဲ့သူက မိုးထက်။ ဘယ်လောက်ရှည်မှန်းမသိတဲ့ အာဃာတကြိုးကို ကိုယ်ကိုယ်တိုင်ဖြတ်ပြီး ကိုယ်ကို ပြန်ပတ်တုတ်နှောင်ကာ ဒဏ်ခတ်ဖို့ သူ ဆုံးဖြတ်ပြီးပါပြီ။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို သူလုပ်ရတော့မည်လေ။ ပိုးအိမ်လွယ်ထားတဲ့ ထိုက်ရဲ့ရင်သွေးလေးကို သူ ထိုက်ကိုယ်ပွားလေးအဖြစ် စောင့်ရှောက်ရဦးမည်။

ပြီးတော့ ...

ဘုမသိ ဘမသိနဲ့ ဓားစာခံဖြစ်ခဲ့ရတဲ့ ပိုးအိမ်ကို ဒုတိယနန်းထိုက်သူ မဖြစ်စေချင်။ ထိုက်ရင်သွေးလေးကို ထိုက်လို ဖအေမပေါ်ဘဲ မွေးခဲ့ရတဲ့အဖြစ်မျိုး အရောက်မခံနိုင်။ နှမချင်းစာနာစိတ်အပါအဝင် အကြောင်းကြောင်းတွေထောက်ပြီး သူ ပိုးအိမ်ကို လက်ထပ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ။

"မြသား"

www.burmeseclassic.com

www.burmeseclassic.com



သူ မြသားလက်ကလေးကို ဆုပ်ကိုင်နမ်းရှိုက်လိုက်၏။

"ကိုယ့်ကို ခွင့်လွှတ်ပါ မြသားရယ်"

"ရှင်"

"ကိုယ့်ကို ခွင့်လွှတ်ပါနော်"

'အစ်ကိုက မြသားပေါ် ဘာမှားလို့ မြသားက ခွင့်လွှတ်ရမှာလဲ အစ်ကို"

"ကိုယ်လေ"

ပြောမထွက်တဲ့စကားကိုပဲ မြသားက နားလည်စွာ ပြုံးရင်း

"မြသား အစ်ကို့ကို နားလည်ပါတယ်"

"ကိုယ် ရင်ခွဲပြီး ပြလို့ရရင် မြသားကို ရင်ခွဲပြီး ပြလိုက်ချင်ပါတယ်"

"ဘာကိုလဲဟင်"

"မြသားကို ချစ်တဲ့ ကိုယ့်ရင်ထဲက အချစ်တွေကိုပေါ့"

"အစ်ကိုရယ်"

"ကိုယ် မြသားကို အရမ်းချစ်တယ်၊ တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါ"

"မြသား ယုံပါတယ် အစ်ကို"

"ဒါပေမဲ့ မြသားရယ်"





မြသား သူ့မလက်ကို ကိုင်ထားတဲ့ မိုးထက်လက်ပေါ်ကို ထပ်အုပ်လိုက်၏။ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်းများစွာနှင့်ပါ။ သူနဲ့ ကိုယ့်ရဲ့ချစ်ခရီးလမ်းက သာယာဖြောင့်ဖြူးနေမယ်ဆိုရင် လွမ်းပြီ ဆွေးပြီဖို့မှ မလိုပဲလေ။

"အစ်ကို ပိုးအိမ်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ မဟုတ်လား"

ကိုယ် ဘယ်လိုခွန်အားမျိုးနဲ့ ဖြေရမှာလဲ မြသားရယ်။

"ဆုံးဖြတ်မထားဘူးဆိုရင်လည်း ဆုံးဖြတ်လိုက်ပါ အစ်ကို၊ အခုအချိန်မှာ မြသားတို့ထက် ပိုတဲ့ကြေကွဲဝမ်းနည်းမှုတွေအလယ်မှာ သောကတွေ ဒုက္ခတွေ ဖိစီးသမျှ ရင်စည်းခံနေရတာ ပိုးအိမ်ပါ၊ ဒါကြောင့် သူ့ဘေးမှာ အားပေးကူညီဖော်အဖြစ် အရှိသင့်ဆုံးလူက အစ်ကိုပါ"

"ကိုယ် ဆုံးဖြတ်ထားပါတယ်၊ ထိုက်ရင်သွေးလေးကို ဘယ်လိုအကြောင်းနဲ့မှ ကိုယ် မျက်နှာမငယ်စေချင်ဘူး မြသား"

"မြသား ဝမ်းသာပါတယ် အစ်ကို၊ မောင်လေးရဲ့ရင်သွေးအတွက် မြသား အစ်ကို့ကို စွန့်လွှတ်ဖို့ ခွန်အားတွေ မွေးထားပြီးသားပါ"

ယောကျ်ား မျက်ရည်ကျရမလားဆိုပြီး ကျောကော့အောင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သူရှိလျှင် မိုးထက်ကျောမှာ ဒဏ်ရာချင်းထပ်နေလောက်ပြီပေါ့။ စွန့်လွှတ်ဖို့တွေ ခွဲခွာဖို့တွေက သူ့အတွက် လောကကြီးကပေးတဲ့ သီးသန့်လက်ဆောင်လား။

"မြသား"

"ပြောပါ အစ်ကို"

"မြသား အစ်ကို့ကို မမုန်းပါနဲ့နော်"

"ဘာလို့မုန်းရမှာလဲ အစ်ကိုရယ်၊ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ရွေးချယ်ဆုံးဖြတ်နိုင်တဲ့ အစ်ကို့ကို လေးစားခြင်းနဲ့ ပိုလို့တောင် ချစ်မိပါသေးတယ်"

"ဒါဆို တို့တွေ သူငယ်ချင်းလို ဆက်ပြီး ချစ်ခွင့်ရှိတာပေါ့နော်"

သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည် ခိုင် ဆိုတာမျိုးပါလား။ မြသား မျက်ရည်ထပ်မကျမိအောင် မျက်တောင်တွေကို ပုတ်ခတ်ထိန်းရင်း ဟန်ဆောင်ကာ ပြုံးလိုက်သည်။ နောက်တော့ အသံထွက်အောင်ပင် ရယ်မိ၏။ အိပ်ချင်ယောင်ဆောင်တဲ့လူက အနှိုးရခက်သလို ငိုချင်ယောင်ဆောင်တဲ့လူက ပိုအချော့ရခက်တာပဲလေ။ ရယ်ချင်ယောင်ဆောင်တဲ့လူလည်း ဒီလိုပဲပေါ့။

ဟန်ဆောင်ခြင်းက ယုံကြည်အောင် လိုတာထက်ပိုလုပ်





ပြတတ်ကြလေသဖြင့် သမရိုးကျကို သာလွန်နေမည်မှာ အမှန်။

"ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ကြပဲ အစ်ကို၊ သူရယ် ကိုယ်ရယ် မခွဲနိုင်မခွာနိုင်နဲ့ အကြောင်းဆက် ပေါင်းဖက်ကြမှ အချစ်လို့ ခေါ်တာမဟုတ်ပါဘူး။ နှလုံးသားချင်း နီးစပ်နားလည်နေတာလည်း အချစ်ပဲ မဟုတ်လား"

"မြသားရယ်"

ဒီလိုစိတ်ထားပြည့်ဝနှလုံးလှတဲ့ မိန်းကလေးနဲ့ စောစောစီးကသာ တွေ့ခဲ့ရင် မိုးထက် ဒီလိုတွေလုပ်ဖြစ်မှာ မဟုတ်သလို ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့လည်း ကြုံရမှာမဟုတ်ပေ။

"အစ်ကို"

"ဟင်"

"မြသားကို အခွင့်အရေးတစ်ခုတော့ ပေးပါနော်"

"ဘာများလဲ မြသားရယ်"

"တစ်ကြိမ်တစ်ခါမှ မပြုဖူးသေးတဲ့ နှုတ်ဆက်ခြင်းမျိုးနဲ့ အစ်ကို့ကို မြသား နှုတ်ဆက်ပါရစေ"

မြသား ရှေ့တိုးလာပြီး သူ့ပခုံးကို ကိုင်လိုက်သည်နှင့် မိုးထက် သဘောပေါက်သွားသည်။ ခြေဖျားလေးထောက်လိုက်သည်နှင့် မြင့်တက်လာတဲ့ မြသားမျက်နှာပေါ်က ပါးပြင်လေးကို သူ့လက် အရင်



www.burmeseclassic.com

www.burmeseclassic.com



ညင်သာစွာ နမ်းရှိုက်လိုက်၏။ ဒါမှ သူ တရားမျှတမည် မဟုတ်လား။

မြသားအလှည့်ကိုရောက်တော့ ...

မိုးထက် မျက်လုံးကို မှိတ်လိုက်သည်။ သူ့မျက်နှာဆီသို့ ဘာထိတွေ့မှုမှ ရောက်မလာခင် ရှိုက်သံလိုလိုအသံက သူ့နှလုံးသားကို နာကျင်စေပါသည်။ ငိုခွင့်ရှိတုန်း ငိုရတာမို့ မငိုပါနဲ့လို့ မနှစ်သိမ့်တော့ပါဘူးလေ။

ပါးပြင်ဆီမှာ နွေးခနဲဖြစ်သွားပြီးနောက် ...

ပြေးထွက်သွားတဲ့ မြသားရဲ့ခြေသံတွေကို ကြားရပါသည်။ မျက်လုံးကို ဖွင့်ပြီးလိုက်မကြည့်ခြင်းဟာ ဝေဒနာတွေနဲ့ လိမ်းကျံနေတဲ့ မြသားအဖြစ်ကို မမြင်ရက်တော့လို့ပါ မြသားရယ်။ ကိုယ့်စိတ်တွေ မယိမ်းယိုင်အောင် မနည်းကြိုးစားပြီး ကူးခတ်ထားရတဲ့ ကိုယ့်နှလုံးသားတွေ ရုန်းရင်းဆန်ခတ် မဖြစ်ခင် မင်းသွားပါတော့။

သွားတော့ အချစ်ရေ ...

လူချင်းမပေါင်းရပေမယ့် နှလုံးသားချင်း ပေါင်းစည်းနေကြမယ်လို့ ပြောတဲ့မင်းစကားကို ကိုယ့်နှလုံးသားရဲ့ဗဟိုတည့်တည့်မှာ ထာဝရသိမ်းဆည်းသတိရနေပါ့မယ်။

❑❑❑



## အခန်း (၂၉)

"မင်းရဲ့ဆုံးဖြတ်ချက်က မှန်ကန်ပါတယ် မောင်မိုးထက်"

ဧည့်ခန်းထဲမှာ ဦးထက်ခေါင်၏ဆန္ဒအရ လူစုံတက်စုံ ရှိနေကြသည်။ ဦးထွဋ်ခေါင်နဲ့ဒေါ်လှဲ့ရည်၊ မြသားရော ပိုးအိမ်ပါ မိုးထက်အပါအဝင် အားလုံး ဦးထက်ခေါင်ပြောသမျှ နားထောင်ပေးဖို့ ခေါင်းငုံ့ကာ ငြိမ်သက်နေကြသည်။

"တကယ်ဆိုရင် မင်း မြသားကို ဖွတ်လက်ထပ်မယ်ဆိုရသားပဲ၊ ဘယ်သူ့မျက်နှာကိုမှ မငဲ့ရင်ပေါ့လေ၊ တို့ကလည်း ချစ်တဲ့သူချင်းပဲ ပေါင်းစေချင်ကြတာပါ၊ လူတွေရဲ့သဘောတရားက ဇာတ်လမ်းထဲမှာတောင် မင်းသားနဲ့ မင်းသမီးပေါင်းမှ ကြိုက်ကြတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

"အခုက ဇာတ်လမ်းမှမဟုတ်ဘဲ ဦးရယ်၊ တကယ့်လက်တွေ့ဘဝမှာ ချစ်သူတိုင်း မပေါင်းကြရပါဘူး။ ကျွန်တော် ကိုယ်ဖြစ်ချင်တဲ့ဆန္ဒထက် ဖြစ်သင့်တာကို ရွေးချယ်လိုက်တာပါ။ ထိုက်ရဲ့ရင်သွေးက ကျွန်တော့်ရင်သွေးပဲပေါ့"

"ကိုမိုးထက်ရဲ့ဆုံးဖြတ်ချက်ကို ပိုးအိမ် လက်မခံဘူး ကိုမိုးထက်"

"ဟင်"

"သမီး"

ပိုးအိမ် ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ခေါင်းငုံ့ထားလိုက်သည်။ အချစ်ကို ယုံစားပြီး ဘဝပုံပေးလိုက်မိတဲ့ ကိုယ့်အပြစ်တွေအတွက် ဘယ်သူ့ကိုမှ မှုဝေပြီး မခံစားစေချင်။ ကိုယ့်ချစ်သူနဲ့ မပေါင်းရတိုင်း သူများချစ်သူတွေကို ကိုယ့်ကြောင့် မလွဲစေချင်တာပါ။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပဲပေါ့။

"ပိုး ဘယ်သူ့ကိုမှ ဒုက္ခမပေးပါရစေနဲ့၊ ပိုး အေါလေးနဲ့ပဲ ပြန်လိုက်သွားပါတော့မယ်"

"ဖေဖေ ခွင့်မပြုနိုင်ဘူး သမီး"

"ရှင်"





"အရင်းကိုတွေ့လို့ အဖျားကို စွန့်ပစ်ချင်တဲ့စိတ်မျိုး ဖေဖေ့မှာ လုံးဝမရှိဘူး သမီး၊ မြသားနဲ့ပိုးအိမ် နှစ်ယောက်စလုံးက ဖေဖေ့သမီးတွေပါပဲ၊ ပြီးတော့ သမီးလွှယ်ထားရတဲ့ ဖေဖေ့မြေးလေးအပေါ်မှာ ဖေဖေ တာဝန်ကျေပါရစေ သမီးရယ်"

ဦးထက်ခေါင်၏အသံက တုန်ခါနေသည်။ သူ သားလေး ထိုက်အပေါ်မှာ ဖခင်တာဝန်မကျေခဲ့ဘူးလေ။ သားလို့ သိလိုက်ရချိန်လေးမှာပဲ သားက သူ့ဘဝထဲကနေ ထွက်သွားတာ ပစ်ပစ်ခါခါ။ ကြင်နာယုယခွင့်မရ၊ ဖေးမကူညီခွင့်မရ။ အမိပ္ပာယ်မရှိတော့တဲ့ဘဝကို ပြန်လည်အသက်သွင်းပေးမည့်သူက ပိုးအိမ်ဗိုက်ထဲက သားရဲ့ရင်သွေးလေးပါ။

သားရဲ့ကိုယ်ပွားလေးကို ဦးထက်ခေါင် တတ်နိုင်သလောက် ပေးဆပ်ပြီး ချစ်ပြချင်၏။

"ကိုယ်လည်း ဦးထက်အတိုင်းပဲ ပိုးအိမ်၊ ထိုက်ရင်သွေးလေးကို သူ့အဖေလို မိဘမဲ့ဘဝမျိုးကို ကိုယ် အရောက်မခံနိုင်ဘူး"

"ဟုတ်ပါတယ် ပိုးအိမ်ရယ်၊ ထိုက်ရင်သွေးလေးက တို့အားလုံးရဲ့အနာဂတ်ပါ"

"လဲ့ရည်လည်း သူ့ဇာတိကို မပြန်ရဘူး။ ထွဋ်ခေါင်နဲ့ လက်ထပ်ပေးဖို့ ဖေဖေ စီစဉ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟင်"

ဒေါ်လှဲ့ရည် ခေါင်းတခါခါဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး၊ ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ လှဲ့ရည်၊ ကိုယ် နောင်တတွေ ရနေပါပြီကွာ၊ မင်းနဲ့လက်ထပ်ပြီး ကိုယ် တည်တည်ငြိမ်ငြိမ်နဲ့ ဘဝသစ်တစ်ခုတည်ထောင်ဖို့ ဆုံးဖြတ်ပြီး ဖေဖေ့ကို စီစဉ်ခိုင်းရတာပါ"

"ငြင်းဖို့တော့ မကြိုးစားနဲ့ လှဲ့ရည်၊ ထွဋ်ခေါင်ကြောင့် အညွန့်ကျိုးခဲ့ရတဲ့ မင်းဘဝကို ထွဋ်ခေါင်ကပဲ ပြန်ပျိုးထောင်ပြီး မြှုတ်ပါလိမ့်မယ်"

ဒေါ်လှဲ့ရည် ဘာမှဆက်မပြောတော့ပေ။ ဦးထက်ခေါင်ရဲ့ စီစဉ်မှုတွေကို မလွန်ဆန်ရဲတာထက် သူမကိုယ်တိုင်က အခြေကျတဲ့ ဘဝတစ်ခုကို ထူထောင်ချင်တာပါ။

"ဦး"

"ဟေ"

"ကျွန်တော် ပိုးအိမ်ကို တစ်ခါတည်း ခေါ်သွားလိုက်တော့မယ်နော်"

"အေး ... အေး ... ခေါ်သွားပေါ့ကွာ"





ပိုးအိမ်က မြသားကို အားနာစွာ ကြည့်လေလျှင် ...

"လိုက်သွားလိုက်ပါ ပိုးအိမ်၊ နင် ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်မှာပါ"

"နင့်ကို ငါ ကျေးဇူးတင်ပါတယ် မြသားရယ်"

မြသားရဲ့နှုတ်ခမ်းပေါ်မှာ အပြုံးလှဲ့လှဲ့လေးနှင့်ပါ။ စိတ်ထားဖြူစင်သဘောထားပြည့်ဝတဲ့ မိန်းကလေးကို အခဲ့ရှုံ့ခံပြီး သူမဘဝကို ကာကွယ်စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်လိုက်တဲ့ အစ်ကိုမိုးထက်ကိုလည်း ပိုးအိမ် ကျေးဇူးတင်ပါသည်။

"ပိုးအိမ်"

"ရှင်"

"ကိုယ်တို့ သွားကြရအောင်"

ပိုးအိမ် ထရပ်ပြီး ကမ်းပေးတဲ့ မိုးထက်လက်ကို ဆုပ်ကိုင်လေ၏။

"မြသား"

"..."

"ကိုယ်တို့ သွားတော့မယ်နော်"

"ကောင်းပါပြီ"

မိုးထက် နှုတ်ဆက်ပြီးတာနှင့် လေးတွဲ့သော ခြေလှမ်းတို့နှင့်

www.burmeseclassic.com



ထွက်ခွာလာခဲ့တော့သည်။ ကိုယ့်ကို နားလည်ခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မြသားရယ်။ ချစ်ခဲ့တာတွေ မမေ့နိုင်ပေမယ့် အခြေအနေနဲ့ အချိန်အခါက ကိုယ်တို့နှစ်ယောက်ကို ပေါင်းစည်းခွင့်မှ မပေးခဲ့ပဲ။

အဖြူရောင်မေတ္တာတွေ မြှုလွှမ်းထားတဲ့ အမုန်းမဲ့မေတ္တာ ကမ္ဘာလေးထဲမှာ ကိုယ်တို့တွေ သူငယ်ချင်းလို ဆက်ချစ်ကြပါစို့ မြသားရယ်။

အချစ်ဆိုတာ . . .

တစ်ခါတစ်ရံ ကာရန်တွေ လက်မှိုင်းချရလောက်အောင် ချိုမြိန်ပေမယ့် တစ်ခါတလေ ဘာတွေ ဘယ်လိုငြိုးမာန်ဖွဲ့မုန်းမသိရ လောက်အောင် ရက်စက်တတ်ခြင်းမှာ . . .

အချစ်က ခါးသက်ခြင်းနှင့် သနွှေတည်လို့ရယ်ပေါ့။

**ချစ်သူတိုင်း ပေါင်းစည်းခွင့်ကြုံနိုင်ကြပါစေ . . .**

**မိုးစက်ပွင့်**

**၂၆–၄–၁၃**



**၂၀၁၅**

**ရှုလိုင်းတွင် စတင်နိုင်ပါပြီ**

# မမသဒ္ဒါမောင်

အိပ်မက်တွေ ပြန်မက်ခွင့်ပေးလှည့်ပါ

# ကြယ်စင်မှူးဝေ

ပန်းကလေး၏ ကောင်းကင်

# မိုးစက်ပွင့်

အာယာတကြိုး

# အလင်းသစ်

လမ်း

# ခေတ်ပျိုဖြူ

ဗိုလ်မ

# လှိုင်းကြာဖြူ (လားရှိုး)

ဤမှန်သောသစ္စာကြောင့်

www.burmeseclassic.com